# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် (၁၄)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (23-7-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၈၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏လူမှုစီးပွားဘဝမြင့်မားရေးဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ဇူလိုင် ၂၇ ရက် (တနင်္ဂနွေနေ့)တွင် ထုတ်ပြန်ကြေညာမည်

၁။ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ဇူလိုင် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီ၌ ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၂။ အဆိုပါအောင်စာရင်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ စာစစ်ဌာနကျောင်းများတွင် တစ်ချိန်တည်းကပ်ထားမည်ဖြစ်ပါသည်။

၃။ အောင်စာရင်းထုတ်ပြန်မည့် ဇူလိုင် ၂၇ ရက် နံနက် ၄ နာရီတွင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Websiteဖြစ်သော www.myanmarexam.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ထားပါသည်။

၄။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို Website မှ အသိပေးထုတ်ပြန်ကြေညာပေးမည့်အပြင် ဝေးလံသောဒေသများရှိ စာစစ်ဌာနများနှင့် အင်တာနက်အဆက်အသွယ် ကောင်းစွာမရရှိသည့် စာစစ်ဌာနများ၏အောင်စာရင်းများကို မြန်မာ့အသံရေဒီယိုအစီအစဉ်မှလည်း အောင်စာရင်းထွက်သည့်နေ့တွင် ကြေညာပေးပါမည်။

၅။ မိဘပြည်သူများ သက်ဆိုင်ရာစာစစ်ဌာနများ၌ အောင်စာရင်းကြည့်ရှုရန် လာရောက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် ပန်ကြားအပ်ပါသည်။

၆။ အောင်စာရင်းနှင့်ပတ်သက်၍ မရှင်းလင်းသည်များရှိပါက မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ဖုန်းနံပါတ် ၀၁-၆၅၃၅၀၉ သို့ အောင်စာရင်းထုတ်ပြန်ကြေညာမည့် ဇူလိုင် ၂၇ ရက် (တနင်္ဂနွေနေ့)တွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပညာရေးဝန်ကြီးဌာန

## ယာယီနေရပ်စွန့်ခွာရာမှ နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ထုတ်ပေးလျက်ရှိ



နေပြည်တော် ဇူလိုင် ၂၂


နောင်ချိုမြို့ကို တပ်မတော်က အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ယာယီနေရပ်စွန့်ခွာနေကြသည့် နောင်ချိုမြို့မှ ဒေသခံတိုင်းရင်းသားပြည်သူများသည် ၎င်းတို့၏ နေရပ်ဒေသများသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြရာ ၎င်းတို့ ယာယီနေရပ်စွန့်ခွာစဉ် ပျောက်ဆုံး၊ ပျက်စီးသွားသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို

စာမျက်နှာ ၁၆ ကော်လံ ၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နောင်ချိုမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ယာယီနေရပ်စွန့်ခွာရာမှ နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံတိုင်းရင်းသားပြည်သူများကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

**နောင်ချိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်စတင်လက်ခံ၊ နောင်ချိုမြို့ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်**

စာမျက်နှာ- ၁၇

ရတနာပုံ
၂၀၂၅ ခုနှစ် ဇူလိုင် ၂၃ ရက်
အယ်ဒီတာ့အာဘော်

# ဝဇီရာရုပ်ရှင်ရုံ ရှေးမူမပျက်အဆင့်မြှင့်တင် တည်ဆောက်နိုင်ရေး

ဝဇီရာရုပ်ရှင်ရုံသည် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် (၃၂၇) တွင် တည်ရှိပါသည်။ ဝဇီရာရုပ်ရှင်ရုံကို ၁၉၂၃ ခုနှစ်ခန့်က တည်ဆောက်ခဲ့ပြီး ၁၆ ရာစုမှ ၁၈ ရာစုအတွင်း ရှိ ဗိသုကာအသွင်အပြင်များပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံများ၊ ရုပ်လုံးရုပ်ကြွများ ဖြင့်တန်ဆာဆင်ကာ တည်ဆောက်ခဲ့သည့် ရှေးဟောင်းရုပ်ရှင်ရုံတစ်ရုံဖြစ်သည်။ ထိုသို့ ရှေးခေတ် လက်ရာများဖြင့် အနုစိတ်ပုံဖော်တည်ဆောက်ထားသည့် ဝဇီရာရုပ်ရှင်ရုံသည် မြန်မာ့ရုပ်ရှင်သမိုင်း အတွက် ဂုဏ်ယူထိန်းသိမ်းထားရမည့် အဆောက်အအုံကြီးတစ်ခုပင်ဖြစ်ပါသည်။

ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များစွာက ဝဇီရာရုပ်ရှင်ရုံကြီးတွင် ရုပ်ရှင်ဇာတ်ကားများ၊ ပြဇာတ် များကို ပြည်သူများအပန်းဖြေ၊ ပျော်ရွှင်စေရန် တင်ဆက်ပြသခဲ့သဖြင့် အဆိုပါရုပ်ရှင်ရုံသည် အနုပညာ စိတ်ဝိညာဉ်များ ဆုံစည်းရာနေရာတစ်ခုလည်းဖြစ်ပါသည်။

ယခုအခါ ဝဇီရာရုပ်ရှင်ရုံကို နိုင်ငံတော်အစိုးရက ဂုဏ်ပြုခံကဇာတ်ရုံကြီး(Red Carpet Theatre) အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန်စီစဉ်လျက်ရှိပါသည်။ ဝဇီရာရုပ်ရှင်ရုံကို နိုင်ငံတကာအဆင့်မီသည့် ရုပ်ရှင်ရုံတစ်ခုအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ရုပ်ရှင်ရုံအဖြစ်သာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများ၊ သင်တန်းများ၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့် နေရာများအဖြစ်ပါ အမျိုးမျိုး အသုံးပြုနိုင်မည်ဖြစ်ပါသည်။

ဝဇီရာရုပ်ရှင်ရုံကြီးကို ရှေးမူမပျက်အဆင့်မြှင့်တင်ရာ၌ အရေးကြီးသည်မှာ ရုပ်ရှင်ရုံ၏ ယခင်မူလ မှတ်တမ်းဓာတ်ပုံများကို ပြန်လည်စုဆောင်းခြင်းဖြစ်ပါသည်။ ထိုသို့ ပြန်လည်စုဆောင်းရရှိလာမည့် ယခင်မူလမှတ်တမ်းဓာတ်ပုံများကိုအခြေခံ၍ ယခင်ပုံစံအတိုင်း မူလလက်ရာမပျက်စေဘဲ စနစ်တကျ ဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့သို့ ရှေးမူမပျက် အဆင့်မြှင့်တင်ရေးအတွက် ယခင်ရုပ်ရှင်ရုံကြီး၏ မူလမှတ်တမ်းဓာတ်ပုံများဖြစ်သော ၎င်းရုပ်ရှင်ရုံနှင့်ပတ်သက်သည့် အဆောက် အအုံဆိုင်ရာအချက်အလက်များ၊ ပုံစံကားချပ်များ၊ ဖျော်ဖြေတင်ဆင်မှုနှင့် ကြည့်ရှုအားပေးမှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများရရှိရေးသည် အရေးကြီးပါသည်။

အဆိုပါမှတ်တမ်းမှတ်ရာဓာတ်ပုံများသည် နှစ်ပေါင်း ၁၀၀ မက သမိုင်းကြောင်းနှင့် အခြေခံကောင်း များရှိနှင့်ပြီးသော မြန်မာ့ရုပ်ရှင်သမိုင်းအတွက်လည်း တစ်ထောင့်တစ်နေရာက အထောက်အကူပြုလျက် ရှိမည်ဖြစ်ပါသည်။ ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် ရှားပါးမှတ်တမ်းမှတ်ရာများကို နိုင်ငံတော်သို့ လှူဒါန်းခြင်းဖြင့် မိမိတို့၏ ယဉ်ကျေးမှုအနုပညာဆိုင်ရာအမွေအနှစ်များ မပျောက်ပျက်အောင်ဆောင် ရွက်ရာလည်းရောက်သကဲ့သို့ တိုင်းပြည်အတွက်တန်ဖိုးမဖြတ်နိုင်သည့် မှတ်တမ်းမှတ်ရာများကို အခြား သူများလည်း တွေ့မြင်သိရှိပါက မိမိနိုင်ငံ၏ ယဉ်ကျေးမှုအနုပညာများအပေါ် တန်ဖိုးထားစိတ်၊ နိုင်ငံချစ်စိတ်များ တိုးပွားလာကြမည်လည်းဖြစ်သည်။

သို့ဖြစ်ပါ၍ မြန်မာ့ရုပ်ရှင်သမိုင်းအတွက် ဂုဏ်ယူထိန်းသိမ်းထားရမည့် အဆောက်အအုံကြီးဖြစ်သော ဝဇီရာရုပ်ရှင်ရုံကြီးကို ရှေးမူမပျက်ထိန်းသိမ်းနိုင်ရေးအတွက် ပြည်သူများအနေဖြင့် မိမိတို့သိမ်းဆည်း ထားသော ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် ယခင်မူလမှတ်တမ်းဓာတ်ပုံများကို မူရင်းဖြစ်စေ၊ မိတ္တူ ပွား၍ဖြစ်စေ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ဆက်သွယ်လှူဒါန်းစေလိုပါကြောင်း တိုက်တွန်းနှိုးဆော်ရေးသားအပ်ပါသည်။

# ဝမ်းတွင်းမြို့နယ် ကြွယ်ကန်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝမ်းတွင်း ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြွယ်ကန်ကျေးရွာအုပ်စု ကြွယ်ကန်ကျေးရွာ၌ ကျေးရွာမတည် စီမံကိန်းရန်ပုံငွေ (VRFP) ထုတ်ချေးခြင်းကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကျေးရွာမတည်စီမံကိန်း ဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျှော့ချနိုင်စေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြား မိသားစုဝင်ငွေတိုး စီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေ ရန် ရည်ရွယ်၍ အကောင်အထည် ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကျေးရွာသူ၊ ကျေးရွာသားများ အနေဖြင့် ကျေးရွာမတည်စီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်းများကို ထိရောက် အောင်မြင်အောင် ဆောင်ရွက် ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကြွယ်ကန် ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၃ ဦးကို ငွေကျပ် ၂၇ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၁၀၀ ကို ငွေ ကျပ် ၁၀ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၃ ဦးကို ရန်ပုံငွေကျပ် ၃၈ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဝမ်းတွင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးအောင်ကိုကိုဦးထံမှ သိရသည်။

**အောင်ရဲကျော်**

# ဝက်လက်မြို့နယ်တွင် ပဲစင်းငုံ ၂၂၃၇၆ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ဝက်လက် ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ဝက်လက်မြို့နယ်တွင် ယခု နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၂၃၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင် ခဲ့ကြောင်း ဝက်လက်မြို့နယ် စိုက် ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခု နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၁၂၅၆ ဧက စိုက်ပျိုးရန်လျာထား ပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၂၃၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ် ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ပဲစင်းငုံ ၂၁၂၅၆ ဧက စိုက်ပျိုးဖို့လျာထား ပါတယ်။ ဒီနေ့ထိ ၂၂၃၇၆ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးမှုအနေနဲ့ လျာထား ဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါ တယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်း ကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံ ကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက် ပျိုးကြပါတယ်"ဟု ဝက်လက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ပဲစင်းငုံ စိုက်တောင်သူများကို မြို့နယ်စိုက် ပျိုးရေးဦးစီးဌာနက မျိုးကောင်း မျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှား အန္တရာယ်ကင်းရှင်းရေး၊ အထွက် နှုန်း ကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိ ကြောင်း သိရသည်။

ဝက်လက်မြို့နယ်အတွင်းရှိ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန အနေဖြင့် ပဲစင်းငုံစိုက် တောင်သူ များကို ရွက်ဖျန်းမြေဩဇာဝယ်ယူမှု သက်သာလျှော့ချနိုင်စေရန် ယူရီး ယားနှင့် လက်ချား ပေါင်းစပ်သုံးစွဲ သည့်နည်းပညာများ ဖြန့်ဝေပေး လျက်ရှိကြောင်း၊ ယူရီးယားနှင့် လက်ချားသုံးစွဲနည်းကြောင့် စိုက် ပျိုးစရိတ်သက်သာပြီး အပင်များ ပိုးမွှားကင်းစင်ကာ အပင်ဖြစ်ထွန်း မှုကောင်းမွန်ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုး တက်ကောင်းမွန်အောင် စိုက်ပျိုး နိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံ စေမည့်အပြင် ပိုလျှံမှုကို ရောင်းချ နိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွား ဘဝများမြင့်မားလာမည်ဖြစ်သော ကြောင့် ပဲစင်းငုံကို ဒေသမရွေး တိုးချဲ့ စိုက်ပျိုးကြရမည်ဖြစ် ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင် စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပုသိမ်မြို့နယ်တွင် ပိန်းဥများ အရောင်းအဝယ်ကောင်းမွန်နေ

**ပုသိမ် ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ် မြို့နယ်တွင် ဒေသထွက်ပိန်းဥများ အရောင်းအဝယ် ကောင်းမွန်နေ ကြောင်း ပုသိမ်မြို့နယ် ကုန်စိမ်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာ မာလွင်က ပြောပြသည်။

ပုသိမ်မြို့နယ်မှ ဒေသထွက် ပိန်းဥများ ယခုနှစ် ဇူလိုင်လ ပထမပတ်မှစပြီး ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေ ကြောင်း၊ အဆိုပါပိန်းဥများ တစ် ရက်လျှင် ပိဿာချိန် ၅၀၀၀ မှ ၆၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေ ကြောင်း သိရသည်။

"လက်ရှိ ကုန်စိမ်းဈေးကွက် မှာ ပိန်းဥတွေ အရောင်းအဝယ် ကောင်းနေပါတယ်။ စားသုံးသူ များတဲ့အတွက်ကြောင့် အခုလို အရောင်းအဝယ် ကောင်းနေတာ ပါ။ ဝယ်လိုအားများနေတဲ့အပြင် ကြိုတင်အမှာကုန်တွေပါ ရှိနေပါ တယ်။ လက်ရှိ ရောင်းချနေတဲ့ ပိန်းဥတွေက အရည်အသွေး ကောင်းမွန်ပါတယ်"ဟု ပုသိမ် မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာလွင်က ပြောပြသည်။



ပုသိမ်မြို့နယ်တွင် လတ်တ လောအနေဖြင့် ပိန်းဥ ၁၀ ပိဿာ လျှင် ငွေကျပ် ၇၅၀၀၀ ထိ ပေါက် ဈေးရှိကြောင်း၊ အဆိုပါပိန်းဥများ အရောင်းအဝယ်ကောင်းလာသည့် အတွက် တောင်သူများ၊ ကုန်သည် များ၊ ကုန်တင်ကုန်ချလုပ်သား များ၊ ကုန်တင်ယာဉ်အငှားလိုက်သူ များ အလုပ်အကိုင်အခွင့်အလမ်း ရရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဖာပွန်မြို့နယ် ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဖာပွန် ဇူလိုင် ၂၂**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ဖာပွန်မြို့နယ် ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဒသမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ၅၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦး၊ အခြားလုပ်ငန်းများ လုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄၅ သိန်း ထုတ်ချေးပေးထားပြီး လုပ်ငန်းများ လည်ပတ်လျက်ရှိကြောင်း သိရသည်။

ကိုသက်



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး သီလရှင်ဆောင်ကြီးကြပ်ရေးအမျိုးသမီးဆပ်ကော်မတီ အလှူရှင်အဖွဲ့မှ လစဉ်ဆွမ်းအလှူငွေ ကျပ် ၇၀၀၀၀၀၊ ကျောက်ကပ်ဆေးနေသော သံဃာ၊ သီလရှင် ၁၀ ပါးအတွက် အလှူငွေကျပ် ၅၀၀၀၀၀ စုစုပေါင်းငွေကျပ် ၁၂၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် ဦးစိုးလင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးတင်ဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၃၀၀၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျောက်မြောင်း ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၃၀၀၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၄၈၉၅ ဧက စိုက်ပျိုးရန် အတွက်လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၀၀၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ ဟင်းသီးဟင်းရွက်စုံဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာစတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့ တောင်သူတွေကို နည်းပညာပေးထားပါတယ်။ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်ဖို့၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေ ရရှိကြောင်း၊ ဟင်းသီးဟင်းရွက် စိုက်မည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲရေး အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပျော်ဘွယ်မြို့နယ် ချောင်းနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျော်ဘွယ် ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ချောင်းနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ချောင်းနားကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၄၃၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ချောင်းနားကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၁ ဦးကို ငွေကျပ် ၂၉၈ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၁၃၁ ဒသမ ၅ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၇ ဦးကို ရန်ပုံငွေကျပ် သိန်း ၄၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဖြိုးထက်အောင်(ပျော်ဘွယ်)

# ညောင်တုန်းမြို့နယ်မှ ထွက်ရှိသည့် ဒေသထွက် ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေ

**ညောင်တုန်း ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် ပဲလွမ်းဖြူများ အရောင်းအဝယ် ကောင်းလာကြောင်း ညောင်တုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးမြင့်က ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်တွင် ဇူလိုင်လ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ ပဲလွမ်းဖြူများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းနေကြောင်း၊ အဆိုပါ ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းလာခြင်းသည် ဒေသထွက် ပဲလွမ်းဖြူများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"ဒေသထွက်ကုန် ပဲလွမ်းဖြူတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ အခုလဒုတိယပတ်လောက်ကနေစပြီး သိသိသာသာကို အဝယ်လိုက်လာတာဖြစ်ပါတယ်။ ဒေသထွက် ပဲလွမ်းဖြူတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လက်ရှိဒေသမှာတော့ ပဲလွမ်းဖြူအသစ်တွေသိပ်မထွက်သေးပါဘူး။ ဒေသမှာ ပဲလွမ်းဖြူက မိုးသီးနှံတွေသိမ်းချိန်မှာ အထွက်များပါတယ်"ဟု ညောင်တုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးမြင့်က ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် ပဲလွမ်းဖြူ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၀၆၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ လယ်ယာထွက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် လယ်ယာထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိပြီး ပဲလွမ်းဖြူအပြင် မတ်ပဲ၊ ပဲတီစိမ်း၊ ပြောင်းနှင့် စပါး၊ ဆန်၊ ရာသီထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိကြောင်း ညောင်တုန်းမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



# တက်နွယ်ကျောင်းနှင့် အလှူကျမ်းများ

မောင်သာ(ရှေးဟောင်းသုတေသန)

ပုဂံခေတ်မှ ကုန်းဘောင်ခေတ်ထိ ခေတ်အဆက်ဆက်ရေးထိုးခဲ့သည့် ကျောက်စာများတွင် အလှူမှတ်တမ်းကျောက်စာများသည် အများဆုံးဖြစ်သည်။ ထိုကျောက်စာများကို ဘုရင်နှင့်မိဖုရားမှစ၍ အမတ်များ၊ ရဟန်းများ၊ သူဌေးသူကြွယ်များစသည့် အလွှာပေါင်းစုံမှပုဂ္ဂိုလ်များက မိမိတို့ပြုလုပ်သည့် ကောင်းမှုအဝဝကို မှတ်တမ်းတင်ရန် ရေးထိုးခဲ့ကြခြင်းဖြစ်ပေသည်။

ထိုအလှူဒါနများတွင် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ လယ်နှင့်ကျွန်များလှူခြင်း၊ ပိဋကတ်တော်များကို ရေးကူးခြင်း စသည့်လှူဒါန်းမှုများသာမက ပိုင်ဆိုင်မှုအငြင်းပွားမှုများကို ဖြေရှင်းဆုံးဖြတ်မှုများလည်းပါဝင်ခဲ့သည်။ ရာဇကုမာရ်ကျောက်စာ၊ ကျန်စစ်သားနန်းတည်ကျောက်စာကဲ့သို့ ဖြစ်စဉ်မှတ်တမ်းကို ရေးထိုးသည့် ကျောက်စာများလည်း ရှိခဲ့သဖြင့် ပုဂံခေတ်လူမှုဘဝအကြောင်းအရာစုံကို ကျောက်စာများမှတစ်ဆင့် လေ့လာနိုင်ကြသည်။

မှတ်တမ်းကျောက်စာများအနက် ပထမအင်းဝခေတ် သက္ကရာဇ် ၈၀၄ ခုနှစ်တွင် ရေးထိုးခဲ့သည့် တက်နွယ်ကျောင်းကျောက်စာသည် အင်းဝခေတ် အဋ္ဌမဘုရင် မိုးညှင်းမင်းတရား (၁၄၂၇-၁၄၄၀) သက္ကရာဇ်ဖြို့ခဲ့သည့် မှတ်တမ်းအပြင် တက်နွယ်ကျောင်းတည်ဆောက်ခဲ့ပုံကို အသေးစိတ်ရေးထိုးခဲ့သည်။ ထို့ပြင် အခြားကျောက်စာများတွင် တွေ့ရှိရလေ့မရှိသော ပိဋကသုံးပုံကျမ်းအလှူအမည်များကို အပြည့်အစုံရေးထိုးခဲ့ရာ နိကာယ်ငါးရပ်လာကျမ်းများသာမက အဋ္ဌကထာ၊ နိဿယနှင့် အမိနိဿယကျမ်းများပါ ပါဝင်ခဲ့သည်။

ထိုမျှသာမက တက်နွယ်ကျောင်းသို့ လှူဒါန်းခဲ့သည့် ဝေဒကျမ်း၊ ဗေဒင်ကျမ်း၊ ဆေးကျမ်းနှင့် ပါဠိသဒ္ဒါကျမ်းအမည်များကိုပါ ရေးထိုးခဲ့သဖြင့် လေ့လာသူများအတွက် များစွာအကျိုးဖြစ်ထွန်းစေခဲ့သည့်အပြင် အင်းဝခေတ်စာပေအဆင့်အတန်း၊ ဗေဒင်ပညာနှင့် ဆေးပညာကျမ်းအမည်များကိုပါ လေ့လာနိုင်ကြမည်ဖြစ်သည်။

**တက်နွယ်ကျောင်းနှင့် တောင်တွင်းမင်းသီရိဇေယျသူရ ဇနီးမောင်နှံ**

တောင်တွင်းမင်းသီရိဇေယျသူရနှင့် ဇနီးသည် ပုဂံ ရွှေစည်းခုံစေတီ၏ အနောက်ဘက် ဝက်ကြီးအင်းကျောင်းတိုက်အတွင်း၌ တက်နွယ်ကျောင်းကို တည်ဆောက်လှူဒါန်းခဲ့ကာ ကျောက်စာရေးထိုးစိုက်ထူခဲ့သည်။

တောင်တွင်းမင်းသီရိဇေယျသူရသည် တောင်တွင်းမင်း သီဟပတေ့၏မြေးဖြစ်၍ မိုးညှင်းမင်းတရား၏ တူလည်းဖြစ်ပြီး အိမ်ရှေ့မင်း မင်းရဲကျော်စွာ၏ ယောက်ဖဖြစ်ကြောင်း ကျောက်စာအစ စာကြောင်းသုံးကြောင်းတွင် ရေးထိုးထားသည်။

တောင်တွင်းမင်းသီရိဇေယျသူရ၏မိခင် ပခန်းစားရှင်မိမြတ်သည် မိုးညှင်းမင်းတရား၏ နှမတော်ဖြစ်သည်။ မိုးညှင်းမင်းတရားသည် တူတော်သီရိဇေယျသူရကို ပြင်စည်မြို့ကို စားစေခဲ့သည်။ မင်းရဲကျော်စွာ(၁၄၄၀-၁၄၄၃)လက်ထက်တွင် တွင်းကြီးမြို့ကို စားရသဖြင့် တောင်တွင်းမင်းသီရိဇေယျသူရဟု ထင်ရှားခဲ့သည်။

တောင်တွင်းမင်းသီရိဇေယျသူရ၏ဇနီး စောပြည့်ချမ်းသာသည် အင်းဝဘုရင် ပထမမင်းခေါင်(၁၄၀၁-၁၄၂၂) ၏သားတော် ဆင်ဖြူရှင်သီဟသူ(၁၄၂၂-၁၄၂၆) နှင့်အင်းဝထီးနန်းကို ငါးလသာစံခဲ့ရသည့် တရဖျားကြီး(၁၄၀၁)၏ သမီးတော် တန်ဆောင်းရှင်စောမင်းလှတို့၏ သမီးတော်ဖြစ်သည်။

အလှူရှင်ဇနီးမောင်နှံသည် တက်နွယ်ကျောင်း အဆောက်အအုံနှင့်အတူ ရွာ၊ မြေနှင့် ထန်းတို့ကိုပါ လှူဒါန်းခဲ့ကာ ကျောင်းထိုင်ဆရာတော်အား သံဃာ့အသုံးအဆောင်များနှင့် ကျောင်းသို့လာရောက်ကြမည့် စာသင်သားများလေ့လာသင်ယူနိုင်ရန် ပိဋကသုံးပုံကျမ်းစာများကို ရေးကူးလှူဒါန်းခဲ့သည်။ ပိဋကသုံးပုံကျမ်းများနှင့်အတူ မြန်မာ့ဆေးကျမ်း များနှင့် ဗေဒင်ကျမ်းများပါဝင်ခဲ့သည်။

တက်နွယ်ကျောင်းကျောက်စာကို သက္ကရာဇ် ၈၀၄ ခုနှစ်တွင် ရေးထိုးခဲ့သည်။ မိုးညှင်းမင်းတရားက သက္ကရာဇ် ၇၉၈ ခုနှစ်တွင် သက္ကရာဇ်ဖြို့ခဲ့သဖြင့် ရှေးဟောင်းမြန်မာကျောက်စာများစာအုပ်တွင် တက်နွယ်ကျောင်း ကျောက်စာရေးထိုးသည့် ခုနှစ်ကို သက္ကရာဇ်အတို ၆ ခု၊ အရှည် ၈၀၄ ခုနှစ်ဟု ပြဆိုထားသည်။ သက္ကရာဇ်အတိုသည် သက္ကရာဇ်ဖြို့ပြီးသည့် ခုနှစ်ဖြစ်၍ သက္ကရာဇ်အရှည်သည် မဖြို့ထားသည့် မူလသက္ကရာဇ်ကို ဆိုလိုသည်။

မိုးညှင်းမင်းတရားဖြို့ခဲ့သည့် သက္ကရာဇ် ၇၉၈ ခုနှစ်သည် အများက လိုက်နာသုံးစွဲမှုမရှိခဲ့သဖြင့် မပြိုဘဲအသုံးမတွင်ကျယ်ခဲ့ချေ။ သို့သော် မင်းကြီး၏တူ တောင်တွင်းမင်းသီရိဇေယျသူရသည် အလှူမှတ်တမ်းကျောက်စာတွင် ဦးရီးတော်ဖြို့ခဲ့သည့် သက္ကရာဇ်အတိုင်းသာ ရေးထိုးခဲ့သည်။

တက်နွယ်ကျောင်းကျောက်စာသည် မျက်နှာလေးဖက်ပါကျောက်စာတိုင်ဖြစ်သည်။ ရှေ့ဘက်မျက်နှာတွင် စာကြောင်း ၄၆ ကြောင်း၊ ကျောဘက်မျက်နှာတွင်စာကြောင်း ၅၂ ကြောင်း၊ လက်ဝဲဘက်မျက်နှာတွင် စာကြောင်း ၄၆ ကြောင်း၊ လက်ယာဘက်မျက်နှာတွင် စာကြောင်း ၃၆ ကြောင်း ရေးထိုးထားသဖြင့် စုစုပေါင်း စာကြောင်းရေ ၁၈၀ ပါရှိသည်။

**ကျောက်စာထဲက တက်နွယ်ကျောင်း**

အလှူရှင် ဇနီးမောင်နှံသည် "အရိမဒ္ဒနပူရမည်သောပြည်၌ ရွှေစည်းခုံစေတီ၏ အနောက်ဘက်၊ တက်နွယ်ချောင်း အရှေ့ဘက်၌ သာသနာ ၅၀၀၀ တည်အောင်ရည်မှန်းလျက် ကျောင်းကိုတည်ခဲ့ကြောင်း" ရေးထိုးထားသည်။ ထိုကျောင်းသည် အရပ်လေးမျက်နှာမှ ထင်ရှားစွာတွေ့မြင်နိုင်ပြီး စလစ်၊ မွန်ခေါင်၊ ဆင်ဝင်၊ မီးတား၊ စကြံ၊ လှေကားတို့ဖြင့် ဆန်းကြယ်လှကြောင်း မှတ်တမ်းတင်ခဲ့သည်။ ကျောင်းဝန်းကျင်ကို မဟာရံတံတိုင်းဖြင့်ကာရံခဲ့သည်။

တက်နွယ်ကျောင်းသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ညောင်ဦးမြို့ရှိ ရွှေစည်းခုံစေတီ၏ အနောက်တောင်ဘက် ဝက်ကြီးအင်းရွာနှင့် ရွှေချောင်း ခေါ် တက်နွယ်ချောင်း၏ အရှေ့ဘက်တွင် တည်ရှိခဲ့သည်။ ထိုကျောင်းသည် တက်နွယ်ချောင်းကို အစွဲပြုလျက် တက်နွယ်ကျောင်းဟု ထင်ရှားခဲ့သည့် အဆောက်အအုံဖြစ်သည်။

အင်းဝဘုရင်နှင့် မိဖုရားများ၊ မင်းသား၊ မင်းသမီး၊ မှူးမတ်အများစုသည် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်းစသည့် ကုသိုလ်ကောင်းမှုအရပ်ရပ်ကို အင်းဝ၊စစ်ကိုင်း၊ တံတားဦး စသည့် အရပ်ဒေသများတွင် ပြုလုပ်လေ့ရှိကြသည်။ သို့သော် တောင်တွင်းမင်းသီရိဇေယျသူရနှင့်ဇနီးသည် အင်းဝနှင့်ဝေးကွာသည့်ပုဂံတွင် ကျောင်းဆောက်လုပ်လှူဒါန်းခဲ့ခြင်းသည် ထူးခြားနေခဲ့သည်။ ထိုအကြောင်းခြင်းရာနှင့်ပတ်သက်၍ တောင်တွင်းမင်း သီရိဇေယျသူရသည် ပုဂံမင်းအဆက်ဆက်၌ သာသနာစည်ပင်ခဲ့သည့် ပုဂံ၌ သာသနာဆက်လက်ထွန်းကားစေလိုသောဆန္ဒဖြင့် ကျောင်းဆောက်လုပ်လှူဒါန်းခဲ့သလောဟု ဆင်ခြင်မိကြောင်း တက်နွယ်ကျောင်းကျောက်စာလေ့လာချက်စာတမ်းကို ပြုစုခဲ့သူ သမိုင်းပညာရှင် အငြိမ်းစားပါမောက္ခဒေါ်အုန်းကြည်က သုံးသပ်ခဲ့သည်။

တက်နွယ်ကျောင်းသည် စလစ်မွန်ခေါင်ကျောင်းဟုဖော်ပြထားသဖြင့် အမိုးပြာသာဒ်၊ တံကဲ၊ မုခ်ခုံးတို့တွင် အချွန်အတက်များဖြင့် မွမ်းမံထားသည့် ကျောင်းဖြစ်သည်။အင်းဝခေတ်တွင် စလစ်မွန်ခေါင်ကျောင်းများခေတ်စားခဲ့ဟန်ရှိကာ အင်းဝခေတ်ထိုးကျောက်စာတချို့တွင် စလစ်မွန်ခေါင်ကျောင်းတည်ဆောက်လှူဒါန်းခဲ့မှုများကို တွေ့ရှိရသည်။

တက်နွယ်ကျောင်းတွင် ရုပ်ပုံမျိုးစုံကိုရေးဆွဲပြီး အလှဆင်ခဲ့ပုံကို "အထွေထွေသော ရုပ်တန်ဆေးဝါ၊ ရွှေ၊ ငွေ၊ ဟင်္သပဒါး၊ သင်ခွဲအတိလည်း ရေးတော်မူ၏" ဟု မှတ်တမ်းတင်ခဲ့သည်။ မည်သည့်ရုပ်ပုံများကို ရေးဆွဲကြောင်း ဖော်ပြမထားသော်လည်း အင်းဝခေတ်ကျောင်းများတွင် ရေးဆွဲလေ့ရှိခဲ့သည့် ဗုဒ္ဓဖြစ်တော်စဉ်လာ ဇာတ်လမ်းဇာတ်ကွက်များဖြစ်မည်ဟု ယူဆရပေသည်။

တက်နွယ်ကျောင်းကျောက်စာတွင် အင်းဝခေတ် သမိုင်းဖြစ်ရပ်တချို့ကို ဖော်ပြထားသဖြင့် ခေတ်ကာလကို ထင်ဟပ်နေသည့် မှတ်တမ်းလည်းဖြစ်သည်။ တက်နွယ်ကျောင်းသို့လှူသည့် မြေများကို သန်လယ်၊ မုရင်းလယ်၊ ပြောင်းခင်းမြေ၊ ပဲခင်းမြေ၊ နွားစားကျက်မြေ၊ မြေခြောက်မြေစွက်ဟု ခွဲခြားပြထားကာ ကျောင်းသို့လှူသည့် ထန်းပင်ပေါင်းသည် ၂၆၃၃ ပင် ဖြစ်သည်။

**ပိဋကတ်တော်အလှူ**

တက်နွယ်ကျောင်းကျောက်စာ စာကြောင်း ၂၀ နှင့် ၂၁ တွင် "ဆင်ဖြူသခင် ဖုရှင် မဟာသီဟသူရတျာမင်ကြီ သ္မီတော်ဖြစ်သော မျောက်သာတော်၏ ဆံတော်ဖိုဝ်နှင် ပြုရှယ်ဖုရာသိခင်၏ သာသနာတောက်ပစိမ်သောငှာ အရိယာစာသင်တိုဝ် အစီအပွာ ပေတင်နှင်အကွ သုံမ်ပုံမ်သော ပိတ္တကတ်လေည် ထာတော်မူ၏"ဟု ဖတ်ရှုရသည်။

ထိုသို့ ကျောက်စာရေးထိုးထားချက်အရ ဆင်ဖြူရှင်သီဟသူ၏ သမီးတော်ဖြစ်သည့် စောပြည့်ချမ်းသာသည် ဗုဒ္ဓသာသနာတော်ထွန်းကားရန်ရည်ရွယ်လျက် အရိယာစာသင်သားသံဃာများအတွက် ပိဋကသုံးပုံကို လှူဒါန်းခဲ့ကြောင်း အထင်အရှားသိရှိရပေသည်။ ထိုအလှူ၏ ထူးခြားချက်မှာ စောပြည့်ချမ်းသာသည် ထိုအလှူကို မိမိ၏ဆံပင်ဖိုး (ဆံပင်ရောင်းရငွေဟု ယူဆရပါသည်။)နှင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

တောင်တွင်းမင်းသီရိဇေယျသူရ၏ ဇနီးသည် ငွေကြေးပြည့်စုံမှုရှိမည်ဖြစ်သည့်တိုင် မိမိ၏အလှူကို မိမိဆံပင်ဖိုးဖြင့် လေးနက်စွာ ပြုခဲ့ခြင်းသည် အလှူရှင်၏ ဘာသာတရားအပေါ် ကြည်ညိုသဒ္ဓါစိတ် အလွန်ထက်သန်မှုကို ဖော်ပြနေခြင်းဖြစ်ကြောင်း ယူဆနိုင်မည်ဖြစ်သည်။

အလှူရှင်ဇနီးမောင်နှံ၏ အလှူပစ္စည်းစာရင်းတွင် ဗုဒ္ဓပိဋကတ်များအပြင် ဗေဒင်ကျမ်းများနှင့် ဆေးကျမ်းများလည်းပါဝင်ခဲ့ရာ အင်းဝခေတ်တွင် ရဟန်းသံဃာများသည် လောကီပညာဖြစ်သည့် ဗေဒင်နှင့် ဆေးပညာများကိုလည်း လေ့လာခဲ့ကြဟန်ရှိပေသည်။

တက်နွယ်ကျောင်းကျောက်စာတွင် ရေးကူးလှူဒါန်းခဲ့သည့် ပိဋကတ်ကျမ်းများစာရင်းနှင့် ကုန်ကျငွေများကို ရေးထိုးမှတ်တမ်းတင်ခဲ့သည်။ ဝိနည်းကျမ်း ၁၉ ကျမ်းအတွက် ၄၀၁ ကျပ်၊ အဘိဓမ္မာ ၁၇ ကျမ်းအတွက် ၄၀၄ ကျပ်၊ ဒီဃနိကာယ် ကိုးကျမ်းအတွက် ၁၂၇၃ ကျပ်၊ မဇ္ဈိမနိကာယ် ကိုးကျမ်းအတွက် ၁၆၉ ကျပ်၊ သံယုတ္တနိကာယ် ၁၀ ကျမ်းအတွက် ၁၄၄၁ ကျပ် စသဖြင့် ကျမ်းတစ်ခုချင်းအမည်များနှင့် ကုန်ကျငွေကို ရေးထိုးခဲ့သည်။

ကျောက်စာပါ ပိဋကတ်အလှူတော်ကျမ်း စုစုပေါင်းသည် ၃၂၂ ကျမ်းဖြစ်သည်။ သို့သော် ဋီကာကျမ်း ၃၄ ကျမ်းနှင့် အမိကျမ်း ကိုးကျမ်းကုန်ကျငွေကို ရေးထိုးထားခြင်းမရှိပေ။ ထို့ကြောင့် ပိဋကတ်တော် ၂၇၉ ကျမ်းအတွက် ကုန်ကျငွေသည် ၇၃၆၈ ကျပ် ဖြစ်ကြောင်း သိရှိရသည်။

အလှူရှင်ဇနီးမောင်နှံသည် တက်နွယ်ကျောင်းသို့ စာရေးငါးဦးနှင့်အတူ ချိုးရေခပ် တစ်ယောက်၊ ကျောင်းစောင့် တစ်ယောက်၊ ကျောင်းသန့်ရှင်းရေး တစ်ယောက်၊ ဥယျာဉ်စောင့်တစ်ယောက်ကို ၎င်းတို့၏ မယား၊ သား၊ သမီးများနှင့်အတူ လှူဒါန်းခဲ့ရာ စုစုပေါင်း ၂၈ ဦးဖြစ်သည်။ ထိုသူများကို ကျောင်းကျွန်များဟုဖော်ပြကာ တစ်ဦးချင်း၏ အမည်များကို ကျောက်စာတွင် ရေးထိုးထားသည်။ စာရေးများကို ကျောင်းသို့ လှူခြင်းသည် လှူဒါန်းထားသည့်ပိဋကတ်နှင့် ဗေဒင်ကျမ်းများ၊ ဆေးကျမ်းများ ကျိုးပဲ့ပျက်စီးချိန်တွင် ပြန်လည်ပြင်ဆင်ရေးကူးသည့် အလုပ်ကို လုပ်ကိုင်ရန်ဖြစ်သည်။

ပိဋကတ်ကျမ်းစာများနှင့်အတူ ဗေဒင်ကျမ်းနှင့် ဆေးကျမ်းအမည်များကို အပြည့်အစုံရေးထိုးခဲ့သော်လည်း အချို့ကျမ်းများကို မျက်မှောက်ခေတ်ကျမ်းအမည်များဖြင့် ဖော်ထုတ်နိုင်ခြင်းမရှိချေ။ သို့သော်

❖တောင်တွင်းမင်းသီရိဇေယျသူရ၏ ဇနီးစောပြည့်ချမ်းသာသည် အင်းဝဘုရင်ပထမမင်းခေါင် (၁၄၀၁- ၁၄၂၂) ၏သားတော် ဆင်ဖြူရှင်သီဟသူ (၁၄၂၂-၁၄၂၆)နှင့် အင်းဝထီးနန်းကို ငါးလသာစံခဲ့ရသည့် တရဖျားကြီး (၁၄၀၁) ၏သမီးတော် တန်ဆောင်းရှင်စောမင်းလှတို့၏သမီးတော်ဖြစ်သည်။ အလှူရှင်ဇနီးမောင်နှံသည် တက်နွယ်ကျောင်းအဆောက်အအုံနှင့်အတူ ရွာ၊ မြေနှင့်ထန်းတို့ကိုပါ လှူဒါန်းခဲ့ကာ ကျောင်းထိုင်ဆရာတော်အား သံဃာ့အသုံးအဆောင်များနှင့် ကျောင်းသို့လာရောက်ကြမည့် စာသင်သားများလေ့လာသင်ယူနိုင်ရန် ပိဋကသုံးပုံကျမ်းစာများကို ရေးကူးလှူဒါန်းခဲ့သည်။ ပိဋကသုံးပုံကျမ်းများနှင့်အတူ မြန်မာ့ဆေးကျမ်းများ၊ဗေဒင်ကျမ်းများပါဝင်ခဲ့သည်။ ❖

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမ့္ဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၀၂၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၀၂၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၅၂၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၀၂၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ပဲတီစိမ်းဧက ၃၈၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ယခုနှစ် ဝက်လက်မြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ စိုက်ပျိုးရာတွင် ပဲသီးနှံ အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများမြင့်မားလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

➤ **စာမျက်နှာ ၄ မှအဆက်**

သမိုင်းသုတေသနဦးစီးဌာနမှ ကျောက်စာပညာရှင် ဦးမြင့်သန်းဌေး၏ ဖော်ထုတ်ပေးမှုကြောင့် ရှားပါးဗေဒင်နှင့်ဆေးကျမ်းအမည်များကိုသိရှိနိုင်ခဲ့ကြသည်။ ထိုကျမ်းအမည်များ အပြည့်အစုံကို မြန်မာ့သမိုင်းသုတေသနစာစောင် အမှတ် (၁၃) တွင် ဖော်ပြထားသည်။

အလှူရှင်ဇနီးမောင်နှံသည် မိမိတို့လှူဒါန်းသည့် ကျောင်း၊ ပိဋကတ်၊ ဗေဒင်ကျမ်း၊ ဆေးကျမ်းများပျက်စီးပါက ပြင်ဆင်ရန်နှင့် နောင်အခါတွင် အငြင်းပွားခြင်းစသည့် အမှုအခင်းများမဖြစ်စေရန် တက်နွယ်ကျောင်းနေရာကို နယ်နိမိတ်သတ်မှတ်ခဲ့သည်။

**ဆုတောင်းစာနှင့် ကျိန်စာ**

တက်နွယ်ကျောင်းအလှူရှင် တောင်တွင်းမင်းသီရိဇေယျသူရနှင့် ဇနီး စောပြည့်ချမ်းသာသည် မိမိတို့ပြုသည့် ကုသိုလ်ကောင်းမှုအစုစုအတွက် တောင်းဆုနှင့်ကျိန်စာကို ကျောက်စာတွင် ရေးထိုးခဲ့သည်။

အလှူရှင်တို့၏ ဆုတောင်းသည် မယား၊ သား၊ မြေးနှင့်တကွ စကြဝတေးမင်းအဖြစ် ဘဝများစွာဖြစ်ပြီးနောက် သိကြားမင်းအဖြစ် နတ်စည်းစိမ်ကို ကြိမ်ဖန်များစွာစံစားရပြီး ဘုရားဆုကိုပန်ခဲ့သည်။ ဆုတောင်းစာအရ လူ့ပြည်တွင် လူနတ်ဗြဟ္မာတို့ကိုးကွယ်ရာ ဘုရားဖြစ်လျက် လူနတ်ဗြဟ္မာသတ္တဝါတို့အား နိဗ္ဗာန်သို့ပို့ဆောင်ပြီး အဆုံးစွန်တွင် နိဗ္ဗာန်ကိုရလိုကြောင်း ဆုတောင်းခဲ့သည်။

မိမိတို့၏အလှူပစ္စည်းများကို ဖျက်ဆီးသူများအား အပြစ်ရှစ်ပါး၊ ဒဏ် ၁၀ ပါး၊ အပါယ်လေးပါးရောက်၍ မြေ၏အထုအစောက် ရှစ်သောင်းလေးထောင်တိုင် ဘုရားရှင်ဟောသော တရားအလျောက် အဝီစိငရဲလားစေသတည်းဟု ကျိန်ဆိုခဲ့သည်။

ကျောက်စာပါ အထောက်အထားများအရ တက်နွယ်ကျောင်းကျောက်စာသည် အင်းဝခေတ်သမိုင်းတစ်စွန်းတစ်စကို ဖော်ပြရုံသာမက အလှူကျမ်းများ၏ အမည်များကို အပြည့်အစုံရေးထိုးထားသဖြင့် ထူးခြားသောကျောက်စာတစ်ချပ်ဖြစ်လာခဲ့ပေသည်။

**ကိုးကား**

- **ရှေးဟောင်းမြန်မာကျောက်စာများ၊ ပဥ္စမတွဲ(ဦးငြိမ်းမောင်)**
- **မြန်မာ့သမိုင်းသုတေသနစာစောင်၊ အမှတ်(၁၃)(ဇွန်လ၊ ၂၀၀၄)**
- **တက်နွယ်ကျောင်းကျောက်စာလေ့လာချက်စာတမ်း (ဒေါ်အုန်းကြည်)**

## အလှဂုဏ်မညှိုး တို့လူမျိုး

- တောတောင်ကို ချစ်မြတ်နိုးလို့
တောင်ရိုး၌ နေကြသည်၊
ပန်းသီး လိမ္မော် ရွှေလက်ဖက်နဲ့
ခြံထွက်စုံညီ၊
ကိုယ့်အားနှင့်ရင်းလျက်အတည်
စီစီရီရီ စိုက်ပျိုး၊
ပွင့်လင်းကာ ရိုးဂုဏ်မချို့တဲ့
တို့ရဲ့လူမျိုး။

- မြစ်ချောင်းငယ် အသည်းမှာနှစ်လို့
ချစ်ကြသည့် တို့အဆွေ၊
မြေပြန့်လွင်ပြင် ကမ်းဘေးတစ်လျှောက်
အိမ်ဆောက်၍နေ၊
စိုက်ပျိုးရေး ဆောင်ကာမသွေ
တို့မွေးမြေ ဂုဏ်ရောင်မြှင့်၊
အမျိုးဂုဏ် ဇာတိအလှလည်း
ထိန်းကြဆင့်ဆင့်။

- အရေးကြီးလျှင် သွေးနီးလို့
စုစည်းမပျက် ဆောင်ရွက်သည်၊
တစ်မိပေါက်လာ မောင်နှမတို့
ဖေးမကူညီ၊
ချစ်ခြင်းနှင့်နှောင်ထုံးချည်
နှလုံးရည် ပြည့်ဝကြ၊
ကမ္ဘာတစ်ခွင် ရှာမတွေ့နိုင်တဲ့
ထူးပေ့ဂုဏ်လှ။ ။

**စိုင်းနေဝန်း(ဟုမ္မလင်း)**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် - ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

## နိုင်ငံတကာ သတင်းများ

# ရုရှားဆိပ်ကမ်းများသို့ဝင်ရောက်မည့် ပြည်ပသင်္ဘောများ အက်ဖ်အက်စ်ဘီ သဘောတူညီချက်ရယူရန်လိုအပ်



မော်စကို ဇူလိုင် ၂၂

ရုရှားဆိပ်ကမ်းများသို့ ဝင်ရောက်မည့် ပြည်ပသင်္ဘောများ အနေဖြင့် ဆိပ်ကမ်းဝင်ရောက်ခွင့်ရရန် ရုရှားဖက်ဒရယ်လုံခြုံရေးဗျူရို(အက်ဖ်အက်စ်ဘီ)၏သဘောတူညီချက်လိုအပ်မည်ဖြစ်ကြောင်း ဇူလိုင် ၂၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ရုရှားဆိပ်ကမ်းများသို့ ဝင်ရောက်မည့် ပြည်ပသင်္ဘောများ အက်ဖ်အက်စ်ဘီအတည်ပြုချက် ရယူရေးအမိန့်ဒီကရီကို ရုရှားသမ္မတပူတင်က ဇူလိုင် ၂၁ ရက်တွင် လက်မှတ်ရေးထိုး ထုတ်ပြန်ထားကြောင်း သိရသည်။

ဇူလိုင် ၂၁ ရက်မှစတင်အာဏာသက်ဝင်ခဲ့သော ရုရှားသမ္မတ၏ အထူးအမိန့်ဒီကရီတွင် ရုရှားဆိပ်ကမ်းအားလုံး အကျုံးဝင်ကြောင်း ရုရှားပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ရှေးယခင်က ပြည်ပရေယာဉ်များ ရုရှားဆိပ်ကမ်းများသို့ ဝင်ရောက်ရေးအတွက် စည်းမျဉ်းများကို ရုရှားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ချမှတ်ပေးလေ့ရှိခဲ့သည်။

အလားတူ ရုရှားရေတပ်စခန်းနှင့်နီးစပ်သည့် ဆိပ်ကမ်းများသို့ ဝင်ရောက်မည့် ပြည်ပသင်္ဘောများအတွက်လည်း အထူးလုပ်ထုံးလုပ်နည်းများ ချမှတ်ထားပြီးဖြစ်သည်။

ရုရှားဆိပ်ကမ်းများသို့ ဝင်ရောက်မည့် ပြည်ပသင်္ဘောများ အက်ဖ်အက်စ်ဘီအတည်ပြုချက် ရယူရေးအမိန့်ဒီကရီကို ရုရှားသမ္မတက အဘယ်ကြောင့်ထုတ်ပြန်ထားသည်ကို မသိရသေးကြောင်း သိရသည်။ Ref : RT

Trs : KKO

# လော့စ်အိန်ဂျလိစ်မှ မရိန်းတပ်ဖွဲ့ဝင် ၇၀၀ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန ပြန်ရုပ်သိမ်းမည်

ဝါရှင်တန် ဇူလိုင် ၂၂

လော့စ်အိန်ဂျလိစ်မြို့သို့ မရိန်းတပ်ဖွဲ့ဝင် ၇၀၀ စေလွှတ်ဖြန့်ကြက်ထားမှုကို အဆုံးသတ်မည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနသည် လော့စ်အိန်ဂျလိစ်မြို့၌ ပြီးခဲ့သည့်လက ဆန္ဒပြပွဲများ ဖြစ်ပွားနေစဉ် ဖက်ဒရယ်အစိုးရ အဆောက်အအုံများနှင့် ဝန်ထမ်းများကို ကာကွယ်ရေးအတွက် မရိန်းတပ်ဖွဲ့ဝင် ၇၀၀ကို ဖြန့်ကြက်ခဲ့သည်။

အမေရိကန်အစိုးရ လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ဌာနဝန်ထမ်းများက ပြီးခဲ့သည့်လအတွင်း လော့စ်အိန်ဂျလိစ်မြို့၌ ရာဖွေဖမ်းဆီးခဲ့ပြီးနောက် အမေရိကန်အစိုးရ လူဝင်မှုမူဝါဒဆန့်ကျင်ရေးဆန္ဒပြပွဲများဖြစ်ပွားခဲ့ရသည်။

ယင်းဆန္ဒပြပွဲများကို ထိန်းချုပ်ရေးအတွက်အမေရိကန်ဖက်ဒရယ်အစိုးရသည် လော့စ်အိန်ဂျလိစ်မြို့သို့ အမျိုးသား အစောင့်တပ်ဖွဲ့ဝင် ၄၀၀၀အပြင် မရိန်းတပ်ဖွဲ့ဝင် ၇၀၀ ကိုပါ စေလွှတ်ဖြန့်ကြက်ခဲ့သည်။

လော့စ်အိန်ဂျလိစ်၌ ဖြန့်ကြက်ထားသည့် အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ၄၀၀၀အနက် ၂၀၀၀ကို အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြီးခဲ့သည့်ရက်သတ္တပတ်က ရုပ်သိမ်းခဲ့ပြီးဖြစ်သည်။

လက်ရှိတွင် လော့စ်အိန်ဂျလိစ်မြို့၏အခြေအနေမှာ တည်ငြိမ်နေပြီဖြစ်ရာ မရိန်းတပ်ဖွဲ့ဝင် ၇၀၀ ကို ပြန်လည်ရုပ်သိမ်းရေးအတွက် ညွှန်ကြားထားကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

Ref : Xinhua

Trs : KKO



# ယူနက်စကိုအဖွဲ့မှ ထပ်မံနုတ်ထွက်ရန် အမေရိကန်အစိုးရ စီစဉ်ထားဟုဆို

နယူးယောက် ဇူလိုင် ၂၂

ကုလသမဂ္ဂယဉ်ကျေးမှု၊ သိပ္ပံနှင့်ပညာရေးအဖွဲ့(ယူနက်စကို)မှ နုတ်ထွက်ရန် အမေရိကန်နိုင်ငံက စီစဉ်ထားကြောင်း အမေရိကန်မီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အကယ်၍ အဆိုပါသတင်းမှန်ကန်ခဲ့ပါက ပြင်သစ်နိုင်ငံ ပဲရစ်မြို့အခြေစိုက် ယူနက်စကိုအဖွဲ့အတွက် ထိုးနက်ချက်တစ်ခုဖြစ်လာလိမ့်မည်ဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် သမ္မတရာထူးကို ပထမဆုံးအကြိမ် ရယူခဲ့စဉ်ကလည်း ယူနက်စကို၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီတို့မှ အမေရိကန်နိုင်ငံကို ထုတ်ပယ်ခဲ့ဖူးသည်။

လက်ရှိတွင်လည်း သမ္မတဒေါ်နယ်ထရမ့်အစိုးရသည် အမေရိကန်နိုင်ငံကို ယူနက်စကိုအဖွဲ့မှ ထုတ်ပယ်ရန် စီစဉ်ထားကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ယူနက်စကိုမှ အမေရိကန်နိုင်ငံ နုတ်ထွက်မည်ဆိုသော သတင်းများကို အိမ်ဖြူတော်တာဝန်ရှိသူများက တစ်စုံတစ်ရာတုံ့ပြန်မှု မရှိသေးကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီးနောက် စတင်ဖွဲ့စည်း တည်ထောင်ခဲ့သော ယူနက်စကို၏ စုစုပေါင်းနှစ်စဉ်အသုံးစရိတ်အနက် ရှစ်ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနေသောနိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဘင်္ဂလားဒေ့ရှ် လေတပ်အမောင်းသင်လေယာဉ်ပျက်ကျမှု သေဆုံးသူ အနည်းဆုံး ၃၁ ဦးထိရှိလာ

ဒါကာ ဇူလိုင် ၂၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ လေတပ်အမောင်းသင်လေယာဉ် တစ်စင်း ကောလိပ်ကျောင်းတစ်ကျောင်းပေါ် ပျက်ကျခဲ့မှုကြောင့် သေဆုံးသူအရေအတွက်မှာ ယနေ့တွင် ၃၁ ဦးထိရှိလာပြီဖြစ်သည်။

ဘင်္ဂလားဒေ့ရှ် လေတပ်မှ အက်ဖ်-၇ ဘီဂျီအိုင်အမျိုးအစား အမောင်းသင်လေယာဉ် ဇူလိုင် ၂၁ ရက်က လေ့ကျင့်ပျံသန်းနေစဉ် ဒါကာမြို့အတွင်းရှိ ကောလိပ်ကျောင်း တစ်ကျောင်းပေါ်သို့ ပျက်ကျခဲ့ရခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်ကြောင့် သေဆုံးသူအရေအတွက်မှာ ယနေ့တွင် ၃၁ဦးထိရှိလာကြောင်း ဘင်္ဂလားဒေ့ရှ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

သေဆုံးသူများထဲတွင် လေယာဉ်မှူးကိုယ်တိုင်နှင့် အနည်းဆုံး ကျောင်းသား ၂၅ ဦးလည်းပါဝင်ကြောင်း သိရသည်။

ယင်းအပြင် အမောင်းသင်လေယာဉ် ပျက်ကျခဲ့ပြီးနောက် မီးလောင်ဒဏ်ရာများ ရရှိခဲ့သူ အရေအတွက်မှာလည်း ၁၇၁ ဦးထိ ရှိခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် တာဝန်ရှိသူများက ပြောကြားထားသည်။

လေယာဉ်ပျက်ကျမှုဖြစ်ပွားခဲ့ပြီးနောက် ဘင်္ဂလားဒေ့ရှ်အစိုးရက ယနေ့ကို အမျိုးသားဝမ်းနည်းဖွယ် နေ့အဖြစ် ကြေညာခဲ့ပြီး နိုင်ငံတော် အလံများကို တိုင်ဝက်လွှင့်ထူခဲ့ ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ယခုနှစ်ပထမငါးလအတွင်း မလေးရှားနိုင်ငံသို့ ပြည်ပခရီးသွားဝင်ရောက်မှု ၁၆ ဒသမ ၉ သန်းထိရှိ

ကွာလာလမ်ပူ ဇူလိုင် ၂၂



ယခုနှစ် ဇန်နဝါရီလမှမေလထိ ငါးလတာကာလအတွင်း မလေးရှားနိုင်ငံသို့ နိုင်ငံတကာခရီးသွားဧည့်သည် ၁၆ ဒသမ ၉ သန်းထိ ဝင်ရောက်ခဲ့ရာ ယမန်နှစ် အလားတူကာလထက် ၂၀ ရာခိုင်နှုန်းမြင့်တက်လာကြောင်း ယနေ့သတင်းများတွင် ရေးသား ဖော်ပြထားသည်။

ယခုနှစ် ပထမငါးလအတွင်း မလေးရှားနိုင်ငံသို့ ဝင်ရောက်လာသည့် နိုင်ငံတကာခရီးသွား ဧည့်သည်အရေအတွက် စုစုပေါင်း၏ ထက်ဝက်ခန့်မှာ အိမ်နီးချင်း စင်ကာပူနိုင်ငံမှ ဝင်ရောက်လာသူများဖြစ်ပြီး ၈ ဒသမ ၃၄ သန်းထိ ရှိခဲ့ကြောင်း မလေးရှားခရီးသွားလာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

စင်ကာပူ နိုင်ငံသားများပြီးလျှင် ဒုတိယအများဆုံးဝင်ရောက်ခဲ့သည့် ပြည်ပခရီးသွားဧည့်သည်များမှာ အင်ဒိုနီးရှားနိုင်ငံသားများဖြစ်ကြပြီး ၁ ဒသမ ၈၂ သန်းထိ ဝင်ရောက်ခဲ့ကြောင်း မလေးရှား ခရီးသွားလာရေး ဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားသည်။

အလားတူ ယခုနှစ်ပထမငါးလအတွင်း မလေးရှားနိုင်ငံသို့ လာရောက်ခဲ့သည့် ပြည်ပခရီးသွားဧည့်သည်များထဲတွင် တရုတ် ခရီးသွားဧည့်သည် ၁ ဒသမ ၈၁ သန်းနှင့် ထိုင်းခရီးသွား ဧည့်သည် ၁ ဒသမ ၀၆ သန်းတို့ပါဝင်ခဲ့သည်။

ထို့ပြင် ယခုနှစ်ပထမငါးလအတွင်း ဩစတြေးလျနှင့် ဗြိတိန်ကဲ့သို့ ခရီးဝေးနိုင်ငံများမှ မလေးရှားနိုင်ငံသို့ လာရောက်သူအရေအတွက်မှာလည်း ယမန်နှစ်အလားတူကာလကထက် မြင့်တက်လာကြောင်း မလေးရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် တစ်နှစ်လုံးတွင် မလေးရှားနိုင်ငံသို့ ဝင်ရောက်ခဲ့ကြသည့် ပြည်ပခရီးသွားဧည့်သည် အရေအတွက်မှာ ၂၅ သန်းကျော်မျှ ရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## အာကာသရာသီဥတုကို စောင့်ကြည့်မည့် TRACERS ဂြိုဟ်တုနှစ်စင်း ယခုလကုန်ပိုင်းတွင် နာဆာလွှတ်တင်မည်



ဝါရှင်တန် ဇူလိုင် ၂၂

အာကာသရာသီဥတုကို စောင့်ကြည့်မည့် ဂြိုဟ်တုနှစ်စင်းကို ယခုလကုန်ပိုင်းတွင် လွှတ်တင်ရန် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က စီစဉ်ထားကြောင်း ဇူလိုင် ၂၁ ရက် သတင်းများအရ သိရသည်။

TRACERS ဟူ၍အမည်ပေးထားသည့် အဆိုပါဂြိုဟ်တုနှစ်စင်းသည် ကမ္ဘာဂြိုဟ်ပတ်ပတ်လည်ရှိ သံလိုက်စက်ကွင်းမုန်တိုင်းများကို လေ့လာစောင့်ကြည့်မည်ဖြစ်သည်။

TRACERS ဂြိုဟ်တုများကို ယခုလကုန်ပိုင်းတွင် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားသည်။

လွှတ်တင်ပြီးချိန်တွင် TRACERS ဂြိုဟ်တုများသည် ကမ္ဘာဂြိုဟ်၏နေ့ကာလဘက်အခြမ်းတွင်သာ အမြဲတမ်းရှိနေနိုင်မည့် ပတ်လမ်းပေါ်၌နေရာယူ၍ အာကာသရာသီဥတုကို လေ့လာမည်ဖြစ်သည်။

အာကာသရာသီဥတုအခြေအနေကိုလေ့လာစောင့်ကြည့်ရာတွင် TRACERS ဂြိုဟ်တုများသည် နာဆာကလွှတ်တင်ထားသော အခြားဂြိုဟ်တုများနှင့်လည်း ကွန်ရက်ချိတ်ဆက်၍လေ့လာမည်ဖြစ်သည်။

TRACERS ဂြိုဟ်တုနှစ်စင်းကို အမေရိကန်ဒေါ်လာ သန်း ၁၇၀ အကုန်အကျခံ၍ နာဆာသိပ္ပံပညာရှင်များက တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဗုဒ္ဓဟူးဂြိုဟ်လေထုလွှာအတွင်းတည်ရှိနေသည့် လစ်သီယမ်သတ္တုမော်လီကျူးများ ဩစတြီးယားသိပ္ပံပညာရှင်များ တွေ့ရှိ

ဗီယင်နာ ဇူလိုင် ၂၂

ဗုဒ္ဓဟူးဂြိုဟ်လေထုလွှာအတွင်း တည်ရှိနေသည့် လစ်သီယမ်သတ္တုမော်လီကျူးများကို ဩစတြီးယားသိပ္ပံပညာရှင်များက ပထမဆုံးအကြိမ်အဖြစ် ရှာဖွေတွေ့ရှိထားကြောင်း ဇူလိုင် ၂၁ ရက် သတင်းများအရ သိရသည်။

ဗုဒ္ဓဟူးဂြိုဟ် လေထုလွှာအတွင်း လစ်သီယမ်သတ္တုမော်လီကျူးများတည်ရှိမှုကို ဩစတြီးယားသိပ္ပံပညာရှင်များက ထောက်လှမ်းတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဩစတြီးယားသုတေသနပညာရှင်များသည် ဗုဒ္ဓဟူးဂြိုဟ်လေထုလွှာကို လျှပ်စစ်သံလိုက်စက်ကွင်းများကို တိုင်းတာခြင်းဖြင့် လစ်သီယမ်သတ္တုမော်လီကျူးများကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဗုဒ္ဓဟူးဂြိုဟ် လေထုလွှာအတွင်း ဟိုက်ဒရိုဂျင်၊ ပိုတက်ဆီယမ်၊ ဆိုဒီယမ်နှင့် သံသတ္တုမော်လီကျူးများ တည်ရှိမှုကို သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ပြီး



ဖြစ်သော်လည်း လစ်သီယမ်သတ္တုမော်လီကျူးများကို ယခုမှသာ ထောက်လှမ်းတွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓဟူးဂြိုဟ်သည် နေအဖွဲ့အစည်းအတွင်း၌ နေနှင့်အနီးဆုံးဂြိုဟ်ဖြစ်ပြီး ဂြိုဟ်၏လေထုလွှာကို ဓာတ်ငွေ့မော်လီကျူးများဖြင့် ဖွဲ့စည်းထားသည်။

ဗုဒ္ဓဟူးဂြိုဟ်ကို မရီနာ-၁၀ နှင့် မက်ဆင်ဂျာကဲ့သို့ အာကာသယာဉ်များက ၁၉၇၀ ပြည့်နှစ်မှစ၍ စူးစမ်းလေ့လာခဲ့ကြကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ကမ္ဘာပေါ်၌ အချိန်အတိကျဆုံး အဏုမြူနာရီကို အမေရိကန်သိပ္ပံပညာရှင်များ တည်ဆောက်နိုင်ခဲ့

ဝါရှင်တန် ဇူလိုင် ၂၂

ကမ္ဘာပေါ်၌အချိန်အတိကျဆုံး အဏုမြူနာရီကို အမေရိကန်နိုင်ငံ အမျိုးသားစံချိန်စံညွှန်းနှင့် နည်းပညာအင်စတီကျူမှ သိပ္ပံပညာရှင်များက တည်ဆောက်နိုင်ခဲ့ကြောင်း ဇူလိုင် ၂၁ ရက် သတင်းများအရ သိရသည်။

အဆိုပါ အဏုမြူနာရီသည် ယခင်က ကမ္ဘာ့အချိန်အတိကျဆုံးနာရီအဖြစ် စံချိန်တင်ထားသည့် အဏုမြူနာရီထက် ၄၁ ရာခိုင်နှုန်းခန့် ပို၍တိကျကြောင်း သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များ၏ အထက်ပါအဏုမြူနာရီသည် သုညကယ်လ်ဗင် (-၂၇၃ ဒသမ ၁၅ ဒီဂရီဆဲစီယပ်) နီးပါးအဆင့်ထိ အအေးခံထားသော အလူမီနီယမ်အိုင်ယွန်းမှုန့်များ၏ တုန်ခါလှိုင်းများကို တိုင်းတာခြင်းဖြင့် အချိန်ကိုတွက်ချက်ပေးသော အဏုမြူနာရီဖြစ်သည်။

ယခု အသစ်တည်ဆောက်ထားသော အဏုမြူနာရီသည် အချိန်ကို တိုင်းတာရာတွင် စက္ကန့်အဆင့်တွင် ဒသမနောက်ဂဏန်း ၁၉ လုံးထိ တိကျစွာတွက်ချက်ပေးနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် အချိန်ကာလကိုတိုင်းတာရာတွင် အထက်ပါ အဏုမြူနာရီသည် အမျိုးအစားတူ အဏုမြူနာရီများထက် ၂ ဒသမ ၆ ဆပို၍ တည်ငြိမ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အဆိုပါအဏုမြူနာရီကို တည်ဆောက်ရေးအတွက် အမျိုးသားစံချိန်စံညွှန်းနှင့်နည်းပညာအင်စတီကျူမှ သိပ္ပံပညာရှင်များအနေဖြင့် နှစ်ပေါင်း ၂၀ ကြာ သုတေသနပြုလုပ်ခဲ့ရကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## စမ်းသပ်ဆဲကာကွယ်ဆေးတစ်မျိုးက အနာဂတ်တွင် ကင်ဆာဆဲလ်မျိုးစုံကို တိုက်ဖျက်နိုင်ဖွယ်ရှိ

နယူးယောက် ဇူလိုင် ၂၂

အမေရိကန်သုတေသနပညာရှင်များ၏ စမ်းသပ်ဆဲကာကွယ်ဆေးတစ်မျိုးသည် အနာဂတ်ကင်ဆာဆဲလ်မျိုးစုံကို တိုက်ဖျက်နိုင်ဖွယ်ရှိကြောင်း ဇူလိုင် ၂၁ ရက် သတင်းများအရ သိရသည်။

ဖလော်ရီဒါတက္ကသိုလ်မှ အမေရိကန် သုတေသနပညာရှင်များ စမ်းသပ်ဖန်တီးထားသော mRNA ကာကွယ်ဆေးအမျိုးအစားသည် ကင်ဆာဆဲလ်များကို ပစ်မှတ်ထား ဖျက်ဆီးနိုင်ရေးအတွက် ခန္ဓာကိုယ်၏ ခုခံအားစနစ်ကို မြှင့်တင် လေ့ကျင့်ပေးနိုင်ကြောင်း သိရသည်။

လက်တွေ့ စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့် ရလဒ်များအရ အဆိုပါ ကာကွယ်ဆေးသည် ကင်ဆာဆဲလ်များကို ရှာဖွေဖျက်ဆီးရေးအတွက် ခုခံအားစနစ်ကိုမြှင့်တင်ပေးနိုင်ပြီး လေ့ကျင့်ပေးနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

မိမိတို့၏ mRNA ကာကွယ်ဆေးသည် အနာဂတ်တွင် ကင်ဆာရောဂါ မျိုးစုံအတွက် အသုံးပြုနိုင်မည့် ကုထုံးတစ်ခု ဖြစ်လာနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန်သုတေသနပညာရှင်များသည် ၎င်းတို့၏ mRNA ကာကွယ်ဆေးကို ဂလီယိုဘလပ်စတိုးမားဦးနှောက်ကင်ဆာလူနာ လေးဦးတို့ဖြင့် စမ်းသပ်ခဲ့ရာ ရလဒ်ကောင်းများပေါ်ထွက်ခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## အမျှင်ဓာတ်နည်းသည့်အစားအစာများကြောင့် နှလုံးရစ်တရက် ဖောက်နိုင်ခြေမြင့်မားနိုင်

ကင်ဘာရာ ဇူလိုင် ၂၂

အမျှင်ဓာတ်ပါဝင်မှု နည်းပါးသော အစားအစာများသည် နှလုံးရစ်တရက်ဖောက်နိုင်ခြေမြင့်မားနိုင်မှုနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇူလိုင် ၂၁ ရက် သတင်းများအရ သိရသည်။

ဩစတြေးလျ သုတေသနပညာရှင်များဦးဆောင်သည့် နိုင်ငံတကာသုတေသန ပညာရှင်များသည် ဥရောပနှင့်ဩစတြေးလျတို့ရှိ လူပေါင်း ၁၄၀၀ နီးပါးတို့၏ နှလုံးကျန်းမာရေး အခြေအနေများနှင့် အစားအစာစားသုံးမှုပုံစံများကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ အမျှင်ဓာတ်စားသုံးမှုနည်းပါးခြင်း၊ သွေးကြောများအတွင်း အဆီဓာတ်စုစည်းမှုတို့သည် နှလုံးရစ်တရက်ဖောက်နိုင်ခြေနှင့် ဆက်စပ်မှုရှိနိုင်ကြောင်း သုတေသနပညာရှင်၏ အဆိုအရ သိရသည်။

အမျှင်ဓာတ် စားသုံးမှုသည် အစာခြေစနစ်ကို မြှင့်တင်ပေးနိုင်ပြီး ရောင်ရမ်းမှုများကို လျှော့ချပေးနိုင်ကြောင်း၊ အလားတူ သွေးအတွင်း သကြားဓာတ်ပါဝင်မှုကိုလည်း လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် အမျှင်ဓာတ်စားသုံးမှုသည် နှလုံးရောဂါဆေးဝါးများ သို့မဟုတ် ကိုလက်စထရောလျှော့ချရေးဆေးများ သုံးစွဲနေကြသူများအတွက် အကျိုးကျေးဇူးရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Sputnik News

Trs : KKO



# လိုက်ဝယ်သာဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံဟောင်း ဗြိတိန်လက်ဝှေ့သမားဂျို့ရှ်တေလာ လက်ဝှေ့သမားဘဝမှ အနားယူ




လန်ဒန် ဇူလိုင် ၂၂

လိုက်ဝယ်သာ ဝိတ်တန်း၏ ပြိုင်ဘက်ကင်း ချန်ပီယံဖြစ်သူ ဗြိတိန်လက်ဝှေ့သမား ဂျို့ရှ်တေလာသည် လက်ဝှေ့လောကမှ အပြီးတိုင်အနားယူရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ဂျို့ရှ်တေလာသည် ပြိုင်ပွဲများတွင် ယှဉ်ပြိုင်ထိုးသတ်ရင်း မျက်လုံးဒဏ်ရာ ရရှိထားသူဖြစ်ပြီး ဆရာဝန်က မျက်လုံးအန္တရာယ်ရှိသည့် အဆင့်ဖြစ်သည့်အတွက် ထပ်မံထိခိုက်၍ မရနိုင်တော့သည့်အတွက် လက်ဝှေ့သမားဘဝမှ အနားယူရန် အကြံပေးလာသောကြောင့် ကစားသမားဘဝကို စွန့်လွှတ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျို့ရှ်တေလာသည် ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကသို့ မဝင်ရောက်မီကတည်းက ဗြိတိန်ကိုယ်စားပြုအနေဖြင့် Common-wealth Games လက်ဝှေ့ပြိုင်ပွဲများတွင် ဗြိတိန်အသင်းအတွက် ရွှေတံဆိပ်ဆုတစ်ဆုနှင့် ငွေတံဆိပ်ဆုသုံးဆုထိ ရယူပေးထားနိုင်သည့် ဗြိတိန်ဂုဏ်ဆောင် လက်ဝှေ့သမား တစ်ဦးလည်း ဖြစ်သည်။

ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကသို့ ကူးပြောင်းလာခဲ့ရာတွင်လည်း စိန်ခေါ်ပွဲပေါင်း ၂၂ ပွဲအထိထိုးသတ်ခဲ့ပြီး ၁၉ ပွဲအနိုင်ရရှိကာ သုံးပွဲရှုံးနိမ့်ခဲ့ပြီး လိုက်ဝယ်သာဝိတ်တန်း၏ ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဆုကိုလည်း ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ ထိန်းသိမ်းနိုင်ခဲ့သူလည်းဖြစ်သည်။

ဂျို့ရှ်တေလာက "မျက်လုံးဒဏ်ရာကဘယ်လိုမှ အဆင်မပြေနိုင်တော့ဘူးဆိုပြီး ဆရာဝန်က အကြံပြုလာတယ်။ ဆရာဝန်ကလဲ အမှန်တကယ်လိုအပ်လို့ အကြံပြုလာတဲ့အတွက် မဖြစ်မနေလိုက်နာရမှာ ဖြစ်တဲ့အတွက်ကြောင့် ကစားသမားဘဝကနေအနားယူဖို့ ဆုံးဖြတ်လိုက်တာ ဖြစ်ပါတယ်။ ဆရာဝန် အကြံပြုလာတဲ့အချိန် အနားမယူချင်လို့ ဆရာဝန်နဲ့ အသေးစိတ်ဆွေးနွေးခဲ့သေးတယ်။ မျက်လုံးဟာ လုံးဝကိုထိခိုက်ခံလို့ မရတော့တဲ့အတွက်ကြောင့် ဆရာဝန်ရဲ့ မဖြစ်မနေလိုက်နာရမဲ့ အကြံပြုချက်လဲဖြစ်တဲ့အတွက် စိတ်မကောင်းစွာနဲ့ ကစားသမားဘဝကိုစွန့်လွှတ်ဖို့ ဖြစ်လာခဲ့ရတယ်။ ကစားသမားဘဝတစ်လျှောက်လုံး အားပေးလာခဲ့ကြတဲ့ ပရိသတ်တွေအားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# ဖလာမင်ဂိုအသင်းက ဆောနီဂွက်ကို သုံးနှစ်စာချုပ်ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိ

ရီယိုဒီဂျနေရိုး ဇူလိုင် ၂၂

ဖလာမင်ဂိုအသင်းက အေတီကိုအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့် ကွင်းလယ်ကစားသမား ဆောနီဂွက်ကို သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူရန်အတွက် သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

အသက် ၃၀ နှစ်ရှိ ဆောနီဂွက်သည် အေတီကိုအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်က အသင်းနှင့် စတင်ပါဝင်ကစားခဲ့ကာ ကစားသမားဘဝအစောပိုင်းက အဓိကကစားသမားတစ်ဦးအဖြစ် ကာလရှည်ပါဝင်ကစားခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီနောက်ပိုင်း ဒဏ်ရာပြဿနာများကြောင့် ရုန်းကန်ခဲ့ရသူဖြစ်သည်။

ဆောနီဂွက်သည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က အေတီကိုအသင်းမှ ချဲလ်ဆီးအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သော်လည်း ခြေစွမ်းပြသနိုင်ခဲ့ခြင်းမရှိသည့်အတွက် ချဲလ်ဆီးအသင်းက အပြီးသတ်ခေါ်ယူခြင်းမရှိခဲ့သကဲ့သို့ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ဆီဗီလာအသင်းတွင် အငှားစာချုပ်ဖြင့် ကစားခဲ့သော်လည်း ခြေစွမ်းပြသနိုင်ခြင်းမရှိခဲ့ဘဲ ရုန်းကန်ခဲ့ရသည့်အတွက် ရာသီအကုန်တွင် အသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းက တူကီယဲကလပ် ထရန်ဇွန်စပေါ်လ်အသင်းက ဆောနီဂွက်ကိုခေါ်ယူရန် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ရာ အပြောင်းအရွှေ့ ဖြစ်မြောက်ရန် နီးစပ်ခဲ့သော်လည်း နောက်ပိုင်းတွင် ညှိနှိုင်းမှုများ အဆင်မပြေဖြစ်ပွားခဲ့ပြီးနောက် ပျက်ပြယ်ခဲ့ရသည့်အတွက် ဖလာမင်ဂိုအသင်းက ခေါ်ယူရန်ဆွေးနွေးခဲ့ရာမှ သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA




# အာဆီယံယူ-၁၆ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်း အုပ်စု(B)၌ကျရောက်

ရန်ကုန် ဇူလိုင် ၂၂

အာဆီယံ ယူ-၁၆ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲအတွက် အုပ်စုမဲခွဲမှုအပြီးတွင် မြန်မာအမျိုးသမီးအသင်းသည် အုပ်စု(B)၌ ဗီယက်နမ်အသင်း၊ ကမ္ဘောဒီးယားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက် ရှိနေကြောင်း သိရသည်။

အာဆီယံ ယူ-၁၆ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲကို အာဆီယံဒေသတွင်းမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းနှင့် ဩစတြေးလျအသင်းစသည့် အသင်းကိုးသင်းဖြင့် သုံးသင်း တစ်အုပ်စုခွဲကာ ကျင်းပသွားမည်ဖြစ်သည်။

အာဆီယံ ယူ-၁၆ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲအတွက် မဲခွဲမှုအပြီးတွင် အုပ်စု(A)၌ အင်ဒိုနီးရှားအသင်း၊ မလေးရှားအသင်းနှင့် တီမောလက်စ်တေအသင်း၊ အုပ်စု(B)တွင် ဗီယက်နမ်အသင်း၊ မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ အုပ်စု(C)တွင် ထိုင်းအသင်း၊ စင်ကာပူအသင်းနှင့် ဩစတြေးလျအသင်းတို့တစ်အုပ်စုတည်း ကျရောက်လျက်ရှိနေသည်။

အာဆီယံ ယူ-၁၆ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲတွင် အုပ်စုပွဲစဉ်များအပြီး၌ အုပ်စုတစ်ခုချင်းစီမှ အုပ်စုပထမနေရာရရှိသည့် အသင်းသုံးသင်းနှင့်အတူ အကောင်းဆုံး အုပ်စုဒုတိယနေရာရရှိသည့် အသင်းတစ်သင်း စုစုပေါင်း အသင်းလေးသင်းမှာ ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်မည်ဖြစ်သည်။

အာဆီယံ ယူ-၁၆ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲကို လာမည့် ဩဂုတ် ၂၀ ရက်မှ ၂၉ ရက်ထိ အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# US Open တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း ကျန်ကွင်းဝမ် အတည်ပြုထုတ်ပြန်

ဝါရှင်တန် ဇူလိုင် ၂၂

ကမ္ဘာ့အဆင့်(၆) နေရာတွင် ရပ်တည်နေသည့် တရုတ်တင်းနစ်မယ် ကျန်ကွင်းဝမ်သည် တံတောင်ဆစ်ဒဏ်ရာ ခွဲစိတ်ကုသမှုခံယူထားရသည့်အတွက်ကြောင့် အမေရိကန်နိုင်ငံတွင် ကျင်းပသွားမည့် US Open တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း ကျန်ကွင်းဝမ်၏မန်နေဂျာက ယနေ့တွင် အတည်ပြုထုတ်ပြန်ခဲ့သည်။

ကျန်ကွင်းဝမ်သည် ၂၀၂၄ ခုနှစ်အတွင်း ကစားသမားဘဝ၏ အမြင့်ဆုံးအောင်မြင်မှုများဆွတ်ခူးနိုင်ခဲ့သော်လည်း ၂၀၂၅ ခုနှစ်အတွင်း ဒဏ်ရာပြဿနာကြောင့် အောင်မြင်မှုများ ဆွတ်ခူးနိုင်ရန် ရုန်းကန်နေခဲ့ရသည်။

ကျန်ကွင်းဝမ်သည် တံတောင်ဆစ်ဒဏ်ရာ မကြာခဏရင်ဆိုင်နေရသည့်အတွက် ပွဲယှဉ်ပြိုင်စဉ်တွင်လည်း ပတ်တီးစည်းကာ ယှဉ်ပြိုင်ခဲ့ရသည်။

ဒဏ်ရာပြဿနာသည် ၎င်း၏ စွမ်းဆောင်ရည်ကို ကန့်သတ်နေသောကြောင့် ဒဏ်ရာအရှင်းပျောက်ကင်းနိုင်ရေးအတွက် ခွဲစိတ်ကုသမှုခံယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းလည်း ဆေးရုံတွင် ဆေးကုသမှုခံယူနေရသည့် မှတ်တမ်းဓာတ်ပုံဖြင့် ကျန်ကွင်းဝမ်၏ မန်နေဂျာဖြစ်သူက ပရိသတ်များကို အသိပေးခဲ့ကြောင်းသိရသည်။

ကျန်ကွင်းဝမ်သည် ဂရန်းစလန်းဆုဖလားကို ဆွတ်ခူးနိုင်ရေး အတွက် ပစ်မှတ်ထားနေပြီး US Open ပြိုင်ပွဲအတွက် ပြင်ဆင်မှုများ ပြုလုပ်ထားသူဖြစ်သော်လည်း စွမ်းဆောင်ရည်အား ကန့်သတ်ချက် ဖြစ်ပေါ်စေသည့် ဒဏ်ရာပြဿနာကို အကင်းပျောက်ရှင်းရန်အတွက် ခွဲစိတ်ကုသမှု ခံယူလိုက်သောကြောင့် US Open တင်းနစ်ပြိုင်ပွဲအမီ ဒဏ်ရာပြန်လည်သက်သာလာနိုင်ဖွယ်မရှိသည့်အတွက် ပြိုင်ပွဲမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲစည်းမျဉ်းပြောင်းလဲမှုအား လက်ခံကြောင်းTeam Europe အသင်းခေါင်းဆောင် လုခ်ဒေါ်နယ်ထုတ်ပြန်




ဝါရှင်တန် ဇူလိုင် ၂၂

PGA of Americaနှင့် Ryder Cup Europe အဖွဲ့ချုပ်တို့က ၂၀၂၅ ခုနှစ် အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်သွားမည့် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဥပဒေစည်းမျဉ်းတချို့ကို အပြောင်းအလဲပြုလုပ်သွားမည် ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ရာတွင် Team Europe အသင်းခေါင်းဆောင် လုခ်ဒေါ်နယ်က လက်ခံကြောင်း ယနေ့တွင် အတည်ပြုခဲ့သည်။

လုခ်ဒေါ်နယ်အတွက် အဆင်ပြေသည့် ဥပဒေစည်းမျဉ်းများ ဖြစ်ခဲ့သော်လည်း Team US ၏ အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူသွားမည့် ဘရက်ဒ်လေအတွက် အဆင်မပြေနိုင်သည့် ဥပဒေစည်းမျဉ်း ဖြစ်နေကြောင်းလည်း သိရသည်။

ဘရက်ဒ်လေသည် အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူသွားမည်ဖြစ်သလို ကစားသမားအနေဖြင့်လည်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားပြီး ယင်းထုတ်ပြန်ချက်အပြီးPGA of America နှင့် Ryder Cup Europe အဖွဲ့ချုပ်တို့က ဥပဒေ စည်းမျဉ်းပြောင်းလဲမှုကို ထုတ်ပြန်လာခဲ့ခြင်းဖြစ်သည်။

PGA of America နှင့် Ryder Cup Europe အဖွဲ့ချုပ်တို့က ပြောင်းလဲမှုပြုလုပ်သွားမည့် ဥပဒေစည်းမျဉ်းအသစ်မှာ ယခင်နှစ်များကဲ့သို့ ပြိုင်ပွဲဝင်နေစဉ် အသင်းခေါင်းဆောင်နှင့် ဒုတိယအသင်းခေါင်းဆောင် ငါးဦးတို့က ပြိုင်ပွဲဝင်များအား လွတ်လပ်စွာအကြံပေးခွင့်ရတော့မည်မဟုတ်ဘဲ အသင်းခေါင်းဆောင်တစ်ဦးကသာ အသင်းသားများဖြင့် ဆက်သွယ်အကြံပြုခွင့်ရတော့မည်ဖြစ်သည်။

အသင်းခေါင်းဆောင် တာဝန်သီးသန့် ထမ်းဆောင်သွားမည့် Team Europe အသင်းခေါင်းဆောင် လုခ်ဒေါ်နယ်အတွက် အသင်းသားများကို လွတ်လပ်စွာဆက်သွယ်အကြံပြုနိုင်မည် ဖြစ်သော်လည်း ပြိုင်ပွဲဝင်အနေဖြင့်လည်း ဝင်ရောက်ယှဉ်ပြိုင်သွားမည့် ဘရက်ဒ်လေအနေဖြင့် ပြိုင်ပွဲဝင်နေပါက အသင်းခေါင်းဆောင် တစ်ဦးအနေဖြင့် အသင်းသားများကို ဆက်သွယ်အကြံပြုနိုင်တော့မည်မဟုတ်သောကြောင့် ဘရက်ဒ်လေအတွက် အခက်အခဲဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

Ref : RT
Trs : AZL

# အင်္ဂလိပ်ဘာသာစကား ဘယ်ကစခဲ့သလဲ

အောင်ကြည်ညွန့်(တက္ကသိုလ်)

ကမ္ဘာတစ်ဝန်းလုံးရှိ ပြည်သူများသည် အခြားဘာသာစကားများထက် အင်္ဂလိပ်ဘာသာ စကားကို ကြိုးစားလေ့လာသင်ယူနေကြသည်။ အင်္ဂလိပ်စာသည် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းရေးနှင့် အပြည်ပြည်ဆိုင်ရာ(နိုင်ငံတကာ) ကုန်သွယ်မှုဆက်သွယ်ရေးအတွက် အရေးပါသောဆက်သွယ်ရေးဘာသာစကားဖြစ်သည်။ အင်္ဂလိပ်စာသည် သိပ္ပံဘာသာရပ်များနှင့် ဆေးဝါး၊ ဆေးသိပ္ပံဆိုင်ရာ ဘာသာရပ်များ၏ နိုင်ငံတကာစာပေဖြစ်လာသည်။ အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းအများစုသည် အင်္ဂလိပ်ဘာသာစကားအများစုဖြစ်ပြီး လေယာဉ်မောင်းသမားများသည် အင်္ဂလိပ်ဘာသာစကားပြောဆိုတတ်ရန် မဖြစ်မနေလိုအပ်သည်။

**ကမ္ဘာသုံးစာပေ**

အင်္ဂလိပ်စာသည် တောင်အမေရိကတိုက်နှင့် ဥရောပနိုင်ငံများ၏ကျောင်းများတွင် အဓိကကျသော နိုင်ငံခြားဘာသာစကားအဖြစ် သင်ကြားပေးနေသည်။ ဖိလစ်ပိုင်နိုင်ငံနှင့် ဂျပန်နိုင်ငံတွင် အစောပိုင်းကာလ မူလတန်းအရွယ်မှာပင် အင်္ဂလိပ်စာကို စတင်သင်ကြားပေးသည်။ အင်္ဂလိပ်စာသည် ကမ္ဘာပေါ်ရှိ နိုင်ငံ(၇၅)နိုင်ငံကျော်မျှပင် ရုံးသုံးဘာသာစကားဖြစ်နေပြီဖြစ်သည်။ ၎င်းနိုင်ငံတွင် ဗြိတိန်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ သြစတြေးလျနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံများ ပါဝင်ကြသည်။

ကမ္ဘာ့နိုင်ငံအတော်များများတွင် မိမိတို့၏ သက်ဆိုင်ရာ နိုင်ငံအလိုက် ဘာသာစကားများကို ရုံးသုံးဘာသာစကားအဖြစ် အသုံးပြုနေကြသော်လည်း တစ်ခါတရံ ပြည်သူအချင်းချင်း ဆက်သွယ်ရေးလွယ်ကူစေရန်အတွက် အင်္ဂလိပ်စာက ကြားခံအဖြစ် အကူအညီရသည်များရှိသည်။ အိန္ဒိယနိုင်ငံသည် ဤဖြစ်ရပ်အတွက် နမူနာကောင်းတစ်ခုဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် ဘာသာစကားအမျိုးပေါင်း ၂၄ မျိုးခန့်ပြောဆိုကြသည်။ ဟိန္ဒူစတန်နီဘာသာစကားမှာ ရုံးသုံးဖြစ်သော်လည်း အများနားလည်နိုင်သော ဘုံဘာသာစကားမှာအင်္ဂလိပ်ဘာသာစကားပင် အသုံးပြုကြောင်း တွေ့ရှိရသည်။ လေ့လာချက်များအရ အိန္ဒိယနိုင်ငံတွင် လူဦးရေ တစ်သန်းခန့် အင်္ဂလိပ်စာနှင့်စကားအသုံးပြုကြသည်။

**အင်္ဂလိပ်ဘာသာစကားဘယ်ကစ**

အင်္ဂလိပ်ဘာသာစကား၊ မည်သည့်နေရာက အစပြုခဲ့သည်ကို လေ့လာသင့်ပါသည်။ နောက်ဆက်တွဲအဖြစ် အင်္ဂလိပ်ဘာသာစကားသည် ဘာကြောင့် ဤမျှ ပေါ်ပြူလာဖြစ်လာရသည်ကိုပါ လေ့လာသင့်သည်။ ထိုသို့လေ့လာရန် လွန်ခဲ့သော နှစ် ၅၀၀၀ ခန့်ကိုပြန်သွားရမည်ဖြစ်ပြီး အဓိကထားလေ့လာရမည့်နေရာမှာ ဥရောပအရှေ့တောင်ပိုင်းအရပ်တွင်ရှိသော ပင်လယ်နက်၏ မြောက်ဘက်ဒေသပင်ဖြစ်သည်။

အဆိုပါ ဒေသတွင် ထိုအချိန်အခါက ပရိုတို-အင်ဒို-ယူရိုပီယမ် ဟုခေါ်သည့် ဘာသာစကားကို ပြောဆိုကြသည်ဟု သုတေသနပညာရှင်များက ဆိုသည်။ သို့သော် ဤဘာသာစကားသည် တာရှည်မခံဘဲ ပျောက်ကွယ်သွားသည်။ ဤဘာသာစကား၏အသံထွက်သည် ယခုခေတ် မည်သည့် ဘာသာစကားနှင့် ဆင်တူသည်ကို သုတေသနပညာရှင်များပြောဆိုရန် အခက်အခဲဖြစ်စေသည်။

သို့သော်လည်း ပရိုတို-အင်ဒို- ယူရိုပီယမ်သည် ဥရောပဒေသရှိ ပြည်သူများအသုံးပြုသော ရှေးကျသည့် ဘိုးဘေးဘီဘင်ဘာသာစကားတစ်ခုဖြစ်ကြောင်းကိုမူ လက်ခံယုံကြည်ကြသည်။ ရှေးခေတ်ဂရိဘာသာစကား၊ ရှေးခေတ် ဂျာမန်ဘာသာစကားနှင့် ရှေးခေတ်လက်တင်ဘာသာစကားများတွင် အထက်ဖော်ပြပါ "ပရိုတို-အင်ဒို- ယူရိုပီယမ်" ဘာသာစကားများ ရောပြွမ်းပါဝင်နေသည်။ လက်တင်ဘာသာစကားသည် ယခုအချိန်အခါကာလတွင် ပျောက်ကွယ်ခဲ့လေပြီ။ သို့သော် ဘာသာစကားကြီး သုံးရပ်နောက်ခံအဖြစ် ကျန်ခဲ့သည်ကို တွေ့ရသည်။ ၎င်းတို့မှာ "ခေတ်မီစပိန်ဘာသာစကား"၊ "ပြင်သစ်ဘာသာစကား" နှင့် "အီတလီဘာသာစကား" တို့ဖြစ်သော ရှေးခေတ်ဂျာမန်ဘာသာစကားမှ ဒတ်ဘာသာစကား၊ ဒိန်းနစ်ဘာသာစကား။ ဂျာမန်ဘာသာစကား။ နော်ဝေဘာသာစကားနှင့် ဆွီဒင်ဘာသာစကားများ ဟူ၍ခွဲထွက်သွားခဲ့သည်။ ၎င်းတို့အနက် ဘာသာစကားတစ်ခုသည် အင်္ဂလိပ်ဘာသာစကားအဖြစ် ဖွံ့ဖြိုးတိုးတက်ဖြစ်ပေါ်ခဲ့သည်။

**❖ နော်မန်အုပ်စိုးသူတို့အသုံးပြုခဲ့ကြသည့် ပြင်သစ်ဘာသာစကားသည် လွန်ခဲ့သော နှစ် ၈၀၀ ခန့်တွင် အကြီးအကျယ်ပြောင်းလဲသွားခဲ့ပြီး အင်္ဂလိပ်စကားပြောခြင်းကို ထိုအချိန်ကပင်စတင်ခဲ့သည်။ ဤသို့ စတင်ပြောင်းလဲအသုံးပြုသော အင်္ဂလိပ်ဘာသာစကားကို အလယ်ခေတ်အင်္ဂလိပ်စာဟု ဘာသာစကားကျွမ်းကျင်သူများက အမည်ပေးကြသည်။ အချိန်ကာလရွှေ့လျားပြောင်းလဲလာသည်နှင့်အမျှ နော်မန်သားများသည် ပြင်သစ်စကားစစ်ကို အသုံးမပြုကြတော့ပေ။ ၎င်းတို့၏ဘာသာစကားသည် ပြင်သစ်ဘာသာစကားနှင့် အလယ်ခေတ်အင်္ဂလိပ်ဘာသာစကားရောနှော၍ ပြောဆိုသည့်အဆင့်သို့ ရောက်ရှိသွားသည်။❖**

အင်္ဂလိပ်ဘာသာစကားဖြစ်ပေါ်ခဲ့ခြင်း အကျိုးတရားမှာ ဗြိတိန်ကျွန်းပေါ်သို့ လွန်ခဲ့သောနှစ်ရာပေါင်းများစွာက ရှေးလူများဝင်ရောက်အခြေချနေထိုင်ခဲ့ခြင်းကြောင့်ပင်ဖြစ်သည်။ ကျူးကျော်အခြေချဝင်ရောက်နေထိုင်သူများသည် ဥရောပမြောက်ပိုင်းကမ်းခြေဒေသတစ်လျှောက်တွင်ဖြစ်သည်။

**အစပထမအခြေချသူများ**

လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ခန့်က ပထမဦးဆုံးဝင်ရောက်လာပြီး အခြေချနေထိုင်ကြသူများမှ Angle ဟုခေါ်သော လူမျိုးများဖြစ်သည်။ Angle လူမျိုးများသည် ဂျာမန်မျိုးနွယ်စုဝင်များဖြစ်ကြပြီး အင်္ဂလိပ်ရေလက်ကြားကို ဖြတ်ကျော်ခဲ့ကြသူများဖြစ်သည်။ ကာလအတန်ကြာသောအခါ လူမျိုးစုကြီးနှစ်စု ဗြိတိန်သို့ရောက်ရှိပြီး အခြေချနေထိုင်ကြသည်။ ၎င်းနှစ်ဖွဲ့မှာ Saxons နှင့် Jutes မျိုးနွယ်စုတို့ဖြစ်သည်။ ဤ လူမျိုးစုနှစ်စုမှ Celts လူမျိုးနွယ်ဟု ဖြစ်ပေါ်လာပြီး ဗြိတိန်တွင် နှစ်ပေါင်းထောင်နှင့်ချီ၍ အခြေချနေထိုင်သွားကြသည်။ Celts မျိုးနွယ်စုနှင့် နောက်ပိုင်းကျူးကျော်ဝင်ရောက်လာသူတို့ တိုက်ပွဲများဖြစ်ကြသည်။

တိုက်ပွဲများတွင် Celts လူမျိုးများစွာ အသတ်ခံရသည်၊ စစ်သုံ့ပန်းများကို အခိုင်းအစေအဖြစ် အသုံးပြုကြသည်။ အချို့လူများသည် အခြားကျွန်းကြီးတစ်ခုသို့ ထွက်ပြေးတိမ်းရှောင်ပြီး ထိုကျွန်းပေါ်တွင် အခြေချနေထိုင်ကြတော့သည်။ ထိုကျွန်းသည် Wales ဒေသ ယခုဝေလနယ်ဟုခေါ်သော နေရာဖြစ်သည်။ နှစ်ရာပေါင်းများစွာ ကြာလာသည်နှင့်အမျှ Saxons, Angles, Jutes လူမျိုးစုသုံးခုသည် ၎င်းတို့၏ မတူညီသော ဘာသာစကားသုံးခုကို ရောနှောလိုက်ကြတော့သည်။ ဤသို့ မျိုးနွယ်သုံးခုပေါင်း ဘာသာစကားမှာ Anglo- Saxon ဘာသာစကားဖြစ်လာသည်။ Anglo – Saxon သည်ပင်လျှင် ရှေးဟောင်း အင်္ဂလိပ်ဘာသာစကား၏ အစပထမပင်ဖြစ်တော့သည်။

**ရှေးဟောင်းအင်္ဂလိပ်စာ အလွန်ခက်**

ရှေးဟောင်း အင်္ဂလိပ်ဘာသာစကားသည် နားလည်ရန် အလွန်ခက်ခဲသကဲ့သို့ ရှေးဟောင်းအင်္ဂလိပ်စာကို နားလည်ကျွမ်းကျင်သူ အနည်းငယ်သာ ဖတ်နိုင်သည်။ ရှေးဟောင်းအင်္ဂလိပ်စာအရေးအသားများ ယခုထက်တိုင် ကျန်ရှိနေသေးသည်။ အကျော်ကြားဆုံးမှာ Beowulf ကဗျာဖြစ်သည်။ Beowulf သည် ရှေးအကျဆုံးသော အင်္ဂလိပ်ကဗျာတစ်ပုဒ်ဖြစ်သည်။ ဤကဗျာကြီးသည် ဗြိတိန်တွင် လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်က ရေးခဲ့သော ကဗျာဖြစ်သည်ဟု ဘာသာစကားကျွမ်းကျင်သူများက ယူဆကြသည်။ ကဗျာရေးဖွဲ့သူ၏ အမည်ကိုပင် မည်သူမျှမသိကြပါ။ 'Beowulf ' ကဗျာ၏ အဓိပ္ပာယ်မှာ ဘုန်းတန်ခိုးကြီးမြတ်သော ဘုရင်တစ်ပါး၏အကြောင်းကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ ဘုရင်ကြီးသည် မွန်းစတား ခေါ် ကြီးမားသော သတ္တဝါကြီးများကို ရဲရဲဝံ့ဝံ့နှိမ်နင်းအောင်မြင်သူဖြစ်သည်။ ပြည်သူပြည်သားများက ချစ်မြတ်နိုးသော မင်းကောင်းမင်းမြတ်တစ်ပါးဖြစ်သည်။ ရှေးခေတ်ကဗျာကို ယခုခေတ်ပေါ် အင်္ဂလိပ်စာဖြင့် ပြန်လည်ရေးသားထားသည်။

**ဗိုက်ကင်းများကျူးကျော်**

လွန်ခဲ့သော နှစ်ပေါင်း ၁၁၀၀ ကျော်ခန့်က အလွန်ထင်ရှားသော ကျူးကျော်ဝင်ရောက်မှုကြီး ဗြိတိန်နိုင်ငံ မြောက်ဖျားဒေသတွင် ဖြစ်ပေါ်ခဲ့သည်။ ကြမ်းတမ်းရက်စက်၍ ကြောက်မက်ဖွယ်ရာ ကောင်းသော သူများဖြစ်ကြသည်။ သူတို့ကို ဗိုက်ကင်းဟုခေါ်ကြသည်။ ဗိုက်ကင်းတို့သည် ဗြိတိန်ကမ်းခြေဒေသကို ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ကြသည်။ ဗိုက်ကင်းများသည် ဒိန်းမတ်နှင့် နော်ဝေနိုင်ငံတို့မှ ရောက်လာခြင်းဖြစ်သည်။ ဥရောပမြောက်ပိုင်း နိုင်ငံများမှလည်းပါဝင်သည်။ သူတို့သည် မြင်တွေ့သမျှကိုတိုက်ခိုက်လုယူကြပြီး ကုန်ရောင်းကုန်ဝယ်ပစ္စည်းများသာမက လူများကိုပင် ရောင်းရန်ဖမ်းဆီးခေါ်ဆောင် သွားတတ်သည်။ အဖိုးတန်ပစ္စည်းမှန်သမျှကိုလည်း ယူဆောင်သွားကြသည်။

**ဗိုက်ကင်းတို့စကား**

နောက်ဆုံးတွင် ဗိုက်ကင်းအများစုသည် ဗြိတိန်တွင် အခြေချနေထိုင်ကြတော့သည်။ ယနေ့ကာလတွင် အသုံးပြုနေသော အင်္ဂလိပ်စကားလုံးများသည် များသောအားဖြင့် ရှေ့ခေတ်ဗိုက်ကင်းတို့ထံမှ ဆင်းသက်လာခြင်းဖြစ်သည်။

**နော်မန်တို့ကျူးကျော်**

ဗြိတိန်ဒေသသို့ အခြားသော ကျူးကျော်ဝင်ရောက်မှုတစ်ခုမှာ လွန်ခဲ့သော နှစ်ပေါင်း (၉၀၀) ခန့်က ဖြစ်သည်။ ပြင်သစ်စကားပြောသော နော်မန်ဆိုသူများဖြစ်သည်။ ပြင်သစ်နိုင်ငံမြောက်ပိုင်း “နော်မန်ဒီ" ကမ်းခြေအရပ်တွင် နေထိုင်ကြသည်။ ၎င်းတို့သည် ဗြိတိန်၏အုပ်စိုးသူအသစ်များဖြစ်လာကြသည်။ အုပ်စိုးသူအသစ်များသည် ပြင်သစ်ဘာသာစကားတစ်မျိုးတည်းကိုသာ နှစ်ပေါင်းရာနှင့်ချီ၍ ပြောခဲ့ကြသည်။ ထိုအချိန်ကာလက ပြင်သစ်ဘာသာစကားသည် ကမ္ဘာပေါ်တွင် အလွန်အရေးပါအရာရောက်သော ဘာသာစကားတစ်ခုဖြစ်သည်။ ပညာတတ်လူတန်းစားများ အသုံးပြုသောစကားလည်းဖြစ်သည်။ သို့သော် အများပြည်သူများကမူ ၎င်းတို့၏ မူလဘာသာစကားဖြစ်သော ရှေးဟောင်းအင်္ဂလိပ်ဘာသာစကားကိုသာ ပြောကြသည်။ ရှေးဟောင်းအင်္ဂလိပ်တွင်လည်း နော်မန်၊ ပြင်သစ်စကားလုံးများစွာကို မွေးစားရယူသည်။

**အင်္ဂလိပ်ဘာသာစကားစပြီ**

နော်မန်အုပ်စိုးသူတို့ အသုံးပြုခဲ့ကြသည့် ပြင်သစ်ဘာသာစကားသည် လွန်ခဲ့သော နှစ် ၈၀၀ ခန့်တွင် အကြီးအကျယ်ပြောင်းလဲသွားခဲ့ပြီး အင်္ဂလိပ်စကားပြောခြင်းကို ထိုအချိန်ကပင်စတင်ခဲ့သည်။

ဤသို့ စတင်ပြောင်းလဲအသုံးပြုသော အင်္ဂလိပ်ဘာသာစကားကို အလယ်ခေတ်အင်္ဂလိပ်စာဟု ဘာသာစကားကျွမ်းကျင်သူများက အမည်ပေးကြသည်။ အချိန်ကာလရွှေ့လျားပြောင်းလဲလာသည်နှင့်အမျှ နော်မန်သားများသည် ပြင်သစ်စကားစစ်ကို အသုံးမပြုကြတော့ပေ။ ၎င်းတို့၏ ဘာသာစကားသည် ပြင်သစ်ဘာသာစကားနှင့်အလယ်ခေတ် အင်္ဂလိပ်ဘာသာစကားရောနှော၍ ပြောဆိုသည့်အဆင့်သို့ ရောက်ရှိသွားသည်။

အလယ်ခေတ်အင်္ဂလိပ်စာအသံထွက်မှာ ယခုခေတ်သုံး အင်္ဂလိပ်ဘာသာစကားနှင့် အလွန်ဆင်တူပြီး နီးစပ်လှသည်။ သို့သော် ယခုခေတ်တွင် အလယ်ခေတ်အင်္ဂလိပ်စကားပြောဆိုလျှင် နားလည်ရန် အခက်အခဲရှိသည်ဟု ဆိုနိုင်သည်။ သို့သော် ထိုခေတ်က ရေးသားထားသောစာများ ယခုအထိရှင်သန်နေပါသည်။ ကဗျာဆရာကြီး Geoffrey Chaucer ၏ အရေးအသားသည် ကမ္ဘာကျော်ခဲ့သည်။ ဆရာကြီးသည် ၁၄၀၀ နှစ်၌ လန်ဒန်မြို့တွင် ကွယ်လွန်သည်။ အင်္ဂလိပ်ဘာသာစကားသည် ကမ္ဘာလုံးဆိုင်ရာ သန်းပေါင်းများစွာသော ပြည်သူများ၏ဆက်သွယ်ပြောဆိုနိုင်သည့်ကြားခံဘုံဘာသာစကားတစ်ခုအဖြစ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ လက်ရှိအချိန်တွင် အင်္ဂလိပ်ဘာသာစကားသည် ဘာသာ၊ စာပေ၊ စကားမတူညီကြသော လူမျိုးအသီးသီးတို့၏ဆက်သွယ်ရေးကို အကူအညီပေးနိုင်သည့် ဘာသာစကားတစ်ရပ်အဖြစ်လည်း ဖြစ်တည်ခဲ့ပြီးဖြစ်ကြောင်း လေ့လာဖော်ပြလိုက်ပါသည်။

**ကိုးကား**

- **2011 January လထုတ် American Mosaic Magazine မှ Paul Thompson ၏ "Where did the English Language Come From" ကို တိုက်ရိုက်ဘာသာပြန်သည်။**

# ရေစက်တို့သည်လည်း တစ်ခါတစ်ရံမဆုံဆည်းသာ ဇာတ်လမ်းတွဲ Press Show ကို အလုံမြို့နယ်ရှိ Zealax Hotel & Residence ၌ ကျင်းပ




**ရန်ကုန် ဇူလိုင် ၂၂**

ဇူလိုင် ၂၅ ရက်တွင် MRTV – 4၊ HEY PLAY Application နှင့် HEY PLAY You Tube Channel တို့မှ ထုတ်လွှင့်မည့် ရေစက်တို့သည်လည်း တစ်ခါတစ်ရံမဆုံဆည်းသာ ဇာတ်လမ်းတွဲ Press Show ကို ဇူလိုင် ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Zealax Hotel & Residence ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရေစက်တို့သည်လည်း တစ်ခါတစ်ရံမဆုံဆည်းသာ ဇာတ်လမ်းတွဲသည် စာရေးဆရာမ လမင်းမိုမို၏ ရေစက်တို့သည်လည်း တစ်ခါတစ်ရံမဆုံဆည်းသာ လုံးချင်းဝတ္ထုကို Soul of Stars အဖွဲ့က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ ပြည့်ဖြိုးနိုင်က ရိုက်ကူးထားသည့် ဒရာမာဇာတ်လမ်းတွဲဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲမှာ အစ်ကိုနေတိုးနဲ့ ဆုံရတဲ့အတွက်လဲ ဝမ်းသာမိပါတယ်။ မြတ်သူတို့ မဆုံကြတာကြာခဲ့ပြီပေါ့။ ဒီဇာတ်လမ်းကို ဖတ်ပြီးတဲ့အခါ ပရိသတ်တွေက သူတို့စိတ်ကူးထဲမှာ ပုံဖော်ထားပြီးဖြစ်တဲ့ ပွင့်ဦးလှရဲ့ ကာရိုက်တာကို မိအောင်လုပ်ရမယ်ဆိုတဲ့ ဖိအားက တော်တော်လေးရှိပါတယ်။ ဒီအတွက် သေသေချာချာလေး ပြင်ဆင်ထားပါတယ်။ ဒီဇာတ်လမ်းတွဲလေး ထုတ်လွှင့်ရင် ပွင့်ဦးလှဖြစ်၊မဖြစ် ပြောပေးကြပါအုံး" ဟု အေးမြတ်သူက ပြောပြသည်။

ရေစက်တို့သည်လည်း တစ်ခါတစ်ရံမဆုံဆည်းသာ ဇာတ်လမ်းတွဲတွင် နေတိုး၊ သူထူးစံ၊ အေးမြတ်သူ၊ နော်ဖောအယ်ထားနှင့် အနုပညာရှင်များစွာ ပါဝင်ထားပြီး ဇူလိုင် ၂၅ ရက်မှ စတင်ကာ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ၊ ညစဉ် ည ၇ နာရီအချိန်တွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Judge Dredd ဇာတ်ကားကို ဒါရိုက်တာ တိုင်ကာဝေတီတီ ရိုက်ကူးမည်

**နယူးယောက် ဇူလိုင် ၂၂**

Judge Dredd ဇာတ်ကားကို Jo Jo Rabbit ဒါရိုက်တာ တိုင်ကာဝေတီတီက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဇူလိုင် ၂၁ ရက် သတင်းများအရ သိရသည်။

Judge Dredd ဇာတ်ကားသည် ဗြိတိန်ရုပ်ပြကာတွန်းဇာတ်ကောင်တစ်ကောင်ဖြစ်သည့် Dre-dd ဇာတ်ကောင်ကို အခြေခံရိုက်ကူးမည့်ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

Judge Dredd ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒရူးပီးရက်က တာဝန်ယူရေးသားပေးမည် ဖြစ်ကြောင်း သိရသည်။

ဒရူးပီးရက်သည် Fall Guy နှင့် Mission: Impossible–Rogue Nation ဇာတ်ကားများအတွက် ဇာတ်ညွှန်းရေးသား ပေးခဲ့သူဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Judge Dredd ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ထုတ်လုပ်သူများက လျှို့ဝှက်ထားဆဲဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါ ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင်များကိုလည်း ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**






# တေးသံရှင် ဟေမာနေဝင်း၊ ထက်နေကြည်၊ ဖိုးပြည့်၊ ဇွဲပြည့်၊ ဖြူဖြူဟန်တို့၏ တေးဂီတဖျော်ဖြေပွဲကို တောင်ကြီးမြို့ရှိ 360° Bar & Restaurant ၌ ပြုလုပ်မည်




**ရန်ကုန် ဇူလိုင် ၂၂**

တေးသံရှင် ဟေမာနေဝင်း၊ ထက်နေကြည်၊ ဖိုးပြည့်၊ ဇွဲပြည့်၊ ဖြူဖြူဟန်တို့၏ တေးဂီတဖျော်ဖြေပွဲကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ 360° Bar & Restaurant ၌ ဇူလိုင် ၂၄ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဟေမာနေဝင်းထံမှ သိရသည်။

အဆိုပါ သီဆိုဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုမှုများကို Narrators Music Band တေးဂီတအဖွဲ့နှင့် ပင်တိုင်အဆိုတော်များကလည်း ပါဝင်ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"တောင်ကြီးက ဟိုတုန်းက ပရိသတ်တွေနဲ့ မကြာမကြာဆုံခဲ့ဖူးတဲ့နေရာလေးပါ။ အခုလို ဂီတမောင်နှမတွေ အများကြီးနဲ့ ဖျော်ဖြေခွင့်ရတော့ ဟိုတုန်းက ဂီတဖျော်ဖြေပွဲတွေကို လွမ်းမိပါတယ်။ ဇူလိုင် ၂၄ ရက် ညမှာ ဂီတမောင်နှမတွေ အင်အားကောင်းကောင်းနဲ့ ပရိသတ်တွေကို အားပါးတရဖျော်ဖြေဖို့ စီစဉ်ထားပါတယ်"ဟု တေးသံရှင် ဟေမာနေဝင်းက ပြောပြသည်။

360° Bar & Restaurant တွင် ပြုလုပ်မည့် တေးသံရှင် ဟေမာနေဝင်း၊ ထက်နေကြည်၊ ဖိုးပြည့်၊ ဇွဲပြည့်၊ ဖြူဖြူဟန်တို့၏ တေးဂီတဖျော်ဖြေပွဲကို ဇူလိုင် ၂၄ ရက် ည ၇ နာရီတွင် စတင်ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Remote ထိတ်လန့်သည်းဖိုဇာတ်ကားသစ်၌ မင်းသမီး အက်ဒရီယာနီပါလစ်ကီ ပါဝင်ထား

**နယူးယောက် ဇူလိုင် ၂၂**

Remote အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကားသစ်၌ မင်းသမီး အက်ဒရီယာနီပါလစ်ကီ ပါဝင်သရုပ်ဆောင်ထားကြောင်း ဇူလိုင် ၂၁ ရက် သတင်းများအရ သိရသည်။

မင်းသမီးအက်ဒရီယာနီပါလစ်ကီသည် Friday Night Lights ဇာတ်ကား၊ John Wick ဇာတ်ကားတို့ဖြင့် ထင်ရှားသူဖြစ်ကြောင်း သိရသည်။

Remote ဇာတ်ကားတွင် အက်ဒရီယာနီပါလစ်ကီသည် ပေ ၃၀ အရှည်ရှိ နောက်တွဲယာဉ်ထဲ၌ ခုနစ်လကြာ တစ်ဦးတည်းနေခဲ့ရသော အမျိုးသမီးတစ်ဦးအဖြစ် သရုပ်ဆောင်ထားသည်။

Remote ဇာတ်ကားကို ဒါရိုက်တာ စတီဗင်ဒီဂျန်နာရိုက တာဝန်ယူရိုက်ကူးမည် ဖြစ်ကြောင်း သိရသည်။

Remote ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ စတီဗင်ဒီဂျန်နာရိုကိုယ်တိုင် ရေးသားပေးထားကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားတွင် အက်ဒရီယာနီပါလစ်ကီနှင့် အတူ မင်းသား ရောဂျာဂွန်ဗာစယ်နှင့် ခရစ်ဂျွန်ဆင်တို့လည်း ပါဝင်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# ထိုင်းနိုင်ငံတွင် ကျင်းပမည့် Mister International 2025 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမောင်အဖြစ် ရာဇာထက်အောင် သွားရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇူလိုင် ၂၂**

ထိုင်းနိုင်ငံတွင် ကျင်းပမည့် Mister International 2025 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမောင်အဖြစ် ရာဇာထက်အောင် သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း Mister Myanmar 2025 Winner ဆုရှင် အလှမောင် ရာဇာထက်အောင်က ပြောပြ၍ သိရသည်။

Mister International 2025 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမောင်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် Mister Myanmar 2025 Grand Final ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ Era-vati Sule Hotel တွင် ဇူလိုင် ၂၁ ရက်က ကျင်းပခဲ့ခြင်းဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် အလှမောင် ရာဇာထက်အောင်က Mister Myanmar 2025 Winner ဆုကို ဆွတ်ခူးရရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ဒီဆုရမယ်လို့လဲ မျှော်မှန်းမထားပါဘူး။ ထိုင်းနိုင်ငံကို မြန်မာနိုင်ငံကိုယ်စားပြုအနေနဲ့ သွားရောက်ယှဉ်ပြိုင်ရမှာမို့ ဆက်လက်ပြီး အများကြီး ကြိုးစားသွားပါ့မယ်" ဟု Mister Myanmar 2025 Win ner ဆုရှင် အလှမောင် ရာဇာထက်အောင်က ပြောပြသည်။

Mister Myanmar 2025 Grand Final ပြိုင်ပွဲတွင် Mister Myanmar 2025 Winner ဆုကို အလှမောင် ရာဇာထက်အောင်၊ 4th Runner Up ဆုကို အလှမောင် Koe၊ 3rd Runner Up ဆုကို အလှမောင် Lum Tu Arsin၊ 2nd Runner Up ဆုကို အလှမောင် သက်ဝေကို၊ 1st Runner Up ဆုကို အလှမောင် Rico Htut တို့က ဆွတ်ခူးရရှိခဲ့ကြောင်း အလှမောင် ရာဇာထက်အောင်က ဆက်လက်ပြောပြ၍ သိရသည်။

ASH

# Traders sell 90-day paddy to Yangon market in June



Harvested paddy being put into bags.

**Dedaye July 22**

Traders from Dedaye Township of Ayeyawady Region sold a large volume of 90-day paddy to Yangon market in June, said Daw Myat Myat Thu, the owner of rice and paddy trading in Dedaye Township.

Local merchants sent 55,000 baskets of 90-day paddy to Yangon market in May, compared to 65,000 baskets in June.

"Since the first week of June, demand from the Yangon rice and paddy market has increased. From our side, we've been able to export and sell up to 65,000 baskets of 90-day paddy to the Yangon market. Buyers from Yangon are actively purchasing rice and paddy from Ayeyawady Region for the domestic rice market. Currently, the Yangon market is still buying paddy, and the quality of the paddy being exported is good," said Daw Myat Myat Thu, a rice and paddy market trader from Dedaye Township.

The 90-day paddy exported from Dedaye Township to the Yangon market has reached a price of up to K1.49 million per 100 baskets. Due to the continuous export and sale of these paddies, traders, farmers, truck rental operators, and cargo handling workers are all experiencing smooth and active business operations.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Shwebo Township grows more than 9,000 acres of groundnut this year

**Shwebo July 22**

According to records from the Shwebo Township Department of Agriculture, over 9,000 acres of groundnut have already been cultivated during this year's monsoon cropping season in Shwebo Township, Shwebo District, Sagaing Region.

In the 2025-2026 monsoon cropping season, a total of 10,370 acres of groundnut were planned for cultivation in Shwebo Township. Planting began in May this year, and as of today, 9,009 acres have been successfully cultivated.

"This year, over 10,000 acres of groundnut are targeted for cultivation in Shwebo Township during the monsoon season. So far, more than 9,000 acres have already been cultivated. Efforts are ongoing to meet the full target acreage. As an oil crop, groundnut is in a successful position, and cultivation has been increasing year by year," said U San Oo, Head of the Shwebo Township Department of Agriculture.

Farmers need to use 1.5 baskets of quality seeds of groundnut in cultivation and they have to spend more than K200,000 per acre for labour charge, cost of fertilizers and pests. But, they can bag more than 50 baskets of groundnut per acre.

This year, officials of the Agriculture Department made field trips to the groundnut plantations in the township and advised local farmers to thrive the corps, prevent pests and remove weeds.

206



A groundnut plantation.

# More than 31,000 acres of croplands placed under rain-fed sesame in Ayadaw Township

**Ayadaw July 22**

More than 31,000 acres of rain-fed sesame has been planted in Ayadaw Township of Sagaing Region, according to Monywa District Agriculture Department.

During the 2025-2026 monsoon cropping season, 43,020 acres of sesame are planned to be cultivated in Ayadaw Township. Cultivation began in May this year, and as of today, a total of 31,210 acres have already been planted.

"This year, during the monsoon cropping season, over 43,000 acres of sesame are planned for cultivation in Ayadaw Township. So far, more than 31,000 acres have already been cultivated. Efforts are ongoing to ensure the full target acreage is achieved. Work is also being done to expand the cultivated area, increase yield, and encourage cultivation using GAP (Good Agricultural Practices) methods," said Daw San San Myint, Head of the Monywa District Department of Agriculture.

This year, the Ayadaw Township Department of Agriculture is providing guidance to sesame farmers on expanding sesame cultivation, applying proper cultivation methods and GAP techniques, using quality and pure seeds, and planting high-yield sesame varieties.

The crops planted in good agricultural practice-GAP will have higher quality than other usual crops and fetch higher prices. Moreover, the GAP-applied crops can be exported to foreign markets. So, the farmers applying GAP will have larger benefits from their farming tasks and enjoy improved socioeconomic life.

206

# 70,000 viss of white pomfret fish sent to Yangon market in June

**Bogale July 22**

Businesspersons from Bogale Township of Ayeyawady Region sent 70,000 viss of white pomfret fish to Yangon market in June, said Daw Myint Khaing, the owner of fisheries product trading in BogaleTownship.

In the month of May, up to 50,000 viss of white pomfret fish were supplied from Bogale Township to the Yangon market. In June, sale of the fish increased to 70,000 viss, due to growing domestic market demand for this type of fish.

"Among the locally produced fishery products, white pomfret fish have shown strong sales performance. Over the past month, we managed to sell up to 70,000 viss. Increased demand from buyers in Yangon for white pomfret fish from our side has driven up the volume of sales. These fish are regularly supplied to local wholesale markets and are known for their freshness. With the rise in sales, those involved in the fisheries sector are seeing better outcomes. The majority of fishery products from this region are mainly sent to Yangon. Transporting and selling goods to Yangon has been going smoothly," said Daw Myint Khine.

Fishery product traders in Bogale Township purchase locally sourced products, including white pomfret, and ensure proper inspection and hygiene before mainly sending them to the Yangon market. These products are then further distributed and sold to other regions from Yangon. Currently, white pomfret fish fetches K17,500 per viss per day.

Kyaw Kyaw Lin



White pomfret fish.

# 76,000 pieces of coconut shipped to Yangon market in June



A shop selling coconuts.

**Danubyu July 22**

Local businesspersons and farmers from Danubyu Township of Ayeyawady Region supplied 76,000 pieces of coconut to Yangon market in June, said Daw Hla Hla Htay, the owner of coconut wholesale depot in Danubyu Township.

In May of this year, only up to 550,000 pieces of coconut were able to be sold from Danubyu Township to the Yangon market. However, in June, the volume increased to 760,000 pieces of coconut. These coconuts are currently being sold for up to K95,000 per 100 pieces of fruits.

"Our region exports both farm products and garden produce to the Yangon market. Over the past month, we sold up to 760,000 pieces of coconuts. At present, there is strong demand for locally grown coconuts in the Yangon market. We've learned that there is growing domestic demand for coconuts. The current coconut price is also favourable for farmers," said Daw Hla Hla Htay.

Coconuts from Danubyu Township are processed and sold in three forms—dried coconuts, green coconuts, and grated or shelled coconuts—and transported using trucks and cargo boats. Due to the improved market prices and strong purchasing demand, coconut farmers, laborers, wholesale traders, and cargo vehicle operators are currently enjoying good business conditions.

Kyaw Kyaw Lin

# Maubin Township sells a large volume of tender areca nuts to Yangon in June

**Maubin July 22**

Local horticultural farmers and businesspersons from Maubin Township of Ayeyawady Region dispatched a large volume of tender areca nut to Yangon market in June, said Daw Kyi San, the owner of areca nut trading depot in Maubin Township.

In May, only up to 55,000 viss of grated areca nuts from Maubin Township were exported and sold to the Yangon market. However, In June, that volume increased to 80,000 viss. The rise in sales of grated areca nuts is attributed to strong domestic demand.

"In June, a large volume of grated areca nuts was sold from Maubin Township to the Yangon market. Because of increasing orders, we had to send even more to Yangon. Currently, the price of one viss of grated areca nut has reached up to K11,500. With trading activity going strong, those engaged in areca nut farming are operating their businesses smoothly," said Daw Kyi San.

Traders go directly to areca nut plantations in Maubin Township to purchase the grated nuts, which are then carefully selected, packaged, and transported for sale in the Yangon market. From Yangon, they are also exported to foreign markets. In the past, only green and dried areca nut markets existed. But now, there is active trade in grated areca nuts, which no longer need to be stored until fully ripe before being sold.

Kyaw Kyaw Lin



Tender areca nuts.

# Over 5,000 acres of cotton cultivated in Chaung-U Township during this year's monsoon season

**Chaung-U July 22**

In Chaung-U Township, part of Monywa District in Sagaing Region, over 5,000 acres of cotton have been successfully cultivated during this year's monsoon planting season, according to the Chaung-U Township Agriculture Department.

For the 2025-2026 fiscal year's monsoon season, Chaung-U Township had planned to cultivate 12,288 acres of cotton. Planting began in May of this year, and as of today, 5,984 acres have already been completed.

"This monsoon season, Chaung-U Township aimed to cultivate over 10,000 acres of cotton. To date, more than 5,000 acres have been successfully planted, and cultivation efforts are ongoing. To support farmers in producing high-quality cotton, the department has been providing them with certified seeds to ensure timely planting," said U Tint Swe, the township agriculture officer.

This year, the Chaung-U Township Agriculture Department has conducted training programs to assist cotton farmers in accessing high-quality seeds, preventing pest and disease outbreaks in advance, improving yields, and adopting proper cultivation techniques. The department continues to provide necessary technical support to cotton growers.

The cost of cotton cultivation is approximately 350,000 kyats per acre, with an expected yield of around 1,000 viss per acre.

Cotton can be intercropped with other crops such as onions (as a preceding crop) or lablab beans (as a relay crop), allowing farmers to earn additional income from multiple harvests.

Cotton is successfully cultivated and produced in 19 townships across Sagaing Region, including Sagaing, Monywa, Yinmabin, Shwebo, and Kanbalu districts. 206

# Air India completes fuel control switch inspections, reports no faults

**New Delhi July 22**

Air India announced the completion of precautionary inspections of the Fuel Control Switch (FCS) locking mechanisms across its Boeing 787 Dreamliners and Boeing 737 aircraft, finding no issues.

This follows a directive from India's Directorate General of Civil Aviation (DGCA) issued on July 14, after a tragic crash of a Boeing 787-8 on June 12, which resulted in the deaths of 260 people and injuries to 67 others.

The inspections, which began voluntarily on July 12, were completed by the July 21 deadline set by the DGCA, in line with a Special Airworthiness Information Bulletin from the U.S. Federal Aviation Administration regarding potential disengagement of the FCS locking feature.

The DGCA's directive was prompted by preliminary findings from India's Aircraft Accident Investigation Bureau (AAIB), which indicated that confusion over engine switch movements led to a cutoff of fuel to the engines during the crash.

The AAIB's preliminary report, released a month after the incident, found no significant faults with the aircraft or its engines and did not recommend any immediate actions for the manufacturer or operators. Xinhua

# One Big Beautiful Bill Act to add more deficit by 2034, U.S. budget office says

**New York July 22**

The One Big Beautiful Bill Act, which was signed into law on July 4, would add 3.39 trillion U.S. dollars to the U.S. deficit from 2025 to 2034, according to a report issued by the Congressional Budget Office (CBO) on Monday.

The latest estimate by CBO is higher than its estimate of 3.25 trillion U.S. dollars made at the end of June, shortly before the act passed Congress.

The increase in the deficit is estimated to result from a decrease in direct spending of 1.1 trillion dollars and a decrease in revenues of 4.5 trillion dollars, said CBO.

The tax and budget act represents U.S. President Donald Trump's agenda policies, including tax cuts and funding boosts for military expenditure and border security.

The mega act is highly controversial among lawmakers and Americans from different parties or income groups.

The act's huge effects on the U.S. deficit in the coming years raised concerns from home and abroad.

The act is estimated to increase U.S. borrowing by 4.1 trillion dollars, with interest included, according to Maya MacGuineas, president of the Committee for a Responsible Federal Budget.

"It's still hard to believe that policymakers just added 4 trillion dollars to the debt. Many supporters of this law have spent months or years appropriately fuming about our unsustainable fiscal situation. But when they actually had an opportunity to fix it, they instead made it 4 trillion dollars worse," said MacGuineas in a statement on Monday.

As of mid-2025, the U.S. national debt stands at over 36.2 trillion dollars, and the debt-to-GDP ratio has exceeded its peak during World War II. Xinhua

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်သိပ္ပံပညာရှင်များက ဒုံးကျည်တိုက်ခိုက်မှုများစောင့်ကြည့်ရန်အတွက် မြန်နှုန်းမြင့် အနီအောက်ရောင်ခြည်အာရုံခံကိရိယာတစ်ခုကိုတီထွင်ခဲ့



တရုတ်သိပ္ပံပညာရှင်များသည် မီးအပူဒဏ်ကိုခံနိုင်သော မီးပိုးတောင်မာကောင်(fire beetle) ဒုံးကျည်တိုက်ခိုက်မှုများကိုစောင့်ကြည့်ရန် ထောက်လှမ်းရန်အတွက် အလွန်မြန်နှုန်းမြင့် အနီအောက်ရောင်ခြည် အာရုံခံကိရိယာတစ်ခုကို တီထွင်နိုင်ခဲ့ကြောင်း Intere-sting Engineering သတင်းဌာနက ဇူလိုင် ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤအနီအောက်ရောင်ခြည်အာရုံခံကိရိယာတီထွင်မှုသည် အမေရိကန်တပ်မတော်၏ "Golden Dome" ဒုံးကျည်ကာကွယ်ရေးစနစ်ထက် သာလွန်ပြီး ဒုံးကျည်တိုက်ခိုက်ရေးများစောင့်ကြည့်ရေး စနစ်များကို တစ်စက္ကန့်တစ်ချိန်တွင် အင်အားဖြည့်တင်းပေးနိုင်ဖွယ်ရှိသည်။

တရုတ်သိပ္ပံအကယ်ဒမီလက်အောက်ရှိ ရှန်ဟိုင်းနည်းပညာဆိုင်ရာ ရူပဗေဒဌာနမှ သိပ္ပံပညာရှင်များက Tongji တက္ကသိုလ်နှင့်ပူးပေါင်း၍ ၎င်းတို့တီထွင်ထားသော အာရုံခံကိရိယာသည် လက်ရှိနည်းပညာများထက် အဆ ၂၀၀၀၀ ပိုမိုမြန်ဆန်ကြောင်းနှင့် မီးခိုး၊ ဖုန်မှုန့် သို့မဟုတ် မြူခိုးများကဲ့သို့သော ပြင်းထန်သော ရာသီဥတုပတ်ဝန်းကျင်အခြေအနေများကြားတွင် လှုပ်ရှားမှုနှင့် အပူစွမ်းအင်ကို ထောက်လှမ်းသိရှိနိုင်ကြောင်း ပြောကြားခဲ့ကြသည်။

South China Morning Post သတင်းစာဖော်ပြချက်အရ မြင်နိုင်စွမ်းနည်းပါးသည့်အခါ ခြိမ်းခြောက်မှုများကို ရှာဖွေရာတွင် အနီအောက်ရောင်ခြည် အာရုံခံစနစ်သည် အရေးကြီးကြောင်း သိရသည်။ စစ်ရေး၊ မီးငြိမ်းသတ်ရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ လုပ်ငန်းများတွင် ဤနည်းပညာကို လှုပ်ရှားမှုခြေရာခံခြင်း၊ အပူအရင်းအမြစ်များကို ရှာဖွေခြင်းနှင့် အမှောင်ထဲတွင် သွားလာခြင်းတို့အတွက် အသုံးပြုလေ့ရှိကြသည်။

တရုတ်သိပ္ပံပညာရှင်များသည် မီးပိုးတောင်မာကောင်ကို လေ့လာခဲ့ပြီး အထူးအပူအာရုံခံအင်္ဂါကို အသုံးပြု၍ ညမြင်ကွင်း၊ မီးဘေးအန္တရာယ်အတွက် ထောက်လှမ်းခြင်း၊ စက်မှုလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဒုံးကျည်ကာကွယ်ရေးဆိုင်ရာစောင့်ကြည့်ထောက်လှမ်းရေးစနစ်များအတွက် အသုံးချရန် အနီအောက်ရောင်ခြည်အာရုံခံကိရိယာကို တီထွင်နိုင်ခဲ့သည်။

မူလက ဝေဝါးသော အချက်ပြမှုများကိုသာ ဖမ်းယူနိုင်သည့် ယခင်ကိရိယာများနှင့်နှိုင်းယှဉ်ပါက ဤစနစ်သည် အနီအောက်ရောင်ခြည် ပစ်မှတ်များ၏တိကျသောဒေတာအမှတ်အသား ၁၇ ခုကို သိမ်းဆည်းထားနိုင်ခဲ့သည်။ ဤသို့သော အမြန်နှုန်းနှင့် ကြည်လင်ပြတ်သားတို့မှုသည် ဒုံးကျည်ကာကွယ်ရေးနှင့် မြန်နှုန်းမြင့် ပစ်မှတ်ရှာဖွေ ထောက်လှမ်းခြင်းကဲ့သို့သောစစ်ရေးအသုံးချမှုများတွင် အသုံးဝင်နိုင်ကြောင်း တရုတ်နိုင်ငံသိပ္ပံပညာရှင်များက အခိုင်အမာပြောကြားခဲ့ကြသည်။

အဆိုပါ အာရုံခံကိရိယာကို အချိန်နှင့်တစ်ပြေးညီ မှတ်ဉာဏ်နှင့် ရုပ်ပုံများ မှတ်မိခြင်းအတွက်လည်း စမ်းသပ်နိုင်ခဲ့ကြပြီး၊ ကိုယ်ပိုင် လုပ်ဆောင်နိုင်စွမ်းရှိသော ဒရုန်းများ၊ ဂြိုဟ်တုများ သို့မဟုတ် မြေပြင်အခြေစိုက်ဒုံးကျည်စနစ်များတွင် ပေါင်းစပ်ထည့်သွင်းရန် လမ်းဖွင့်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**Beetle-inspired tech senses missiles 20,000x faster than US Golden Dome, China claims** ကို ဘာသာပြန်ဆိုထားပါသည်။

## ဩစတြေးလျနိုင်ငံက NASAMS လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို မိတ်ဆက်ပြသခဲ့

ဩစတြေးလျနိုင်ငံသည် လေကြောင်းခြိမ်းခြောက်မှုအမျိုးမျိုးကို လေထဲတွင်ပင်ဖျက်ဆီးပစ်နိုင်သည့် National Ad-vanced Surface-to-Air Missile System (NASAMS) လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို အမေရိကန်နှင့် ဩစတြေးလျတပ်ဖွဲ့များ၏ ပူးပေါင်းစစ်ရေးလေ့ကျင့်မှုတွင် မိတ်ဆက်ပြသခဲ့သည်ဟု Interesting Engineer-ing သတင်းဌာနက ဇူလိုင် ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤလက်နက်စနစ်သည် ပစ်မှတ်များကို လျင်မြန်စွာ ပြောင်းလဲတိုက်ပွဲဝင်နိုင်မှုစွမ်းဆောင်ရည်များနှင့် တိကျစွာတိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းတို့ ပိုင်ဆိုင်ထားကြောင်း သိရသည်။

လက်ရှိတွင် ဩစတြေးလျနိုင်ငံ၌ လေကြောင်းခြိမ်းခြောက်မှုများ၊ မောင်းသူမဲ့လေယာဉ်များ၊ ခရုဇ်ဒုံးကျည်များနှင့် အခြားတိကျပဲ့ထိန်း လက်နက်များကို တန်ပြန်တိုက်ခိုက်နိုင်သည့် NASAMS လေကြောင်းရန်ကာကွယ်ရေးစနစ်တပ်ခွဲနှစ်ခွဲပိုင်ဆိုင်ထားသည်။

ဩစတြေးလျ Raytheon ကုမ္ပဏီနှင့် နော်ဝေနိုင်ငံ၏ Kongsberg Defense & Aerospace ကုမ္ပဏီတို့ ပူးပေါင်းထုတ်လုပ်သည့် ဤလက်နက်စနစ်သည် စစ်မြေပြင်တွင် လိုက်လျောညီထွေဖြစ်စွာနှင့် အောင်မြင်စွာ တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုနိုင်ခဲ့ပြီးဖြစ်သော တာလတ်ပစ်လေကြောင်းရန် ကာကွယ်ရေးစနစ်တစ်ခုဖြစ်သည်။

NASAMS သည် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့ဝင်များကို လက်ရှိနှင့် ပြောင်းလဲလာနေသော ရန်သူ့လေကြောင်း ခြိမ်းခြောက်မှုများဖြစ်သည့် တောင်ပံပုံသေတပ်နှင့် ပန်ကာတပ်လေယာဉ်၊ ရဟတ်ယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များနှင့် ခရုဇ်ဒုံးကျည်ခြိမ်းခြောက်မှုများကို ရှာဖွေ၊ တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းကို အမြင့်ဆုံးအဆင့်မြှင့်တင်ပေးထားနိုင်သည့် ခေတ်မီကာကွယ်ရေးစနစ်တစ်ခုဖြစ်သည်။

NASAMS လက်နက်စနစ်ကို စစ်ရေးလေကျင့်မှုတွင် ဖြန့်ကြက်အသုံးပြုခြင်းသည် ဩစတြေးလျနိုင်ငံ၏ ပူးပေါင်းလုပ်ဆောင်နိုင်စွမ်းနှင့် ဘက်စုံစစ်ဆင်ရေးစွမ်းရည်များကို မြှင့်တင်ရန် ကတိကဝတ်ကို အလေးထားဖော်ပြနေကြောင်း သတင်းများက ရေးသားခဲ့ကြသည်။ Tal-isman Sabre လေ့ကျင့်ခန်းသည် NA-SAMS ကဲ့သို့သော အဆင့်မြင့်လက်နက်စနစ်များကို မဟာမိတ်နိုင်ငံများ၏စစ်ဆင်ရေးများတွင် အချိန်နှင့်တစ်ပြေးညီ ပေါင်းစည်းရန်ပံ့ပိုးပေးနိုင်ခဲ့ပြီး ဒေသတွင်း၊ ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာစေမည်ဖြစ်သည်။ လေ့ကျင့်မှုအတွင်း



လက်နက်စနစ်၏ စွမ်းဆောင်ရည်သည် အင်ဒို-ပစိဖိတ်ဇုန်အတွင်း ခေတ်မီလေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးအတွက် အရေးပါသောလက်နက်စွမ်းအားအဖြစ် ၎င်း၏အခန်းကဏ္ဍကိုပြသနေပြီး ဩစတြေးလျနိုင်ငံ၊ ကာကွယ်ရေးနည်းပညာအခြေခံ၏ ရင့်ကျက်တည်ငြိမ်မှုအပေါ် မဟာဗျူဟာမြောက်ရည်မှန်းချက်များနှင့်အညီ မီးမောင်းထိုးပြနေသည်ဟု Army Recognition သတင်းဌာနက ဖော်ပြခဲ့သည်။

"ဩစတြေးလျမှာ လက်ရှိမှာ မြေပြင်အခြေစိုက် လေကြောင်းကာကွယ်ရေးစွမ်းရည် အနည်းငယ်ပဲရှိပါတယ်။ ကျွန်တော်တို့က တိကျတဲ့စွမ်းဆောင်ရည်ကို ပေးနိုင်မှာဖြစ်ပါတယ်။ ဒါဟာ အမေရိကန်နဲ့ အခြားမဟာမိတ်မိတ်ဖက်တွေအတွက် အလွန်အရေးပါပြီး စိတ်ဝင်စားစရာကောင်းပါတယ်"ဟု လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့ (ADF)မှ အမှတ်(၁၆)တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး James Floyd က ပြောကြားခဲ့ကြောင်း သိရသည်။

**Defense system that can destroy precision weapons, jets 49,000-ft above ground show-cased** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၅၅၆၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၅၅၆၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၃၆၁၄၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၅၅၆၈ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ မြေပဲကေ ၃၆၁၄၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၃၅၅၆၈ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကော မြေပဲစိုက်ပျိုးမှုအနေနဲ့ကော တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအတွင်း ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာလူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မနေဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးခြောက်ပိဿာချိန် ၁၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မနေဖြူ ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး မနေဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးခြောက် ပိဿာချိန် ၁၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မနေဖြူမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်စုခင်က ပြောပြ၍ သိရသည်။

မနေဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မေလအတွင်းက ကွမ်းသီးခြောက် ပိဿာချိန် ၉၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ကွမ်းသီးခြောက်ပိဿာချိန် ၁၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါကွမ်းသီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"အရောင်းအဝယ် ဖြစ်နေတဲ့ ကွမ်းသီးခြောက်တွေက နွေရာသီက သိုလှောင်ထားတဲ့ ကွမ်းသီးခြောက်တွေပါ။ ပြီးခဲ့တဲ့တစ်လအတွင်းက ကွမ်းသီးခြောက်ပိဿာချိန် ၁၅၀၀၀၀ ထိ ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတဲ့ ကွမ်းသီးခြောက်တွေက အရည်အသွေးကောင်းပါတယ်။ လက်ရှိလဲ ဒေသက ကွမ်းသီးခြောက်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ကွမ်းသီးခြောက်တွေက ပြည်တွင်းမှာ ကို လိုအပ်ချက်တော်တော်များနေပါတယ်။ ရန်ကုန်ဘက်ကလဲ နေ့စဉ်အမှာကုန်တွေ ရှိနေပါတယ်"ဟု မနေဖြူမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်စုခင်က ပြောပြသည်။

မနေဖြူမြို့နယ်တွင် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက ဒေသထွက် ကွမ်းသီးများကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ကွမ်းသီးခြောက်များ ရောင်းအား ကောင်းလာသည့်အတွက် ကွမ်းသီးခြောက် သိုလှောင်ထားသူများ၊ ကွမ်းသီးစိုက်ပျိုးသူများနှင့် ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ ကွမ်းသီးညှက်လုပ်သားများ အလုပ်အကိုင်အဆင်ပြေလျက် ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကြံခင်းမြို့နယ် ရေငံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြံခင်း ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေငံကျေးရွာနှင့် အေးချမ်းမာလာကျေးရွာတို့အတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၁ ရက်က ရေငံကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရေငံကျေးရွာနှင့် အေးချမ်းမာလာကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ဦးကို ငွေကျပ် ၄၁ ဒသမ ၃၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ်၁၇ ဒသမ ၉၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂ ဒသမ ၉ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၆ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၆၂ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**




# မကွေးမြို့နယ် မကြီးစမ်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး



**မကွေး ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မကြီးစမ်းကျေးရွာ၌ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးအောင်၊ မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ မကြီးစမ်းကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှုအခြေအနေများ၊ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာ ပြည့်မီရေးတို့ကို အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားခဲ့သည်။

မကွေးမြို့နယ်မကြီးစမ်းကျေးရွာ၌ အကျယ် လေးလက်မ၊ အနက် ပေ ၆၀၀ ရှိ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ အရှည် ပေ ၁၂၀၊ အမြင့် ခြောက်ပေရှိသော ချိန်းလင့်ကာရံခြင်း လုပ်ငန်းနှင့် 7.7 kw ရှိသော ဆိုလာစနစ်သုံး ရေတင်စနစ် တပ်ဆင်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးရန်ပုံငွေကျပ် ၉၅ ဒသမ ၁၄ သန်း အသုံးပြုပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ ယခုနှစ် မေ ၂၅ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက မကြီးစမ်းကျေးရွာရှိ အိမ်ခြေ ၅၅ အိမ်မှ လူဦးရေ ၂၈၂ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များပါ သန့်ရှင်းသော သောက်သုံးရေကို ဖူလုံစွာရရှိမည်ဖြစ်ကြောင်း မကွေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက ပြောပြ၍ သိရသည်။

**ချိုလေး**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# နေပြည်တော်-မန္တလေး ရထားလမ်းပိုင်းရှိ ရထားလမ်းနေရာများ၊ တံတားများနှင့် ဘူတာများ ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်မှုအခြေအနေများကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးအောင်မြိုင်နှင့်အတူ ဇူလိုင် ၂၀ ရက်မွန်းလွဲပိုင်းတွင် နေပြည်တော်ဘူတာမှ Rail Bus Engine–RBE အထူးရထားဖြင့် ထွက်ခွာခဲ့ရာ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ရှမ်းရွာဘူတာသို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဘူတာအဆောက်အအုံ ဖယ်ရှားရှင်းလင်းပြီးစီးမှု၊ ပြန်လည်တည်ဆောက်မည့် ဘူတာသစ်၏ ဒီဇိုင်းပုံစံနှင့် လက်ရှိ Modular Office တပ်ဆင်၍ ဘူတာအဖြစ် အသုံးပြုမှုအခြေအနေတို့ကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာစည်ဘူတာသို့ရောက်ရှိပြီး ဘူတာသစ်ကြီး တည်ဆောက်ရန်မြေနေရာရှင်းလင်းထားမှုအခြေအနေ၊ ဘူတာသစ်၏ဒီဇိုင်းပုံစံတို့ကို စစ်ဆေးပြီး ဘူတာအင်္ဂါရပ်နှင့်ပြည့်စုံစေရေး၊ သန့်ရှင်းသပ်ရပ်လှပစေရေးတို့အတွက် လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝမ်းတွင်းမြို့နယ်အတွင်း ယမန်နှစ်က ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် စမုံဘူတာနှင့် သပြေတောင်းဘူတာကြားရှိ တံတားအမှတ်(၆၉၁)သို့ရောက်ရှိကာ ရေလမ်းကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေစီးရေလာပိုမိုကောင်းမွန်စေရေး ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ သပြေတောင်းဘူတာ၌ ငလျင်ဒဏ်ခံဘူတာအဆောက်အအုံဟောင်း ဖျက်သိမ်းပြီးစီးမှု၊ မြေနေရာရှင်းလင်းထားမှုနှင့် ဘူတာသစ်၏ ဒီဇိုင်းပုံစံ၊ Modular Office တပ်ဆင်၍ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောက်ဆည်ဘူတာသစ်အတွက် မြေနေရာရှင်းလင်းထားမှုနှင့် ဒီဇိုင်းပုံစံသစ်တို့ကိုစစ်ဆေး၍ ဘူတာသို့ အဝင်၊အထွက်လမ်းများ သပ်ရပ်ရေး၊ ဘူတာမျက်နှာစာသန့်ရှင်းသပ်ရပ်လှပရေး၊ ရထားစီးခရီးသည်များ အဆင်ပြေစွာရထားစောင့်ဆိုင်းနိုင်မည့်နေရာလျာထားရေးတို့ကို မှာကြားသည်။

ညနေပိုင်းတွင် မန္တလေးဘူတာကြီးသို့ ရောက်ရှိပြီး မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် အတူ ဘူတာကြီးယာဒ်ဝင်းအတွင်း ပျက်စီးသွားသည့် ရထားလမ်းခွဲရုံးနှင့် Modular Office ဖြင့် ယာယီရထားလမ်းခွဲသည့် အချက်ပြစနစ်တပ်ဆင်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မူလလမ်းခွဲရုံးအား အမြန်ဆုံးအကြီးစား ပြန်လည်ပြင်ဆင်တည်ဆောက်ပြီးစီးစေရေးလိုအပ်ချက်များ မှာကြားသည်။

ဇူလိုင် ၂၁ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့မီးရထား၏ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)သို့ ရောက်ရှိပြီး ဦးစွာ တွဲသစ်ရုံအမှတ်(၃)၌ စက်ရုံ၏ အထွေထွေမန်နေဂျာက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ကုန်သေတ္တာတင်တွဲများတည်ဆောက်မှုအခြေအနေတို့ကို တင်ပြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ကျွမ်းကျင်ဝန်ထမ်းများ စဉ်ဆက်မပြတ်လေ့ကျင့်ပျိုးထောင်ရေး၊ စက်ရုံ၏လုံခြုံရေးပိုမိုကောင်းမွန်အောင်စီမံရေး၊ ဝန်ထမ်းများကျန်းမာရေးနှင့် သက်သာချောင်ချိရေးကိစ္စများကို မှာကြားသည်။

ယင်းနောက် စက်ရုံအတွင်း ကုန်သေတ္တာတင်တွဲများတည်ဆောက်နေမှု၊ DEMU ရထားတွဲတစ်တွဲစမ်းသပ်တည်ဆောက်နေမှု၊ လူစီးတွဲနှင့် ကုန်တွဲများအကြီးတန်းပြင်ဆင်မှု၊ ဘီးဘိုဂီအသစ်များထုတ်လုပ်မှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး တွဲများ၏ သက်တမ်းအလိုက် ကြံ့ခိုင်မှုပိုမိုကောင်းမွန်စေရေး၊ ပြန်လည်အသုံးမပြုနိုင်တော့သည့် တွဲဘီးဟောင်းများ စီမံခန့်ခွဲရေးလိုအပ်ချက်များကို မှာကြားသည်။

ထိုမှတစ်ဆင့် မန္တလေး ချမ်းမြသာစည်မြို့နယ်ရှိမြန်မာ့မီးရထား၏ ကုန်စည်ပို့ဆောင်ရေးဌာနခွဲဝင်းသို့ရောက်ရှိပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ယင်းနယ်မြေအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် အထပ်မြင့်အဆောက်အအုံများပေါ်၌ တပ်ဆင်ခဲ့သော အော်တိုမိုဘိုင်း တယ်လီဖုန်းစခန်းများ နေရာတွင် ရွှေ့လျားမိုဘိုင်းစခန်းတာဝါတိုင် အစားထိုးတပ်ဆင်ပေးထားမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများ၏ နေထိုင်ရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် အဆိုပါမြို့နယ်အတွင်းရှိ မြန်မာ့စာတိုက်လုပ်ငန်းရုံးသို့ သွားရောက်၍ ရုံးဝင်းအတွင်းအန္တရာယ်ရှိသည့် သစ်ပင်အိုကြီးများရှင်းလင်းရေး၊ဖုန်းကြိုးများ၊ အင်တာနက်ဝိုင်ဖိုင်ကြိုးများ စနစ်တကျရှိစေရေး မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ်ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၊ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ မြန်မာ့စာတိုက်လုပ်ငန်းရုံး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးနှင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနရုံးတို့သို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့်ပျက်စီးမှုများ ပြင်ဆင်ပြီးစီးမှုအခြေအနေ၊ Modular Office များ တပ်ဆင်၍ ရုံးလုပ်ငန်းဆောင်ရွက်နေမှု၊Modular House များတွင် ဝန်ထမ်းမိသားစုများယာယီနေထိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ရှေ့ဖုံးမှအဆက်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နောင်ချိုမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဇူလိုင် ၂၁ ရက်မှစ၍ နောင်ချိုမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဇူလိုင် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ယင်းသို့ကွင်းဆင်းဆောင်ရွက်ပေးရာ၌ နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်လာကြသူများအနက် ဒေသခံပြည်သူဦးရေ ၆၀ ကို လိုအပ်သော စာရွက်စာတမ်းများနှင့် ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်းဆောင်ရွက်ကာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ထုတ်ပေးခဲ့ကြောင်းနှင့် ယင်းလုပ်ငန်းစဉ်ကို ဒေသခံပြည်သူများအတွက် စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





## ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအတွက် အသိပေးကြေညာချက်

၁။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် အခြားပြည်ပနိုင်ငံများမှ ခွင့်ဖြင့်ဝင်ရောက်လာပြီး ပြန်လည်ထွက်ခွာမည့်သူများကိုလည်းကောင်း၊ မိမိအစီအစဉ် ကျွမ်းကျင်လုပ်သားအဖြစ်လည်းကောင်း၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကိုလည်းကောင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် မတ်လတွင် လုပ်သား ၃၂၆၄ ဦးနှင့် ၁-၄-၂၀၂၅ ရက်နေ့တွင် ၅၉ ဦးတို့ကို ခွင့်ပြုပေးခဲ့ပါသည်။

၂။ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အဆောက်အအုံနှင့် ရုံးခန်းများ ထိခိုက်ပျက်စီးခဲ့သော်လည်း ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်မည့်သူများကို သွားရောက်အလုပ်လုပ်ကိုင်မည့် အမျိုးအစားအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် SOP များနှင့်အညီ ၁-၄-၂၀၂၅ ရက်နေ့မှစ၍ စိစစ်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်အတွင်း သမဝါယမအသင်းသားတောင်သူများ၏ နွေစပါးရိတ်သိမ်းနေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၂၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့မွန်းလွဲပိုင်းက ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ရုံးတောကျေးရွာသို့ရောက်ရှိပြီး ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက်အသင်းသားများ၏ လယ်မြေဧက ၂၀ တွင် နွေစပါးစိုက်ခင်းများ ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက ရုံးတောကျေးရွာသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အခြေခံသည့် ကျေးရွာဖြစ်သည့်အတွက် ကျေးလက်နေတစ်မိသားစုချင်း၏ ဝင်ငွေတိုးပွားရေး နွေစပါးအပြီး မိုးသီးနှံများစိုက်ပျိုးနိုင်ရေး၊ မိုးသီးနှံပြီးပါက ဆောင်းသီးနှံများ သီးထပ်သုံးသီးစိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့် ညီမျှသော မျိုး၊ ဓာတ်မြေဩဇာ၊ သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ သတ်မှတ်ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အမှန်တကယ် ကြိုးပမ်းဆောင်ရွက်ရမည်မှာ တောင်သူများ၏ တာဝန်တစ်ရပ်ပင်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရုံးတောကျေးရွာ၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်ခဲ့သည့် အခြေခံစက်ချုပ်နည်းပညာသင်တန်းဆင်းပြီး လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးထားသော စက်ချုပ်လုပ်ငန်းဆောင်ရွက်နေသူ သင်တန်းသူများ၏ စက်ချုပ်ဆိုင်လုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများစဉ်ဆက်မပြတ်လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောအရင်းအနှီးများ ထောက်ပံ့ပေးနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူ အဆင့်ဆင့်ကလိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် လယ်ဝေးမြို့နယ်ဥယျာဉ်စုကျေးရွာရှိ တောင်သူဦးရေ ၁၀၀ တို့၏စိုက်ပျိုးမြေဧက ၁၅၀ ကျော် အကျိုးပြုပေးနိုင်မည့် ဥယျာဉ်စုကျေးရွာ ကုန်ထုတ်လမ်းတံတားဖောက်လုပ်ပြီးစီးမှုအခြေအနေများကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ကျေးရွာလမ်းကော်မတီဝင်များ၊ ဒေသခံပြည်သူအားလုံးက လမ်းရေရှည်ကောင်းမွန်စေရေး ဝိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်း၊ကျေးရွာတောင်သူများကိုယ်တိုင်က မိမိတို့ကိုယ်တိုင်နှင့် မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်စေရေးကြိုးစားဆောင်ရွက်လိုသည့်စိတ်များမွေးမြူကြရမည်ဖြစ်ပြီး မိမိအကျိုး၊ အများအကျိုး ရပ်ရွာအကျိုးအတွက် သမဝါယမစနစ်နှင့်အညီ စိတ်တူကိုယ်တူ ဆန္ဒတူသူများစုပေါင်း၍ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရှိရမည်ဖြစ်သကဲ့သို့ သတ်မှတ်စည်းကမ်းများကို လိုက်နာရမည်ဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးမှာကြားကာ ကျေးရွာနေပြည်သူများ၏ တင်ပြချက်များကို လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နောင်ချိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်စတင်လက်ခံ၊ နောင်ချိုမြို့ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နောင်ချိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများကို တန်းစဉ်အလိုက် ကျောင်းအပ်လက်ခံနေစဉ်။



နယ်မြေခံတပ်မတော်သားများနှင့်ဌာနဆိုင်ရာဝန်ထမ်းများက နောင်ချိုမြို့ရှိ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၂**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation) ဆောင်ရွက်ကာ ပြန်လည်ထိန်းချုပ်ထားသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများပူးပေါင်း၍ ဒေသခံပြည်သူလူထုလုံခြုံရေးနှင့်လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးစသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်က နောင်ချိုမြို့ကို ပြန်လည်ထိန်းချုပ်ပြီးလျှင်ပြီးခြင်း နိုင်ငံတော်ဝန်ကြီးချုပ်၏ ပထမဆုံးလမ်းညွှန်မှာကြားချက်အနေဖြင့် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် အတန်းပညာတတ်မြောက်မှုသာမက အတတ်ပညာကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်သည့်အတွက် ပညာတတ်များပေါများစေရန် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့်အခြေခံပညာကျောင်းများကိုအမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးတို့ကို ဦးစားပေးဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။

ထို့ကြောင့် နောင်ချိုမြို့ရှိ အခြေခံပညာကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးခဲ့သည့် ကျောင်းအဆောက်အအုံနှင့် ပရိဘောဂပစ္စည်းများ ပြုပြင်ခြင်း၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးနှင့် မိုင်းအန္တရာယ်ကင်းရှင်းရေးတို့အတွက် လိုအပ်သည်များဆောင်ရွက်ပေးမှုနှင့်အတူ ဒေသခံတိုင်းရင်းသား မိဘပြည်သူများ၏ ပူးပေါင်းပါဝင်လာခဲ့မှုကြောင့် ယနေ့တွင် နောင်ချိုမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းနေအရွယ်ကလေးများကိုတန်းစဉ်အလိုက် စတင်ကျောင်းအပ်လက်ခံနိုင်ခဲ့ရာ ကျောင်းလာရောက်အပ်နှံနိုင်မှုအနေဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၆၅ ဦးရှိကြောင်း သိရှိရသည်။ အဆိုပါကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များဆောင်ရွက်ပေးပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့်ကျောင်းသုံးစာအုပ်များ၊စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများအား ကျောင်းသား၊ ကျောင်းသူများထံသို့ တစ်ပါတည်းပေးအပ်ကြသည်။

ထို့အတူ နောင်ချိုမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၃)အခြေခံပညာမူလတန်းကျောင်းနှင့်အခြေခံပညာမူလတန်းကျောင်း(သပြေရေ)တို့၌လည်း စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းဝင်းအတွင်း၊အပြင် သန့်ရှင်းသာယာရေးအတွက် တပ်မတော်သားများနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့်အခြားလိုအပ်သည်များ ဆောင်ရွက်ပေးသည်။

ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ်၏ ဒုတိယလမ်းညွှန်ချက်အနေဖြင့် ကျန်းမာရေးဆိုင်ရာကိစ္စဖြစ်ပြီး အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးခဲ့သည့် ၂၅ ခုတင်ဆံ့ နောင်ချိုမြို့နယ်ပြည်သူ့ဆေးရုံကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် အမြန်ဆုံးပြန်လည်ပြုပြင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်ပေးရန်ဖြစ်သည့်အတွက် အဆိုပါဆေးရုံအား ပြန်လည်ပြုပြင်နေစဉ်ကာလအတွင်း မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူ ၁၈၂ ဦးတို့ကို သွေးလွန်တုပ်ကွေးရောဂါ၊အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများနှင့် ကာကွယ်ဆေးထိုးပေးခြင်းများ ဆောင်ရွက်ပေးသည်။



တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ နောင်ချိုမြို့ရှိဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အလားတူ နောင်ချိုမြို့နယ်တည်ငြိမ်အေးချမ်းသာယာရေး၊ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝလုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# အခြေခံစာကြည့်တိုက်သင်တန်း(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနား ကျင်းပ



နေပြည်တော် ဇူလိုင် ၂၂

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများ အသိပညာဗဟုသုတများ တိုးတက်ပြန့်ပွားအောင် စာအုပ်စာပေဖတ်ရှုလေ့လာခြင်းသည် အဓိကအရေးပါသည်ကို ပိုမိုသိရှိနားလည်လာစေရန်နှင့် စာကြည့်တိုက်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို နားလည်စေရန် ရည်ရွယ်၍ အားကစားနှင့် ကာယပညာဦးစီးဌာန၏ အခြေခံစာကြည့်တိုက်သင်တန်း (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၌ ကျင်းပသည်။

ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ယခုသင်တန်းတွင် စာကြည့်တိုက်စီမံခန့်ခွဲမှုဘာသာရပ်၊ ကတ်တလောက်လုပ်ငန်း ဘာသာရပ်၊ မျိုးတူစုလုပ်ငန်းဘာသာရပ်နှင့် ရည်ညွှန်းလုပ်ငန်းဘာသာရပ် စသည့် ဘာသာရပ်လေးမျိုးတို့ကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းတွင် သင်ကြားပို့ချပေးခဲ့သည့် ဘာသာရပ်များကို ဂရုတစိုက် နာယူမှတ်သားပြီး မိမိတို့တာဝန်ကျရာ နယ်မြေဒေသများတွင် ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များကို နည်းစနစ်တကျ မှတ်တမ်းများထားရှိခြင်း၊ စာအုပ်၊ စာစောင်များကို ငှားရမ်းဖတ်ရှုလိုသူများ လွယ်လင့်တကူ ရှာဖွေငှားရမ်းရရှိနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားခြင်း စသည့် စာကြည့်တိုက်လုပ်ငန်းများ ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ စာဖတ်ကြသူများ အချင်းချင်း အသိပညာအမြင်ချင်းဖလှယ်သည့် စာဖတ်ဝိုင်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ ကျင်းပပြီး အပြန်အလှန်ဆွေးနွေးစေခြင်းဖြင့် စာဖတ်ခြင်း၏ အနှစ်သာရကို ပေါ်လွင်စေကာ ဝန်ကြီးဌာနအတွင်းကတစ်ဆင့် နိုင်ငံတော်အတွက် အားထားရသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ အခြေခံစာကြည့်တိုက်သင်တန်း (၁/၂၀၂၅)ကို ဇူလိုင် ၂၂ ရက်မှ ၂၈ ရက်ထိ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ ဘက်စုံသုံးခန်းမ၌ သင်တန်းသား၊ သင်တန်းသူ ၃၁ ဦးဖြင့် ဖွင့်လှစ် သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်း ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့ ပူးပေါင်းကျင်းပသည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့်လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး Conference Room ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က မြန်မာ အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးခြင်း လက်တွေ့သရုပ်ပြမှုများသည် ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် အသိပညာပေးနိုင်သကဲ့သို့ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်က ဆောင်ရွက်ရမည့် ရွေးကောက်ပွဲကျင်းပခြင်းနှင့်သက်ဆိုင်သော လူ့အခွင့်အရေးကဏ္ဍများအတွက် များစွာအထောက်အပံ့ဖြစ်စေကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်းနှင့် တာဝန်ရှိသူများက နိုင်ငံတော်၏ ရွေးကောက်ပွဲများ ဆောင်ရွက်ခဲ့မှုနှင့် ကျင်းပမည့်ရွေးကောက်ပွဲအတွက် သိမှတ်ဖွယ်ရာများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြု၍ လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်း အစီအစဉ်ဆောင်ရွက်ရခြင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြု၍ မဲပေးခြင်းပုံစံအဆင့်ဆင့်တို့ကို လက်တွေ့သရုပ်ပြရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးဝန်ထမ်းများသည် လက်တွေ့စမ်းသပ်မဲပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးဝန်ထမ်းများကိုလက်တွေ့ ကိုယ်တိုင်စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ပြီး သရုပ်ပြရှင်းလင်းပွဲကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းခဲ့သည်။ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးဝန်ထမ်း ၈၃ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်**။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# တောင်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို တွေ့ဆုံ



ရှမ်းပြည်နယ်(တောင်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ကြီးကြပ်ရေးနာယက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

**နေပြည်တော် ဇူလိုင် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ပြုလုပ်ရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်အောင်မြင့်(ငြိမ်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ကြီးကြပ်ရေးနာယက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ တာဝန်ရှိသူများ၊ တောင်ကြီးခရိုင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဗိုလ်မှူးချုပ်မြင့်ဟိန်း(ငြိမ်း)က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

၎င်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီး လက်ခံရယူကြသည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ျပည)

# လှည်းကူးမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဝါးရုံစွန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ရွှေဘုံသာကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် တစ်ပါး၊ ဒေသခံပြည်သူဦးရေ ၈၀ တို့ကို အရိုးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အင်းတိုင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ကျောင်းတိုက်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (ျပည)

# ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် မှော်ဘီလေတပ်စခန်းအသင်းနှင့် တံတားဦးလေတပ်စခန်းအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၂၂**

၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ မြေပြင်အတတ်သင် လေတပ်စခန်းဌာနချုပ် ဘောလုံးအားကစားကွင်း၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ဝင်းမောင်သိန်းနှင့် တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးက အဖွင့်အမှာစကား ပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ အဖွင့်ပွဲစဉ်ဖြစ်သည့် မှော်ဘီလေတပ်စခန်းအသင်းနှင့် တံတားဦးလေတပ်စခန်းအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကွပ်ကဲမှုအောက်ရှိ ဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းအသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ဩဂုတ် ၈ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ျပည)

# နိုင်ငံ့ဝန်ထမ်းအငြိမ်းစား(ပင်စင်စား)များကို UID ကတ်များ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဇူလိုင် ၂၂**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁) မန္တလေးမြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ချမ်းအေးသာစံမြို့နယ်ဦးစီးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဦးနှင့် ဝန်ထမ်းများက ယနေ့မွန်းလွဲပိုင်းတွင် ၂၀၂၅ ခုနှစ် ဇူလိုင်လအတွက် အငြိမ်းစားလစာ လာရောက်ထုတ်ယူနေကြသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစား (ပင်စင်စား)များကို နံပါတ် ၁၀ လုံးပါ UID ကတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေးကြသည်။

အဆိုပါ နိုင်ငံ့ဝန်ထမ်း အငြိမ်းစား (ပင်စင်စား)များကို UID ကတ် နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁) မန္တလေးမြို့ မန်နေဂျာ ဦးခင်မောင်ထွန်းနှင့် ဘဏ်ဝန်ထမ်းများက ပေါင်းစပ်ကူညီဆောင်ရွက်ပေးကြပြီး နိုင်ငံ့ဝန်ထမ်းအငြိမ်းစား (ပင်စင်စား)များကို ပင်စင်ထုတ်ယူရာတွင် လွယ်လင့်တကူဖြစ်စေရေးအတွက် နံပါတ် ၁၀ လုံးပါ UID ကတ်များ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း၊ UID ကတ်နှင့်ပတ်သက်၍ သိရှိသင့်သည့်အချက်များကို နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (၀၃၉)



**ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# နိုင်ငံခြားသုံးငွေနှင့်စပ်လျဉ်း၍ မူဝါဒအရဆက်စပ်လျက်ရှိသော ကိစ္စရပ်များဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဇူလိုင် ၂၂

နိုင်ငံခြားသုံးငွေနှင့်စပ်လျဉ်း၍ မူဝါဒအရ ဆက်စပ်လျက်ရှိသောကိစ္စရပ်များဆိုင်ရာညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိအစည်းအဝေးခန်းမ၌ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပို့ကုန်ရငွေဝင်ရောက်မှုအပေါ်မူတည်၍ သွင်းကုန်လိုင်စင်ချပေးသည့်ကိစ္စရပ်များ၊ တန်ဖိုးမြင့်ကုန်စည်များနှင့်စပ်လျဉ်း၍ ထောက်ခံချက်ထုတ်ပေးလျက်ရှိသည့် ကိစ္စရပ်များနှင့်ပို့ကုန်ဝင်ရောက်မှုအပေါ် အခက်အခဲမရှိစေရေးတို့နှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ငါးဦးကို ထပ်မံလွှဲပြောင်းပေးအပ်



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ငါးဦးကို ထပ်မံလွှဲပြောင်းပေးအပ်စဉ်။

နေပြည်တော် ဇူလိုင် ၂၂

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးလျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေတို့တွင် တရားမဝင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများနှင့် ဒုစရိုက်မှုများလုပ်ဆောင်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား လေးဦးနှင့် ကင်ညာနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ငါးဦးကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ယနေ့တွင် ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးသည်။

ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများကို ပြည်နှင့်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကိုဆက်လက်ကျင်းပခဲ့ရာ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားနိုင်ငံသံရုံးနှင့် ကင်ညာနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ သံရုံးကိုယ်စားလှယ် Mr.Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှတာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာအထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၂၂ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၉၂၉၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ဦးရေ ၉၀၆၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၃၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၀၂၅ ခုနှစ် ဇူလိုင် ၂၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၀၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အများပြည်သူသို့ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ်များတွင် ပင်စင်လစာထုတ်ယူလျက်ရှိသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအနေဖြင့် ပင်စင်လစာထုတ်ယူရာ၌ လူပုဂ္ဂိုလ်စိစစ်မှုအား တိကျမှန်ကန်မြန်ဆန်စေရေးအတွက် မြန်မာ့စီးပွားရေးဘဏ်၏ Centralized e–Pension စနစ်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ e–ID စနစ်တို့ချိတ်ဆက်၍ ခေတ်မီနည်းပညာအသုံးပြု စိစစ်ဆောင်ရွက်နိုင်ရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးများက အငြိမ်းစားဝန်ထမ်းများ၏ Bio–graphic/Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ပေးလျက်ရှိရာတွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအနေဖြင့် UID နံပါတ်ရရှိရေးအတွက် မြို့နယ်ဦးစီးမှူးရုံးများသို့ လာရောက်လျှောက်ထားဆောင်ရွက်မှုများ များပြားလျက်ရှိနေသည့်အတွက် လုပ်ငန်းများအဆင်ပြေလွယ်ကူစေရန် အထူးအစီအစဉ်တစ်ရပ်အဖြစ် ဇူလိုင် ၂၃ ရက်မှစ၍ ပင်စင်လစာထုတ်ပေးသည့်ကာလအတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများက သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်များသို့ သွားရောက်ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ယင်းလုပ်ငန်းစဉ်အား သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်များ၌ One Stop Service ဖြင့် နေ့ချင်းပြီး အဆင်ပြေစွာဆောင်ရွက်ပေးမည်ဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအနေဖြင့် UID လျှောက်ထားရယူမှုအပေါ် စိုးရိမ်ပူပန်မှုမရှိဘဲ အဆင်ပြေလွယ်ကူစွာ သွားရောက်ဆောင်ရွက်နိုင်ကြောင်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ရွှေကျင်မြစ်ရေနှင့် သောင်ရင်းမြစ်ရေအခြေအနေ

နေပြည်တော် ဇူလိုင် ၂၂

ယနေ့ည ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲကျော်တွင် ရောက်ရှိနေပြီး နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အလားတူ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ခြောက်ပေကျော်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်နှင့် မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

## ထူးခြားသည့် နေ့အပူချိန်များ

(၂၂ - ၇ -၂၀၂၅)

| | | | | |
|---|---|---|---|---|
| ချောက် | ၃၈ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| မော်လိုက် | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ခန္တီး | ၃၇ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ဟုမ္မလင်း | ၃၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| မိုးကောင်း | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကလေး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

# နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA အဖွဲ့ဝင် ၁၉ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

**နေပြည်တော် ဇူလိုင် ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့်လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိရာ ယနေ့တွင်လည်း DPLA အဖွဲ့ဝင် ၁၉ ဦးတို့သည် ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုခြင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်ပြီး နီးစပ်ရာ တပ်မတော်စခန်းများမှတစ်ဆင့် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာခဲ့သည်။

အဆိုပါ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများ၏ ကနဦးပြောကြားချက်များအရ အများစုသည် ရိုးသားစွာ တောင်ယာလုပ်ငန်း လုပ်ကိုင်နေကြသူများဖြစ်ပြီး အကြမ်းဖက် သောင်းကျန်းသူများ၏ အတင်းအဓမ္မ ခြိမ်းခြောက်ဖမ်းဆီး၍ လူသစ်စုဆောင်းခံရသူများဖြစ်ပြီး သီပေါမြို့၏အနောက်ဘက် ၁၀ မိုင်ခန့်အကွာ မန်လွယ်ကျေးရွာအနီးတွင် သင်တန်းတက်ရောက်ခဲ့ကြပြီး သင်တန်းဆင်းသည့်အခါ နယ်မြေအလိုက် အခြေပြုလှုပ်ရှားသည့် ကျေးရွာများ၊ တောတွင်းစခန်းများတွင် အနေဆင်းရဲ၊ အစားဆင်းရဲဖြင့် လူ့အခွင့်အရေးများဆုံးရှုံးကာ နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကိုခံခဲ့ရပြီး အဓမ္မစေခိုင်းချက်အရ အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ရကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကို လက်ခံနိုင်ခြင်းမရှိတော့သည့်အတွက် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုသဖြင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်းဝင်ရောက်ရန်အတွက် အင်ကြင်းကုန်းကျေးရွာမှတစ်ဆင့် သုံးဆယ်ကျေးရွာ၊ ထိုမှတစ်ဆင့် လွယ်ခွန်ကျေးရွာ၊ ၎င်းမှတစ်ဆင့် ဇီးဖြူပင်ကျေးရွာလမ်းကြောင်းအတိုင်း ထွက်ခွာလာခဲ့ပြီး နောင်ချိုမြို့နယ် ယင်းငူပင်ကျေးရွာအနီး နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းထံသို့သတင်းပို့ကာ ယခုကဲ့သို့ ပြန်လည် ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် PDF အမည်ခံအဖွဲ့ဝင်များ ဥပဒေဘောင်အတွင်း ဝင်ရောက်လာမှုအနေဖြင့် ဇူလိုင် ၁၇ ရက်မှ ယနေ့ထိ TNLA အဖွဲ့ဝင် လေးဦး၊ MDY-PDF အဖွဲ့ဝင် ၁၅ ဦးနှင့် DPLA အဖွဲ့ဝင် ၄၁ ဦးဖြစ်ပြီး လက်နက်မျိုးစုံ ၁၃ လက်နှင့် ကျည်မျိုးစုံ ၁၅၁၅ တောင့်၊ ကျည်အိမ် ၁၂ ခုနှင့်အတူ ပြန်လည်ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရသည့်အတွက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (မဝ၁)

# တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၂**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့ ဘုရားလေးကျေးရွာ ZTH ဆီဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၆ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၄၈၇၂၈၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toe 12 Wheels Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀ ကိုလည်းကောင်း၊ ဇူလိုင် ၂၁ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၂၁ လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၁၀၉၃၅၆၀ ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၈ လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၆၃၈၀၀၀၀ ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၈၉၆၀၈၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၂၁ ရက်တွင် ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ နိုင်းစတားစက်သုံးဆီဆိုင်အနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် စားသောက်ကုန်ပစ္စည်း ခုနစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၄၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ် ရွှေကြက်ယက်ဆိပ်ကမ်းအနီး၌ မန္တလေးမြို့မှ မိုးညှင်းမြို့သို့ သွားရောက်မည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၃၁မျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၂၂၉၂၄၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၂၂၉၂၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။












အလားတူ ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် တာချီလိတ်-ဝမ်ပုံကားလမ်းမဘေး စွတ်ဆိုင်ကျေးရွာရှိခြံဝင်းတစ်ခုအတွင်း၌စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၆၈၀၀၀၀ ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ် တာချီလိတ်-ဝမ်ပုံ ကားလမ်းမဘေး ပါခါကျေးရွာရှိ ခြံဝင်းတစ်ခုအတွင်း၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၂၅၀၀၀၀ ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ် တာချီလိတ်-ဝမ်ပုံ ကားလမ်းမဘေး ပါခုတ်နိုကျေးရွာရှိ ခြံဝင်းတစ်ခုအတွင်း၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၇၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင်၂၁ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့ မော်တော်ယာဉ် ၁၄ စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၁၇ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၉ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၁၂ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၄၆၂၃၀၈၀ ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် အဆိုပါ တရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။


☆ ကျောဖုံးမှအဆက်

ပါရမီလမ်းတွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ ဇူလိုင် ၁၅ ရက်တွင် စိတ်ပြောင်းဆေးဝါးများ တာဝန်ခံသယ်ဆောင်သူ ကြည်ဖြူ(ခ)ကျော်ဝင်းဌေးနှင့် ဇော်မင်းနိုင်တို့မှာ ထားဝယ်ဘက်သို့ ထွက်ပြေးတိမ်းရှောင်သွားကြောင်းသိရှိရသဖြင့် ၎င်းတို့ကို ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီးတွင် KLUGER မော်တော်ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကြည်ဖြူ(ခ)ကျော်ဝင်းဌေးမှာ မူးယစ်အမှုဖြင့် အလိုရှိတရားခံပြေး တစ်ဦးဖြစ်ကြောင်း သိရသည်။

ယင်းနေ့ ညနေ ၄ နာရီခွဲတွင် စိတ်ပြောင်းဆေးဝါးများကို ပင်လယ်ရေကြောင်းဖြင့် မလေးရှားရေပိုင်နက်သို့ ပို့ဆောင်သူ စိုးလင်းပိုင်(ခ)လင်းလင်းအား ပြည်မြို့ နဝဒေးတံတားတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြစ်ဝမှ မလေးရှားရေပိုင်နက်သို့ ပို့ဆောင်သူ စက်လှေပိုင်ရှင် ရဲထွန်း(ခ)ပဲ့နင်း(ခ)ဖိုးသာဂိအား ပုသိမ်ကြီးမြို့နယ်တွင် ဖမ်းဆီးရမိခဲ့ပြီး ရဲထွန်းသည်လည်း မူးယစ်အမှုဖြင့် အလိုရှိတရားခံပြေး တစ်ဦးဖြစ်ကြောင်း။

ဇူလိုင် ၁၇ ရက် ညနေ ၄ နာရီခွဲတွင် စိတ်ပြောင်းဆေးဝါးများကို ရန်ကုန်မြစ်ဝ

အင်းစိန်မြို့နယ်တွင် ငွေကျပ် ၄၈ ဒသမ ၄၇၅ ဘီလီယံတန်ဖိုးရှိ အိုက်စ် ၁၈၇၅ ကီလိုနှင့် စိတ်ကြွဆေးပြား ၁၆ သိန်း ဖမ်းဆီးရမိမှုကို ကွင်းဆက်အဆင့်ဆင့် ဖော်ထုတ်ဆောင်ရွက်မှု





ပြစ်မှုကျူးလွန်သူ နေမျိုးကျော်၊ ဇော်ဇော်လွင်တို့ကို ဖမ်းဆီးရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့် အတူတွေ့ရစဉ်။




စိတ်ပြောင်းဆေးဝါးများအား မလေးရှားရေပိုင်နက်သို့ ပို့ဆောင်မည့် ပြစ်မှုကျူးလွန်သူ ရဲထွန်း(ခ)ပဲ့နင်း(ခ)ဖိုးသာဂိနှင့် စိုးလင်းပိုင်(ခ)လင်းလင်းတို့ကို ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

သို့ တာဝန်ခံသယ်ဆောင်ပေးသူ အောင်ရတနာစက်လှေပိုင်ရှင် သိန်းသန်းဌေး(ခ) ဇော်ဇော်အောင်(ခ)ငဌေးနှင့် ကျော်စွာမင်း(ခ)မင်းမင်း၊ မျိုးထွန်း(ခ)ကိုထွန်းတို့ကို မင်္ဂလာဒုံမြို့နယ်၌လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စစ်ဆေးပေါ်ပေါက်ချက်များအရ အဆိုပါ ပြစ်မှုကျူးလွန်သူများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိပြီး ယင်း မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့သည် ပြည်ပသို့ ပင်လယ်ရေကြောင်းအသုံးပြု၍ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရောင်းဝယ်မှု အကြိမ်ကြိမ်ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်ရရှိသဖြင့် ၎င်းတို့ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေဖြင့် ထပ်မံအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၅၀၁)

❑ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်းမှ

အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ ဇူလိုင် ၂၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"နိုင်ငံတကာသို့ သံတမန်ခြေလှမ်းသစ်"**ခေါင်းစဉ်ဖြင့် ၂၃-၇-၂၀၂၅ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"NUG၊ PDF တို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ရွံရှာမုန်းတီးပြီး အမြင်မှန်တွေနဲ့အတူ အဆက်မပြတ် အလင်းဝင်လာကြတဲ့ PDF လူငယ်များ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ကြီးမားကျယ်ပြန့်သော သစ်တောဧရိယာရှိနိုင်ငံများ အပိုင်း(၂)

ခိုင်ဇင်

ကမ္ဘာတစ်ဝန်းမှာ သစ်တောအမျိုးအစားပေါင်း များစွာရှိပါတယ်။ အဲဒီလို ရေ၊ မြေ၊ ဥတုကိုလိုက်ပြီး ပုံစံကွဲပြားစွာနဲ့ပေါက်တဲ့ သစ်တောတွေဟာ လူသားတွေအပါအဝင် ဇီဝမျိုးစုံမျိုးကွဲတွေအတွက် အင်မတန်အရေးပါပါတယ်။ သစ်တောတွေဟာ ရာသီဥတုနဲ့ ဂေဟစနစ်တွေကို ထိန်းညှိပေးသလို ဇီဝမျိုးစုံမျိုးကွဲတွေအတွက် အစားအသောက်အပြင် နေထိုင်ရာနေရာတွေကိုလဲ ဖြည့်ဆည်းပေးနေတာဖြစ်ပါတယ်။ ဒ့ါပြင် လူသန်းပေါင်းများစွာရဲ့ အသက်ရှင်ရပ်တည်မှုအတွက် အဓိကကျတဲ့ အောက်ဆီဂျင်ကိုထုတ်ပေးပြီး ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုကို ဖြစ်စေတဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ကိုသိုလှောင်ပေးပါတယ်။ ကမ္ဘာ့မြေမျက်နှာပြင်ရဲ့ သုံးပုံတစ်ပုံလောက်ကို သစ်တောတွေက လွှမ်းခြုံထားပါတယ်။ ဒီလို အဖိုးအနဂ္ဃထိုက်တဲ့သစ်တောဧရိယာ ကျယ်ကျယ်ပြန့်ပြန့်ရှိတဲ့နိုင်ငံဟာ သဘာဝတရားရဲ့ကောင်းချီးပေးမှုကို ရရှိထားတယ်လို့တောင် ဆိုရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာတော့ စာဖတ်သူတွေကို ဂြိုဟ်တုကနေရရှိတဲ့အချက်အလက်တွေကို အခြေခံပြီး သစ်တောဖုံးလွှမ်းဧရိယာ ကျယ်ကျယ်ပြန့်ပြန့်ရှိတဲ့ နိုင်ငံတွေကို ဖော်ပြပေးသွားမှာဖြစ်ပါတယ်။

**ဩစတြေးလျနိုင်ငံ**



ဩစတြေးလျနိုင်ငံဟာ အပူပိုင်းမိုးသစ်တောအများဆုံးရှိတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ နိုင်ငံရဲ့ သစ်တောဖုံးလွှမ်းဧရိယာဟာ ဟက်တာ ၁၂၅ သန်းလောက်ရှိပါတယ်။ ဩစတြေးလျနိုင်ငံဟာ မိုးခေါင်လေ့ရှိတဲ့နိုင်ငံဖြစ်ပါတယ်။ ဒါပေမဲ့ နိုင်ငံရဲ့သစ်တောဧရိယာကျယ်ပြန့်ရတာဟာ နိုင်ငံအတွင်း ရာသီဥတုနဲ့လိုက်လျောညီထွေတဲ့ သစ်ပင်မျိုးစိတ်တွေ ရှင်သန်ပေါက်ရောက်နေတာကြောင့်ဖြစ်ပါတယ်။ နိုင်ငံရဲ့သစ်တောအများစုကို ကွင်းစလန်းပြည်နယ်မှာ တွေ့နိုင်ပါတယ်။ နိုင်ငံအတွင်းမှာ အများဆုံးတွေ့ရတာကတော့ ယူကလစ်ပင်နဲ့ ထင်းရှူးပင်လို မိုးခေါင်မှုဒဏ်ကိုခံနိုင်တဲ့ သစ်ပင်တွေဖြစ်ပါတယ်။ မိုးခေါင်မှုနဲ့အတူ တောမီးလောင်မှုကိုလဲ မကြာမကြာကြုံတွေ့ရလေ့ရှိတဲ့ ဩစတြေးလျနိုင်ငံမှာပေါက်တဲ့သစ်ပင်တွေဟာ မိုးခေါင်မှုဒဏ်ကိုပါမက တောမီးလောင်ကျွမ်းဒဏ်ကိုပါ ခံနိုင်တဲ့သစ်ပင်တွေဖြစ်ပါတယ်။ တောမီးလောင်ကျွမ်းမှုဒဏ်ကို ခံနိုင်ရည်ရှိတဲ့ သစ်ပင်အများစုရှင်သန်ဖြစ်ထွန်းပေမဲ့လဲ တောမီးလောင်မှုအကြိမ်ရေများလာတဲ့အခါ သစ်ပင်တွေပျက်စီးခြောက်သွေ့ကာ သစ်တောပြုန်းတီးမှုတွေဖြစ်လာပါတယ်။ ဩစတြေးလျနိုင်ငံရဲ့ သစ်တောပြုန်းတီးမှုအများဆုံးပြည်နယ်တွေကတော့ ကွင်းစလန်းပြည်နယ်နဲ့ နယူးဆောက်ဝေးပြည်နယ်တို့ဖြစ်တယ်လို့ သိရပါတယ်။

**ကွန်ဂိုနိုင်ငံ**



ကွန်ဂိုနိုင်ငံဟာ သစ်တောဟက်တာ ၁၂၆ သန်းလောက်ရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ သစ်တောဧရိယာအများစုကို ကွန်ဂိုမြစ်ဝှမ်းနဲ့ အမေဇုန်မြစ်ဝှမ်းတစ်လျှောက်မှာ တွေ့နိုင်ပါတယ်။ ကွန်ဂိုနိုင်ငံရဲ့သစ်တောတွေဟာ ဒေသတွင်းမိုးရွာသွန်းမှုအတွက် အလွန်အရေးပါတယ်လို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်သူတွေက ခံယူထားကြပါတယ်။ ဒါကြောင့် သစ်ပင်၊ သစ်တောတွေကို ထိန်းသိမ်းမှုကောင်းကောင်းနဲ့ ထိန်းသိမ်းလေ့ရှိကြတာဖြစ်ပါတယ်။ ကွန်ဂိုနိုင်ငံရဲ့ မျိုးရင်းသစ်ပင်မျိုးစိတ်တွေဖြစ်တဲ့ Bonobos၊ Okapis မျိုးစိတ်တွေဟာ ရာသီဥတုမရွေးပေါက်ရောက်နိုင်တဲ့အပင်တွေဖြစ်ပြီး ထိုအပင်တွေဟာ ဇီဝမျိုးစုံမျိုးကွဲတွေအတွက် နေထိုင်ရာ၊ ခိုနားရာနေရာတွေကို ဖန်တီးပေးနိုင်ပါတယ်။ ဒါပေမဲ့လဲ လူသားတို့အနေနဲ့နေထိုင်ရာအတွက် သစ်တောတွေချဲ့ထွင်ရှင်းလင်းတာ၊ သစ်တောမြေတွေကိုခုတ်ထွင်ပြီး စိုက်ပျိုးရေးလုပ်တာ၊ ထင်းနဲ့မီးသွေးရလိုမှုနဲ့ သစ်ပင်တွေခုတ်ထွင်တာတွေကြောင့် ကွန်ဂိုနိုင်ငံက သစ်တောဧရိယာတချို့ ပြုန်းတီးခဲ့ရပါတယ်။ လက်ရှိမှာတော့ ပြုန်းတီးခဲ့ရတဲ့သစ်တောတွေကို အစားထိုးနိုင်ဖို့အတွက်နဲ့ ကျန်ရှိနေတဲ့ သစ်တောတွေကိုကာကွယ်ဖို့အတွက် ကွန်ဂိုနိုင်ငံဟာ သစ်တောထိန်းသိမ်းရေးကို စည်းမျဉ်းစည်းကမ်းများ ချမှတ်ဆောင်ရွက်လျက်ရှိတယ်လို့ သိရပါတယ်။

**အင်ဒိုနီးရှားနိုင်ငံ**

အင်ဒိုနီးရှားနိုင်ငံရဲ့ သစ်တောဧရိယာဟာ ဟက်တာပေါင်း ၉၂ သန်းရှိပါတယ်။ သစ်တောဧရိယာရှိတဲ့နေရာတွေကတော့ အထူးသဖြင့် ဆူမားတြားကျွန်းဆွယ်တစ်လျှောက်မှာ တွေ့ရပါတယ်။ အင်ဒိုနီးရှားနိုင်ငံဟာ ရှားပါးမျိုးသုဉ်းလုနီးပါး ဇီဝမျိုးစုံမျိုးကွဲတော်တော်များများ နေထိုင်ကျက်စားတဲ့ သစ်တောတွေရှိတဲ့အတွက် သစ်တောဂေဟစနစ်ဟာ အတော်လေးကောင်းမွန်နေတယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့လဲ နိုင်ငံရဲ့အဓိကစိုက်ပျိုးရေးဖြစ်တဲ့ ဆီအုန်းစိုက်ပျိုးရေးကြောင့်သစ်တောတွေဟာ ပိုပြီးပြုန်းတီးလာရပါတယ်။ ဒ့ါပြင် ထင်းနဲ့မီးသွေးအတွက် သစ်ဝါးခုတ်တာ၊ အဆောက်အအုံတွေအတွက်လိုအပ်တဲ့သစ်အတွက်



သစ်ပင်တွေအလွန်အကျွံခုတ်တာတွေကြောင့် နိုင်ငံရဲ့အဖိုးတန်သစ်တောတွေဟာ တဖြည်းဖြည်းရှားပါးပျက်စီးလာပါတော့တယ်။ ဒါကြောင့် အစိုးရ၊ သက်ဆိုင်ရာဌာနတွေက သစ်တောနဲ့ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းသူတွေနဲ့ပူးပေါင်းပြီး သစ်တောတွေကို ထိန်းသိမ်းကာကွယ်လာကြတာကိုတွေ့ရပါတယ်။ နိုင်ငံအတွင်းမှာ အတွေ့များတဲ့ သစ်တောတွေကတော့ အပူပိုင်းသစ်တောတွေပဲဖြစ်ပါတယ်။

**ပီရူးနိုင်ငံ**

ပီရူးနိုင်ငံဟာ သစ်တောဧရိယာ ဟက်တာပေါင်း ၇၂ သန်းရှိတဲ့နိုင်ငံဖြစ်ပြီး နိုင်ငံရဲ့သစ်တောဧရိယာအများစုကို အမေဇုန်မြစ်ဝှမ်းတစ်လျှောက်မှာတွေ့ရပါတယ်။ နိုင်ငံရဲ့သစ်တောဧရိယာမှာ ဇီဝမျိုးစုံမျိုးကွဲတွေ တော်တော်များများနေထိုင်ပါတယ်။ ဒါကြောင့် ဇီဝမျိုးစုံမျိုးကွဲတွေအတွက် မရှိမဖြစ်လိုအပ်တဲ့သစ်တောတွေကို ထိန်းသိမ်းရေးဟာ အတော်လေးအရေးကြီးတာကြောင့် နိုင်ငံအစိုးရ၊ သက်ဆိုင်ရာဌာန၊ ဌာနေတိုင်းရင်းသားအသိုင်းအဝိုင်းတွေနဲ့ သစ်တော၊ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းသူတွေပူးပေါင်းပြီး သစ်တောတွေကို ထိန်းသိမ်းလျက်ရှိပါတယ်။ ဒါပေမဲ့ တောမီးလောင်တာ၊ တရားမဝင်မြေယာချဲ့ထွင်တာ၊ သစ်ခိုးခုတ်တာနဲ့ သစ်တောဧရိယာမှာ ယာခင်းတွေ ကျူးကျော်စိုက်ပျိုးတာက သစ်တောပြုန်းတီးမှုအတွက် ခြိမ်းခြောက်မှု



တစ်ရပ်ဖြစ်နေပါတယ်။ ဒ့ါပြင် ပီရူးနိုင်ငံရဲ့ ဝေးလံခေါင်သီတဲ့ဒေသတွေမှာ သစ်တောပြုန်းတီးမှုကြီးထွားလာနေတာကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မှုအားနည်းနေတဲ့အတွက် သစ်တောတွေပြုန်းတီးလာတာဖြစ်ပါတယ်။

**အိန္ဒိယနိုင်ငံ**

အိန္ဒိယနိုင်ငံဟာ သစ်တောဧရိယာဟက်တာ ၇၂ သန်းကျော် ရှိပါတယ်။ နိုင်ငံဟာ ဧရိယာကျယ်ပြန့်သလို သစ်တောဧရိယာကြွယ်ဝတဲ့နိုင်ငံတစ်နိုင်ငံလဲဖြစ်ပါတယ်။ နိုင်ငံရဲ့ သစ်တောဖုံးလွှမ်းမှုဟာ နိုင်ငံ့မြေဧရိယာစုစုပေါင်းရဲ့ ၂၄ ရာခိုင်နှုန်းလောက်ရှိပါတယ်။ ဒါကြောင့် သစ်တောဧရိယာအတော်လေးကျယ်တဲ့နိုင်ငံလို့ ဆိုရမှာဖြစ်ပါတယ်။ နိုင်ငံရဲ့ အနောက်၊ အရှေ့မြောက်နဲ့ အလယ်ပိုင်းမှာ သစ်တောတွေကိုတွေ့နိုင်ပါတယ်။ သစ်တောဧရိယာကျယ်သလို ရှားပါးဇီဝမျိုးစုံမျိုးကွဲတွေလဲ ကျက်စားနေထိုင်ပါတယ်။ သဘာဝဘေးမဲ့တောတွေများစွာရှိပြီး နိုင်ငံရဲ့သစ်တောမူဝါဒက သစ်တောပြုန်းတီးမှုမဖြစ်စေရေးကို အဓိကထားတာကို တွေ့ရပါတယ်။ ဒါပေမဲ့လဲ လူဦးရေတိုးပွားမှုကြောင့် လိုအပ်လာတဲ့ မြေနေရာတွေအတွက် မြေယာချဲ့ထွင်မှု၊ စိုက်ပျိုးမြေတွေအတွက် သစ်ပင်တွေအလွန်အကျွံခုတ်ထွင်မှု၊ စက်မှုဖွံ့ဖြိုးတိုးတက်မှု၊ ပူပြင်းခြောက်သွေ့မှုနဲ့ မိုးသည်းထန်စွာရွာသွန်းမှုတို့က သစ်တောတွေကို ပြုန်းတီးမှုပိုဖြစ်စေတဲ့အတွက် သစ်တောထိန်းသိမ်းရေးကို အခုထက်ပိုဆောင်ရွက်နိုင်ဖို့ စိန်ခေါ်မှုများကို ရင်ဆိုင်နေရတယ်လို့ သိရပါတယ်။

သစ်ပင်သစ်တောအုံ့အုံ့ဆိုင်းဆိုင်းက တကယ့်ကို မျက်စိအေးစေတဲ့ သဘာဝရှုခင်းပဲဖြစ်တာကြောင့် မြင်တွေ့ရသူအပေါင်းမှာ စိတ်နှလုံးအေးချမ်းမှု၊ မျက်စိပသာဒဖြစ်မှုတွေကိုခံစားရစေနိုင်ပါတယ်။ ဒါကြောင့် ဇီဝမျိုးစုံမျိုးကွဲတွေအတွက် နေထိုင်ရာအသိုက်အမြုံကိုသာမက လူသားတို့အတွက် နေ့စဉ်လိုအပ်ချက်တဲ့အသုံးအဆောင်တွေကနေ အဖိုးတန်သစ်တောထွက်ပစ္စည်းများစွာကိုပေးစွမ်းနိုင်တဲ့ သစ်တောတွေကို



ထိန်းသိမ်းသွားကြဖို့ဟာ လူသားအားလုံးရဲ့ တာဝန်ပဲဖြစ်ပါတယ်။ ဒါကြောင့် အခုလို မိုးရာသီကာလ မြေဆီစိုခိုက်မှာ မိမိပတ်ဝန်းကျင်မှာ နှစ်ရှည်ပင်၊ သီးပင်၊ စားပင်၊ အလှစိုက်ပင်တွေကို စိုက်ပျိုးပြီး အေးချမ်းတဲ့ပတ်ဝန်းကျင်ကလေးကို ဖန်တီးနိုင်ကြပါစေလို့ ဆန္ဒပြုရေးသားအပ်ပါတယ်။

**ကိုးကား**

- The countries with the largest forest areas in the world by Karina Acharya.

ဝတ္ထုတိုကဏ္ဍ

# တစ်ဦးစေတနာ တစ်ဦးမေတ္တာ

## နန်းမိုမိုဦး(တောင်ငူ)



(၁)

ကဆုန်လမဟုတ်သော်လည်း ဘအောင်မြိုင်၏ ခြံထဲတွင် မြေသင်းနံ့များက လှိုင်နေ၏။

"ဗျို့ ဘအောင်မြိုင် နားနားနေနေလဲနေပါအုံးဗျ။ ဘအောင်မြိုင်ကြည့်လိုက်ရင် အငြိမ်နေတယ်ကို မရှိဘူး။ တစ်ခုမဟုတ်တစ်ခု လုပ်နေတာပဲ။ အပင်တွေ ရေလောင်းတာပဲဗျာ။ တစ်နေ့တစ်ခါလောင်းရင် လုံလောက်ပါတယ်ဗျ"

ခြံထဲရှိသီးပင်စားပင်များကို ရေလောင်းနေသည့် ဘအောင်မြိုင်ကို ခြံနားကဖြတ်သွားသော လူငယ်တစ်ဦးက လှမ်းပြောနေခြင်းဖြစ်၏။

ထိုအခါ ဘအောင်မြိုင်က ရေလောင်းနေရင်းက ပြန်ပြောသည်။

"မိုးရာသီမဟုတ်ဘူးလေကွာ ငါ့တူရ။ အပင်တွေ ရေဝဖို့ လိုတယ်လေ။ အပင်တွေ ခြောက်ကပ်နေရင် အဘက နေကိုမနေတတ်တာ"

"ဟုတ်ပါပြီဗျာ"

ဘအောင်မြိုင်၏ခြံထဲတွင် ဘူး၊ ဖရုံ၊ ငရုတ်၊ ချဉ်ပေါင်၊ ကန်စွန်း၊ မုန်လာ၊ ငှက်ပျောစသည့်အပင်များကို ဟိုတစ်စုသည်တစ်စုဖြင့် စုံလင်စွာစိုက်ထားသည်။ အသက် ၆၀ တိုင်အောင်ပင် လူပျိုကြီးဘဝဖြင့် နေထိုင်လာခဲ့သော ဘအောင်မြိုင်သည် သူ၏ဘဝတွင် ခြံထဲမှအပင်များနှင့် ခြံစောင့်ခွေးသုံးကောင်ကသာ အဖော်ဖြစ်နေတော့သည်။ ခြံမှ သီးပင်စားပင်များကို လည်း ပြန်ရောင်းခြင်းမပြုဘဲ ရွာဦးဘုန်းကြီးကျောင်းရှိ ဆွမ်းချက်ရုံသို့ နံနက်တိုင်းသွားရောက်လှူဒါန်းလေ့ရှိသည်။

ထို့ပြင် ရာသီချိန်ဟင်းသီးဟင်းရွက်များ လှိုင်လှိုင်ပေါချိန်တွင်လည်း အိမ်နီးချင်းများကို လာရောက်ခူးယူနိုင်ကြောင်း ပြောလေ့ရှိသည်။ ထို့ကြောင့်လည်း စေတနာကောင်းသော ဘအောင်မြိုင်ကို တစ်ရွာလုံးက ချစ်ခင်လေးစားကြ၏။

(၂)

"ဘအောင်မြိုင်အပင်တွေက သန်လိုက်တာဗျာ။ ကြည့်လိုက်တိုင်း စိမ်းစိုနေတာပဲ။ ဘာမြေသြဇာတွေများသုံးတာလဲ"

အိမ်ကိုအလည်လာသော အိမ်နီးချင်း ဦးချစ်မောင်က ရေနွေးကြမ်းထိုင်သောက်နေရာမှ စကားစမြည်ပြောသည်။ ဘအောင်မြိုင်ကလည်း သောက်လက်စ ရေနွေးကြမ်းခွက်ကို ပြန်ချလိုက်ကာပြော၏။

"ဘာမြေသြဇာမှမသုံးပါဘူးကွာ။ ရေကို အချိန်မှန်လောင်းတယ်။ ပြီးတော့ သဘာဝမြေသြဇာအနေနဲ့ ဆန်ဆေးရည်တို့၊ ထမင်းရည်အေးတို့ အဲဒါတွေပဲ လောင်းတာ။ အပင်တွေက ဆန်ဆေးရည်နဲ့ ထမင်းရည်အေးဆို တယ်ကြိုက်သကိုးကွ"

ဘအောင်မြိုင်တို့နှစ်ဦးသား ရေနွေးကြမ်းသောက်ကာ စိုက်ပျိုးရေးအကြောင်း ပြောဖြစ်သွားကြသည်။ အတန်ကြာသည်ထိ ပြောကြပြီးသော်-

"ပြန်တော့မလို့လားကွ။ အဲဒါဆိုခဏစောင့်အုံး။ ဘူးသီးနဲ့ ငှက်ပျောသီးပေးလိုက်ချင်လို့"

ပြောပြောဆိုဆို ဘအောင်မြိုင်က ဘူးစင်သို့သွားကာ ဘူးသီးနှစ်လုံး ခူးယူလာခဲ့သည်။

"ရော့ ဟင်းချက်စရာ ဘူးသီးယူသွား။ ငှက်ပျောသီးက ဟိုနားမှာပဲ အုပ်ထားတယ်။ သွားယူလိုက်အုံးမယ်"

ဘအောင်မြိုင် ငှက်ပျောသီးအုပ်ထားရာသို့သွားကာ ငှက်ပျောသီးတစ်ဖီး ယူလာခဲ့သည်။

"အားနာစရာကြီး ဘအောင်မြိုင်ရယ်"

"ဘာအားနာစရာလိုလဲကွာ။ ငါက အိမ်နီးချင်းတွေကို ဒီလိုပေးနေကျပဲ"

အိမ်ကိုလာသည့်လူများဆိုလျှင်လည်း လူကြီးရော ကလေးပါမကျန် စားစရာသောက်စရာတစ်ခုခု ပေးလိုက်ရမှသာ ဘအောင်မြိုင်က ကျေနပ်သည်။ စိတ်ရင်းစေတနာကောင်း၍လည်း လူကြီး၊ လူငယ်မရွေး ဘအောင်မြိုင်ကို ခင်ကြ၏။

(၃)

ဘအောင်မြိုင် အိပ်နေရာမှ ပြတင်းပေါက်အပြင်ဘက် အပင်များစိုက်ထားရာသို့ ခေါင်းပြူကြည့်လိုက်သည်။ နေရောင်သည် နံနက်နေခြည်ဟုသာဆိုသည်။ အနွေးဓာတ်ကိုလွှမ်းကဲကာ ပူ၍နေလေ၏။ ယခုနံနက်တွင် ဘအောင်မြိုင်တစ်ယောက် စိတ်သွားတိုင်း - ကိုယ်မပါနိုင်ဖြစ်ရတော့သည်။ အပင်များကို ရေလောင်းနေကျအချိန်မို့ ရေလောင်းချင်သော်လည်း စိတ်သွားတိုင်း ကိုယ်ကမပါ။

"အား ကျွတ် ကျွတ်"

ခန္ဓာကိုယ်တစ်ခုလုံး ညောင်းညာကိုက်ခဲကာ ဘအောင်မြိုင် နေထိုင်မကောင်းဖြစ်နေလေသည်။ မထချင်အောင်ပင် ခန္ဓာကိုယ်က ကိုက်ခဲနေသည်မို့ ဆက်၍ပင် လှဲနေလိုက်သည်။ နေကလည်းမြင့်သည်ထက် မြင့်လာ၏။ ဘအောင်မြိုင် ဆက်လှဲနေရင်းမှ အိပ်ပျော်သွားသည်မှာ မည်မျှကြာသည်ကို သူမသိတော့ပေ။

"ဘအောင်မြိုင် ဗျို့ ဘအောင်မြိုင်"

ထိုခေါ်သံကြောင့် ဘအောင်မြိုင် နိုးသွားသည်။ မနေ့က အလည်လာသွားခဲ့သော ဦးချစ်မောင်၏ အသံ။ ဦးချစ်မောင်က ခြံထဲတွင် ဘအောင်မြိုင်ကို မတွေ့၍ လှမ်းခေါ်နေခြင်းဖြစ်သည်။ အိမ်နီးချင်းဖြစ်နေ၍ ခြံထဲမှ ခွေးသုံးကောင်နှင့်လည်း မစိမ်းသောကြောင့် ဦးချစ်မောင်က အိမ်ထဲသို့ ခပ်ရဲရဲပင် ဝင်လာခဲ့၏။

"ဟင်... ဘအောင်မြိုင် နေမကောင်းဘူးလား"

"အင်း... ကိုယ်လက်တွေက မထနိုင်အောင် ကိုက်ခဲနေတာ။ မနက်ကတည်းက အခုချိန်ထိ မထနိုင်ဘူးကွာ"

ထိုအခါ ဦးချစ်မောင်က ဘအောင်မြိုင်နဖူးကို လက်ဖြင့်စမ်းလိုက်သည်။

"ကိုယ်ကတော့မပူဘူးဗျ။ အညောင်းမိတာဖြစ်ရမယ်။ ကဲ... ကျွန်တော်နှိပ်ပေးမယ်"

ဦးချစ်မောင် ဘအောင်မြိုင်ကို အတန်ကြာအောင် နှိပ်နယ်ပေးလိုက်လေ၏။ နှိပ်ပေးနေရင်းဖြင့် ခြံထဲရှိ အပင်များကို ဝေ့ဝဲကြည့်လိုက်ပြန်သည်။

"ဘအောင်မြိုင်ရဲ့အပင်တွေကိုလဲ ညနေကျရင် ကျွန်တော်ရေလာလောင်းပေးမယ်။ ဘအောင်မြိုင် ဘာမှမလုပ်နဲ့အုံးနော်။ နားနားနေနေ နေလိုက်အုံး။ စိတ်ချ ကျွန်တော် ညနေဆက်ဆက်လာလောင်းပေးမယ်။ အခုက နေ့လယ်ရောက်နေပြီမို့ ရေလောင်းလို့ မဖြစ်သေးဘူး"

ဦးချစ်မောင်၏စကားကြောင့် ဘအောင်မြိုင် စိတ်အေးသွားရသည်။

"ကျွန်တော် အိမ်ခဏပြန်ပြီး ဘအောင်မြိုင်အတွက် ဆေးပြန်ယူလိုက်အုံးမယ်။ ပြီးရင်ကျွန်တော် ပြန်လာခဲ့မယ်နော်"

(၄)

ဦးချစ်မောင် လာပေးသည့် အကိုက်အခဲပျောက်ဆေးတစ်စုံကြောင့် ဘအောင်မြိုင်တစ်ယောက် အိပ်လိုက်သည်မှာ အတော်ပင်ကြာသွားသည်။ အိပ်ရာက နိုးသော် ပြတင်းပေါက်သို့ ခေါင်းပြူကြည့်လိုက်သည်။ ရေထမ်းပိုးဖြင့်ရေသယ်၍ အပင်ရေလောင်းနေသည့် ဦးချစ်မောင်ကို မြင်နေရ၏။ ဘအောင်မြိုင်မှာ ဦးချစ်မောင်ကို အားနာမိသွားသည်။

"ဘအောင်မြိုင် သက်သာရဲ့လား"

အသံကြား၍ နောက်လှည့်ကြည့်သော် နှစ်အိမ်ကျော်က မပုဖြစ်နေသည်။ မပုက ကြက်သားကာလသားချက်ပန်းကန်ကိုင်ကာ ဘအောင်မြိုင်ဆီသို့ ရောက်လာခြင်းပင်။

"အေး သက်သာပါတယ်။ ချစ်မောင်ကြီး ပေးထားတဲ့ဆေးသောက်ပြီးအိပ်လိုက်တာ အခုနိုးတော့ သက်သာသွားပါပြီ"

"သက်သာသွားရင် အဘ ညနေထမင်းစားရအောင်လို့ ဟောဒီမှာ ကြက်ကာလသားချက်လေး လာပို့တာ"

"အို... အားနာစရာ"

အားနာစရာဟုပြောရသော်လည်း ဘအောင်မြိုင်ကိုယ်တိုင်က နေထိုင်မကောင်းဖြစ်နေချိန်တွင် ယခုလိုအိမ်နီးချင်းများရှိနေ၍အားတက်ရသည်။ ဤသည်မှာလည်း သူတစ်ပါးအပေါ် စိတ်ကောင်းစေတနာကောင်းထားရှိခဲ့၍ တန်ပြန်စေတနာပင်ဖြစ်သည်ဟု ဘအောင်မြိုင် ကောက်ချက်ချလိုက်သည်။

(၅)

"အဘအောင်မြိုင် သက်သာပြီလား။ သမီးဆေးနဲ့ မုန့်လေး၊ အချိုရည်လေးလာပို့တာ။ အဘကော ဘာစားပြီးပြီလဲ။ ခွေးတွေကော စားပြီးပြီလား"

အိမ်ထဲသို့ဝင်လာရင်း မေးခွန်းများ တရစပ်မေးနေသည်မှာ လေးအိမ်ကျော်က ကလေးမလေးတစ်ဦး။

"သက်သာပါပြီသမီးရယ်၊ ညနေစာလဲ စားပြီးပြီ"

"ခွေးတွေကကော"

"မစားရသေးဘူး သမီးရေ။ ဒီကောင်တွေကို ညကျရင် အဘချက်ကျွေးလိုက်မယ်"

"နေ နေ အဘ ချက်မနေနဲ့။ ထမင်းကျန်တွေကို တစ်အိမ်နည်းနည်းစီ သမီးလိုက်တောင်းလိုက်မယ်။ အဘ မချက်တော့နဲ့နော်"

ပြောပြောဆိုဆို ကလေးမလေးက ပါလာသည့် အထုပ်ကိုပေးကာ ပြန်လှည့်ထွက်သွားသည်။ အတန်ကြာသော် ကလေးမလေးပြန်ရောက်လာ၏။ လက်ထဲတွင် ထမင်းနှင့်ဟင်းများရောနယ်ထားသည့် ထမင်းထုပ်ကြီးတစ်ထုပ် ပါလာသည်။

"အဘရဲ့ခွေးသုံးကောင်အတွက် တစ်နပ်စာရပြီ အဘရေ"

**❖ "သက်သာသွားရင် အဘ ညနေထမင်းစားရအောင်လို့ ဟောဒီမှာ ကြက်ကာလသားချက်လေးလာပို့တာ" "အို... အားနာစရာ" အားနာစရာဟုပြောရသော်လည်း ဘအောင်မြိုင်ကိုယ်တိုင်က နေထိုင်မကောင်းဖြစ်နေချိန်တွင် ယခုလို အိမ်နီးချင်းများရှိနေ၍ အားတက်ရသည်။ ဤသည်မှာလည်း သူတစ်ပါးအပေါ် စိတ်ကောင်းစေတနာကောင်းထားရှိခဲ့၍ တန်ပြန်စေတနာပင်ဖြစ်သည်ဟု ဘအောင်မြိုင် ကောက်ချက်ချလိုက်သည်။ ❖**

ထမင်းထုပ်ကိုမြှောက်ပြကာ ကလေးမလေးက ပြုံးရွှင်စွာဖြင့် ရောက်လာချေပြီ။ ဘအောင်မြိုင်မှာ ဘာပြောရမည်မှန်းပင်မသိအောင် ပါးစပ်အဟောင်းသားဖြင့် အံ့သြပီတိဖြစ်နေတော့သည်။ ကလေးမလေးက ပါလာသည့်ထမင်းထုပ်ကို ခွေးသုံးကောင် အညီအမျှခွဲဝေကျွေးလိုက်သည်။

ဆာဆာနှင့် ခေါင်းမဖော်တမ်းစားနေသည့်အဖော်သုံးကောင်ကိုကြည့်ကာ ဘအောင်မြိုင်ပြုံးလိုက်သည်။ အစာရှာခဲ့ပေးသည့် ကလေးမလေးအတွက်လည်း သာဓုသုံးကြိမ်ပါ တီးတိုးခေါ်လိုက်လေသည်။

# ရွှေဘိုမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၅၉၇ ဧကထိ စိုက်ပျိုးပြီးစီး



**ရွှေဘို ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၅၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းဧက ၄၀၀ နှင့် ဖူးစားပြောင်း ၂၄၄၁ ဧက စုစုပေါင်း ၂၈၄၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၃၅၁ ဧကနှင့် ဖူးစားပြောင်း ၂၂၄၆ ဧက စုစုပေါင်း ၂၅၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ဧက ၂၈၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၅၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေဆောင်ရွက်ပေးနေပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုးကြိုတင်ကာကွယ်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# အိမ်မဲမြို့နယ်မှ ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေ

**အိမ်မဲ ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်မှ ဒေသထွက် ကွမ်းရွက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း အိမ်မဲမြို့နယ် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ဒေသထွက်ကွမ်းရွက်များ ယခုနှစ် ဇူလိုင်လပထမပတ်မှ ယနေ့ထိ ဝယ်ယူအားကောင်းမွန်လာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက်ကွမ်းရွက်များ တစ်ရက်လျှင် ပိဿာချိန် ၅၅၀၀ ခန့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ ကွမ်းရွက်တွေက ဒေသတွင်းမှာကို အရောင်းအဝယ် ပြန်ကောင်းလာနေတယ်။ လက်ရှိ ကွမ်းရွက်ဈေးလဲ နည်းနည်းပြန်ကောင်းလာတယ်။ ဒေသထွက် ကွမ်းရွက်တွေကို ဒေသဈေးကွက်အပြင် ဝါးခယ်မ၊ မြောင်းမြဘက်နဲ့ အခြားဒေသတွေက ဝယ်ယူအားကောင်းနေလို့ အရောင်းအဝယ် ကောင်းနေတာပါ။ ကွမ်းအရည်အသွေးကလဲ ဝယ်လက်တိုင်းကြိုက်တဲ့အနေအထားပါ။ ဒီဘက်က ကွမ်းရွက်အရောင်းအဝယ်သမားတွေက ဒေသထွက်ကွမ်းတွေကို မှာယူတဲ့ဒေသထိ လိုက်လံပို့ဆောင်ပေးပါတယ်"ဟု အိမ်မဲမြို့နယ် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ကွမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် ကွမ်းရွက်များကို အခြားဒေသများသို့ စနစ်တကျ ထုပ်ပိုးကာ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ကွမ်းရွက်များ အရောင်းအဝယ်ကောင်း လာသည့်အတွက် ကွမ်းစိုက်ပျိုးသူများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ လုပ်သားများ အဆင်ပြေလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဇေယျာသီရိမြို့နယ် ရုံးပင်ဇောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ သာယာကုန်းကျေးရွာအုပ်စု ရုံးပင်ဇောင်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ကျေးရွာရှိ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၁၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရုံးပင်ဇောင်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၈ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၁၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နော်လူး**

# ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ချောင်းဆုံ ဇူလိုင် ၂၂**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကွမ်ရိုက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးသန်းလွင်၊ မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ ချောင်းဆုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်နှင့် ဝန်ထမ်းများက ကွမ်ရိုက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးသန်းလွင်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ချောင်းဆုံကျေးရွာတွင် အရှည် ၅၂၂ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၃ ဒသမ ၁၅ သန်းဖြင့် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ချောင်းဆုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သုတ**

## အတ္တနဲ့ပရ

\- အတ္တတွေ ကြီးသမျှ
ခရီးက မသာယာ၊
ကိုယ့်ဖို့သာ တလွဲသတိနဲ့
အမြဲကြည့်တဲ့အခါ၊
ကိုယ့်အတွက် လိုရင်းသာ
ကိုယ်ချင်းစာ မတွေးတော့၊
အထီးကျန် စရိုက်အလွဲကို
ပိုက်စွဲရင်းမော။

\- များကျိုးကို တန်ဖိုးထား
ကြိုးစားလို့ ဖွေတဲ့ခါ၊
ကိုယ့်ဝန်းကျင် မနွမ်းမလျ
ချမ်းမြသာယာ၊
သူများကျိုး ရှုကြည့်ကာ
မုဒိတာ စိတ်ကိုမြန်း၊
အများတွေ အလိုကျတိုင်း
ကိုယ်ကရွှင်လန်း။

\- အတ္တနဲ့ ပရပန်း
အလှအလန်းနဲ့ အမောအမှိုင်၊
ဘဝတာ အဆွေးမခဖို့
ရွေးကြကိုယ်ပိုင်၊
ရွှင်လန်းတဲ့ မြတ်ပန်းခိုင်
လှမ်းအပိုင် ချူပါမှ၊
သောကခြံ အစဉ်မနွမ်းဘဲ
လောကဘုံ ဘဝင်နန်း
အိုကွယ်...
ရွှင်လန်းမည်ပ။ ။

**လွမ်းလေးကို(သရက်)**

# ပြစ်ဒဏ်ချမှတ်ခြင်းနှင့် တရားရုံး၏ ဆင်ခြင်တုံတရား

စိန်လှိုင်ဗိုလ်

ပြစ်ဒဏ်ချမှတ်ရာ၌ ပြစ်မှုကျူးလွန်သူအပေါ် ကလဲ့စားချေသည့်သဘောမဟုတ်ဘဲ မည်သည့်ပြစ်မှုကျူးလွန်လျှင် ပညာပေးသည့်သဘောလည်း သက်ရောက်စေရခြင်း၊ မည်သည့်ပြစ်ဒဏ်မျိုးကိုသာ ချမှတ်ရမည်ဟု ပုံသေကားကျသတ်မှတ်ထား၍ မရနိုင်ခြင်း၊ အပြစ်ဒဏ်သတ်မှတ်သောကိစ္စမှာ တရားရုံး၏ ဆင်ခြင်တုံတရားလက်ကိုင်ထားကာ ဆုံးဖြတ်ရသောကိစ္စဖြစ်ခြင်းနှင့် ပတ်သက်၍ ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေ ပုဒ်မ-၆ ကို ရည်ညွှန်းကိုးကားရေးသားတင်ပြပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**

၁၉၆၆ ခုနှစ် မတ် ၂ ရက်တွင် အိန္ဒိယပြည်သို့ အပြီးအပိုင်ပြန်မည့် မစ္စစ်ချနရာကို မင်္ဂလာဒုံလေယာဉ်ကွင်း၌ရှာဖွေရာ ၎င်းထံမှ အစိုးရ၏ ခွင့်ပြုချက်မရှိဘဲ လျှို့ဝှက်စွာအိန္ဒိယပြည်သို့ ယူဆောင်သွားရန် တန်ဖိုးငွေကျပ် ၂၄၅၁ ရှိသည့် ပိုင်းလော့ဖောင်တိန် ၅၀၊ ပတ်ကားဖောင်တိန် ၃၀၊ လှည့်၍ရသော ပိုင်းလော့ခဲတံသုံးခု၊ ဆေးလက်ကောက် ၃၀နှင့် မျက်မှန်ကိုင်း ၁၆ ခုတို့ကို ဖမ်းဆီးရမိသည်။ ထို့ကြောင့် ၎င်းကို ရန်ကုန်မြို့ အထူးတရားသူကြီး (အထူးစုံစမ်းရေးအက်ဥပဒေ)ရုံး၏ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် (၃၃) တွင် သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ)ဥပဒေပုဒ်မ -၅(၁) အရ တရားစွဲဆိုရာ အထူးတရားသူကြီးက **ရုံးဆင်း၊ ရုံးတက် ထောင်ဒဏ်နှင့် ဒဏ်ငွေ ၁၀၀၀ ကျပ်ပေးဆောင်စေ၊ မပေးဆောင်က အလုပ်နှင့်ထောင်ဒဏ် (၃)လ ကျခံစေရန်** အမိန့်ချမှတ်ခဲ့ပါသည်။

ထိုအမိန့်ကို နိုင်ငံတော်အစိုးရက မကျေနပ်သဖြင့် တရားရုံးချုပ်၏ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ်-၉၆ (ခ)၌ အပြစ်ဒဏ်တိုးမြှင့်ပေးရန် လျှောက်ထားရာ တရားသူကြီးဦးချစ်သည် လျှောက်ထားသူကို ကြားနာပြီးနောက် **အောက်ရုံးမှ ချမှတ်ထားသော အပြစ်ဒဏ်များအပြင် အလုပ်နှင့်ထောင်ဒဏ်(၃)နှစ် တိုးမြှင့်၍ကျခံစေရန် အမိန့်ချမှတ်လိုက်ပါသည်။** ထိုကဲ့သို့ ပြစ်ဒဏ်တိုးမြှင့်လိုက်သည့် အမိန့်ကို ပြင်ဆင်ပယ်ဖျက်ပေးရန် ပြည်ထောင်စုတရားစီရင်ရေးအက်ဥပဒေပုဒ်မ-၆ အရ လျှောက်ထားသူက အခွင့်ထူးအယူခံခွင့်ပြုရန် လျှောက်လွှာကို တင်သွင်းခဲ့ပါသည်။

**နိုင်ငံတော်တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

လျှောက်ထားသူ၏ ရှေ့နေကြီး မစ္စတာရှီရမ်က စောဒကရုံးသည် အပြစ်ဒဏ်ကို တိုးမြှင့်ရာ၌ မြန်မာပြည်မှ အပြီးအပိုင်ထွက်ခွာသွားသော ခရီးသည်များသည် အစိုးရအခွင့်အမိန့်မရရှိဘဲ မြန်မာပြည်အတွင်းမှ ပစ္စည်းများကို ထုတ်ယူသွားခြင်းအားဖြင့် မြန်မာပြည်၏ စီးပွားရေးကို ထိခိုက်နစ်နာစေသည်ဟု အကြောင်းပြခဲ့ရာ ထိုအကြောင်းပြချက်သည် လုံလောက်သော အကြောင်းပြချက်ဟုတ်၊ မဟုတ်၊ ဟုတ်ပါက မည်သည့်အမှုမျိုးတွင် မည်သည့်ပြစ်ဒဏ်မျိုး ချမှတ်သင့်သည်ဆိုသော ပြဿနာကို စဉ်းစားသတ်မှတ်ပေးရန် ဤလျှောက်လွှာကို လက်ခံသင့်သည်ဟု နိုင်ငံတော်တရားရုံးချုပ်သို့ တင်ပြလာပါသည်။



ပြစ်ဒဏ်ချမှတ်ရာ၌ ပြစ်မှုကျူးလွန်သူအပေါ် ကလဲ့စားချေသည့်သဘောမဟုတ်ဘဲ ပညာပေးသည့်သဘောလည်း သက်ရောက်စေရမည်။ တစ်ဖက်တွင်လည်း ထိုပြစ်ဒဏ်သည် ပြစ်မှုကျူးလွန်သူကို ထပ်မံပြစ်မှုကျူးလွန်ခြင်းမှ နောင်ကြဉ်စေရန်နှင့် အလားတူ ပြစ်မှုကျူးလွန်ရန် ကြံရွယ်သူတို့ကို အဟန့်အတားဖြစ်စေသင့်သည်။ သို့မှသာ လုပ်သားပြည်သူတို့၏ အကျိုးကို စောင့်ရှောက်ရာရောက်မည်ဖြစ်ပြီး ရာဇဝတ်ပြစ်မှုကျူးလွန်ခြင်းမှ ကာကွယ်ရာရောက်မည်ဖြစ်သည်။ မည်သည့်ပြစ်မှုကျူးလွန်လျှင် မည်သည့်ပြစ်ဒဏ်မျိုး ချမှတ်ရမည်ဟု ပုံသေကားချသတ်မှတ်ထား၍ မရနိုင်ပေ။ အမှုတွင် ပေါ်ပေါက်လျက်ရှိသော အကြောင်းခြင်းရာ အချိန်အခါ အမှုအမျိုးအစားကိုလိုက်၍ အပြစ်ဒဏ်အနည်း၊ အများသတ်မှတ်ရကြောင်း တရားရုံးချုပ်က ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

ထို့ကြောင့်ပင်လည်း ရာဇဝတ်မှုများ၌ အပြစ်ဒဏ်ကို ပြဋ္ဌာန်းရာတွင် အနည်းငယ်မျှသော ပြစ်မှုများမှအပ အနည်းဆုံးချမှတ်ရမည့် အပြစ်ဒဏ်ကို သတ်မှတ်ထားလေ့မရှိဘဲ အများဆုံးပြစ်ဒဏ်ကိုသာ သတ်မှတ်ထားသည်ကို တွေ့မြင်နိုင်ပေသည်။ အကြောင်းမှာ တရားရုံးအနေဖြင့် အပြစ်ဒဏ်သတ်မှတ်ရာ၌ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အကြောင်းခြင်းရာ အချိန်အခါ အမှုအမျိုးအစားနှင့် အခြားအချက်အလက်များအပေါ်ညှိနှိုင်း၍ ချင့်ချင့်ချိန်ချိန် အဆုံးအဖြတ်ပြုနိုင်ရန်ဖြစ်သည်။ တစ်နည်းဆိုသော် ပြစ်ဒဏ်သတ်မှတ်သောကိစ္စမှာ တရားရုံး၏ ဆင်ခြင်တုံတရားလက်ကိုင်ထားကာ ဆုံးဖြတ်ရသောကိစ္စဖြစ်သည်။ ထိုသို့ ဆင်ခြင်တုံတရားလက်ကိုင်ထားကာ လိုလျှင်လိုသလို အတိုးအလျှော့ပြုလုပ်၍ သတ်မှတ်ရသည့်ကိစ္စတွင် တရားရုံးချုပ်အနေဖြင့် မူသေချမှတ်ထားပေးရန် မဖြစ်နိုင်ကြောင်း ဆင်ခြင်သုံးသပ်ခဲ့သည်။

အခွင့်ထူးအယူခံဝင်ရန် လျှောက်လွှာများနှင့် ပတ်သက်၍ **မောင်တင်ငွေနှင့် ပြည်ထောင်စုတရားရုံးချုပ် ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အထွေထွေလျှောက်လွှာအမှတ် (၅)** အမှုတွင် အောက်ပါအတိုင်း ကျွန်ုပ်တို့ မူချမှတ်ထားပြီးဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ-၆ အရ အယူခံဝင်ရန် အခွင့်ထူးလျှောက်ထားသည့် လျှောက်လွှာများကို ဤရုံးအနေဖြင့် အလွယ်တကူလက်ခံလေ့မရှိကြောင်း၊ ထိုလျှောက်လွှာမျိုးကို ဤရုံးမှလက်ခံစဉ်းစားရာ၌ သာမန်ရာဇဝတ်အယူခံရုံးအနေဖြင့် လက်ခံစဉ်းစားခြင်းမဟုတ်သည်ကို သတိချပ်ရန်လိုကြောင်း၊ လျှောက်လွှာပါကိစ္စသည် မကြာခဏတွေ့ကြုံတတ်သည့်အပြင် လုပ်သားပြည်သူများနှင့် သက်ဆိုင်သော အရေးကြီးသည့် ပြဿနာနှင့် အကျုံးဝင်နေသည်သာမက ထိုပြဿနာကို ဖြေရှင်းရာ၌ မှန်ကန်ခြင်းမရှိသဖြင့် တရားစီရင်ရေးမဏ္ဍိုင် ယိမ်းယိုင်သွားစေမည့် အစဉ်အလာတစ်ရပ်ဖြစ်ရန် အလားအလာရှိနေလျှင် လက်ခံရပေမည်။ ထို့ပြင် အောက်ရုံးအမိန့်သည် လုံးဝတရားမျှတမှုမရှိအောင် မှားယွင်းချွတ်ချော်တိမ်းစောင်းနေပါမူ ပုဒ်မ-၆ အရ အယူခံဝင်ရန် အခွင့်ထူးလျှောက်လွှာကို ခွင့်ပြုရမည်ဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့ပါသည်။

ယခုအမှုတွင် အောက်စောဒကရုံးအနေဖြင့် **အများဆုံး ထောင်ဒဏ်(၇)နှစ်ထိ အပြစ်ပေးနိုင်သည့် ပြစ်မှုနှင့်ပတ်သက်၍ ထောင်ဒဏ်တစ်ရက်မှ ထောင်ဒဏ်သုံးနှစ်သို့** တိုးမြှင့်ခဲ့သည်။ မည်သည့်အတွက် တိုးမြှင့်ရသည်ဟု အကျိုးအကြောင်း ဖော်ပြခဲ့သည်။ ထိုသို့ အပြစ်ဒဏ်တိုးမြှင့်ခဲ့သော စောဒကရုံး၏ အမိန့်မှာ လုံးဝတရားမျှတမှုမရှိအောင် မှားယွင်းချွတ်ချော်တိမ်းစောင်းနေသည့် အမိန့်ဖြစ်သည်ဟု ယူဆရန်အကြောင်းမရှိကြောင်း တရားရုံးချုပ်က ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

အပြစ်ဒဏ်သတ်မှတ်ခြင်းမှာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဆင်ခြင်တုံတရားကို လက်ကိုင်ထား၍ ချမှတ်သည့်အမိန့်ဖြစ်ရာ စောဒကရုံး၏အမိန့်သည် တရားစီရင်ရေးမဏ္ဍိုင် ယိမ်းယိုင်သွားစေမည့် အစဉ်အလာတစ်ရပ်ရပ်ဖြစ်ရန် အလားအလာရှိသည်ဟု မဆိုနိုင်ကြောင်း၊ လျှောက်ထားသူအပေါ်ချမှတ်သည့် စောဒကရုံး၏ အပြစ်ဒဏ်မှာ အနည်းငယ် ကြီးလေးကောင်း ကြီးလေးမည်ဖြစ်သော်လည်း ဤရုံးသည် သာမန်ရာဇဝတ်အယူခံရုံးအနေဖြင့် ကြားနာခြင်းမဟုတ်၍ အောက်ရုံး၏ အမိန့်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိသဖြင့် ဤအခွင့်ထူးအယူခံဝင်ရန်လျှောက်လွှာကို တရားရုံးချုပ်က ပလပ်လိုက်ပါသည်။ **မစ္စစ်ချဒရာမာယာနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အထွေထွေလျှောက်လွှာအမှတ် – (၂၀)** အမှုစီရင်ထုံးကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

# ကန့်ဘလူခရိုင်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၈၀၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ကန့်ဘလူ ဇူလိုင် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၈၀၃ ဧကထိ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကန့်ဘလူခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူခရိုင်တွင် ဟင်းသီးဟင်းရွက် ၂၄၇၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကန့်ဘလူမြို့နယ်တွင် ၁၆၇၈ ဧကနှင့် ကျွန်းလှမြို့နယ်တွင် ၁၂၅ ဧက စုစုပေါင်း ၁၈၀၃ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူခရိုင်မှာ ဟင်းသီးဟင်းရွက်ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၈၀၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို ခေတ်မီ ခေတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ကန့်ဘလူခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မာမာဝင်းက ပြောပြသည်။

ယခုနှစ် ကန့်ဘလူခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၁၉၆၃ ဧကနှင့် ကျွန်းလှမြို့နယ်တွင် ၅၁၂ ဧက စုစုပေါင်း ၂၄၇၅ ဧကတို့ဖြစ်ကြောင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲတတ်စေရေး၊ ဈေးကွက်ဝင် ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးကြစေရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်များကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူးဒေါ်မာမာဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၁၁၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၁၁၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၉၈၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၁၁၅ ကေ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ မြေပဲကေ ၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကော မြေပဲစိုက်ပျိုးမှုအနေနဲ့ကော တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်" ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ကေလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ကေ စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ချောင်းဦးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအတွင်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်၍ မြေပဲကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# မိုးကောင်းမြို့နယ် မင်းကုန်းကျေးရွာ၌ VDPစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိုးကောင်း ဇူလိုင် ၂၂**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် အုန်းဘောင်ကျေးရွာအုပ်စု မင်းကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးကောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်း၊ VDP စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ မင်းကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအရည်အသွေးပြည့်မီရေး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ မင်းကုန်းကျေးရွာ၌ စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာထည့်ဝင်ငွေကျပ် သုညဒသမ ၅ သန်းတို့ဖြင့် အရှည် ၁၆ ပေ၊ အကျယ် ၁၄ ပေနှင့် အမြင့် လေးပေရှိ အုတ်ခုံခံကွန်ကရစ်တံတား တည်ဆောက်ခြင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုနှင့်အတူ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်းခန့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း မိုးကောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းက ပြောပြ၍ သိရသည်။ **ချစ်ဦးကို**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးသလဲထိုးပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ငါးသလဲထိုးပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီသီဝင်းက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် မေလအတွင်းက ငါးသလဲထိုး ပိဿာချိန် ၅၀၀၀၀ ထိသာ ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးသလဲထိုးပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးသလဲထိုး တစ်ပိဿာလျှင် ငွေကျပ် ၂၁၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်းမအူပင်မြို့နယ်ကနေ ငါးသလဲထိုးပိဿာချိန် ၆၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ပါတယ်။ လက်ရှိလဲ ငါးသလဲထိုးတွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ ပိဿာချိန်အများအပြား တင်ပို့ရတော့ ရေလုပ်သားတွေအပါအဝင် ငါးအရောင်းအဝယ်နဲ့ ဆက်စပ်သူတွေ အဆင်ပြေနေပါတယ်'' ဟု မအူပင်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီသီဝင်းက ပြောပြသည်။



မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးသလဲထိုးများ တင်ပို့အား ကောင်းလာသည့်အတွက် ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ရေလုပ်သားများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဖြူးမြို့နယ် ကွာရီအနောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖြူး ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လိပ်သေကျေးရွာအုပ်စု ကွာရီအနောက်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့်ဝန်ထမ်းများက ကွာရီအနောက်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊အသင်းသူများနှင့် တွေ့ဆုံပြီး ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင်လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၆၅ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ကွာရီအနောက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၂၀ ဒသမ ၉၀ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦးကို ငွေကျပ် ၁၉ ဒသမ ၇၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၇ ဦးကို နဝမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၀ ဒသမ ၆၅ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က ပြောပြ၍ သိရသည်။

**ကိုညီ**

# ကြို့ပင်ကောက်မြို့နယ် ရေပြန်စိန်ကြီးရိုးကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ကြို့ပင်ကောက် ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေပြန်စိန်ကြီးရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်း ခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ရေပြန်စိန်ကြီးရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

အဆိုပါ ရေပြန်စိန်ကြီးရိုးကျေးရွာ၌ လမ်းအရှည်ပေ ၁၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းမြေနီကျောက်စရစ်လမ်း ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၉၁ ဒသမ ၈ သိန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လဒုတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# တရုတ်နိုင်ငံ၏ စက်ဘက်ဆိုင်ရာ သံခင်းတမန်ခင်းကို လေ့လာကြည့်ခြင်း

ဝင်းဇင်(သုတေသန)

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (PLA) သည် စွမ်းဆောင်ရည်ပြည့်ဝသော ကမ္ဘာ့တပ်မတော်တစ်ရပ်အဖြစ် ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်လျက်ရှိရာ တရုတ်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒရည်မှန်းချက်များကို အထောက်အကူပြုသောအားဖြင့် နိုင်ငံတကာစစ်ရေးဆိုင်ရာ ထိတွေ့ဆက်ဆံမှုများကို သိသိသာ တိုးမြှင့်လုပ်ဆောင်လာလျက်ရှိသည်။ တရုတ်နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် (NDU) သည် ၂၀၀၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း PLA ၏ စက်ဘက်သံခင်းတမန်ခင်း အလားအလာကို အဆင့်မြင့်အရာရှိကြီးများ၏ ခရီးစဉ်များ၊ စစ်ရေယာဉ်များသွားရောက်လည်ပတ်မှုနှင့် ပူးတွဲစစ်ရေးလေ့ကျင့်ခန်းလုပ်ဆောင်မှုများစသည့် အဓိကကျသောလှုပ်ရှားမှုသုံးခုတို့အပေါ် အခြေခံ၍ အလေးထားသုံးသပ်ခဲ့သည်။

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (PLA) သည် သမိုင်းကြောင်းအရ လှုပ်ရှားဆောင်ရွက်မှုများကို ပြည်တွင်း၌သာ အလေးထားလုပ်ဆောင်ခဲ့သည်။ ၁၉၇၈ ခုနှစ်အလွန်ကာလတွင် တရုတ်နိုင်ငံ၏ တံခါးဖွင့်ဝါဒကျင့်သုံးပြီး နောက်ပိုင်း၌ PLA သည် ပြည်ပထိတွေ့ဆက်ဆံမှုများကို အကန့်အသတ်ဖြင့်သာ လုပ်ဆောင်ခဲ့သည်။ သို့သော် လက်ရှိအချိန်တွင် စစ်ဘက်ဆိုင်ရာ သံခင်းတမန်ခင်းသည် တရုတ်နိုင်ငံရေးပရိယာယ်၏ အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ စစ်ဘက်ဆိုင်ရာ သံခင်းတမန်ခင်းသည် နိုင်ငံတကာဝန်းကျင်တွင် ပေကျင်းကိုမျက်နှာသာပေးရန် ပုံဖော်တည်ဆောက်ခြင်း၊ အနာဂတ်တွင်ပြည်ပသို့ ထိုးဖောက်ရေးအတွက် ခိုင်မာသော အုတ်မြစ်များချခြင်း၊ ထောက်လှမ်းရေးသတင်းအချက်အလက်စုဆောင်းခြင်းနှင့် ပြည်ပတပ်ဖွဲ့များထံမှ တာဝန်ထမ်းဆောင်မှုနှင့်စပ်လျဉ်း၍ လေ့လာခြင်းများလုပ်ဆောင်ကာ မဟာဗျူဟာမြောက်နှင့်စစ်ဆင်ရေးဆိုင်ရာ ရည်မှန်းချက်နှစ်မျိုးစလုံးကို ထမ်းဆောင်သွားမည်ဖြစ်သည်။

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (PLA) ၏ စစ်ရေးဆိုင်ရာထိတွေ့ဆက်ဆံမှုများသည် ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း တဖြည်းဖြည်း တိုးတက်လာခဲ့ရာ ၂၀၀၉ ခုနှစ်မှ ၂၀၁၉ ခုနှစ် အတွင်း၌ အထွတ်အထိပ်သို့ရောက်ရှိခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် သိသိသာသာကျဆင်းသွားခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် PLA သည် စက်ဘက်ဆိုင်ရာ သံခင်းတမန်ခင်းဆက်ဆံရေးကို ၂၀၁၉ ခုနှစ်တွင် ဆောင်ရွက်ခဲ့မှု၏ ၂၆ ရာခိုင်နှုန်းခန့်သာလုပ်ဆောင်နိုင်သည်။

၂၀၀၉ ခုနှစ်တွင် သိသာထင်ရှားသောလှုပ်ရှားမှုများတွင် ပြည်ပဆိပ်ကမ်းများသို့ သွားရောက်လည်ပတ်ခြင်း၊ ပူးတွဲစစ်ရေးလေ့ကျင့်ခန်းများလုပ်ဆောင်ခြင်းနှင့်သွားရောက်လည်ပတ်မှုများသည် အဆင့်မြင့်အရာရှိကြီးများ ထိတွေ့ဆက်ဆံမှုအများဆုံးဖြစ်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း အပြန်အလှန်ထိတွေ့ဆက်မှုများ မြင့်တက်ခဲ့သော်လည်း ၂၀၁၆ ခုနှစ်တွင် တရုတ်သမ္မတရှီကျင့်ဖျင်၏ စစ်ဘက်ပြုပြင်ပြောင်းလဲမှုများကြောင့် ထိတွေ့ဆက်ဆံမှုပြန်လည်ကျဆင်းသွားခဲ့သည်။ ၎င်းပြုပြင်ပြောင်းလဲမှုသည် ပြည်ပနှင့် ထိတွေ့ဆက်ဆံသည်ထက် ပြည်တွင်း၌ပင် ခေတ်မီအဆင့်မြှင့်တင်မှုလုပ်ဆောင်ခြင်းကို ဦးစားပေးထားသည်။

တရုတ်နိုင်ငံ၏စစ်ဘက်ဆိုင်ရာ သံခင်းတမန်ခင်းသည် အာရှဒေသကို ဆက်လက်အာရုံစိုက်လျက်ရှိသောကြောင့် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (PLA) ၏ ဒေသတွင်းဦးစားပေးမှုများကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ ၂၀၀၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်ကြား ထိတွေ့ဆက်ဆံမှုအားလုံး၏ ၄၀ ရာခိုင်နှုန်းသည် အာရှကိုပစ်မှတ်ထားခဲ့သည်။ အရှေ့တောင်အာရှတစ်ခုတည်း၌ပင်လျှင် ကမ္ဘာလုံးဆိုင်ရာ ထိတွေ့မှု၏ ၂၀ ရာခိုင်နှုန်းရှိပြီး တောင်အာရှဒေသသည် ၁၀ ရာခိုင်နှုန်းရှိသည်။ တရုတ် - အမေရိကန် မဟာဗျူဟာမြောက်ယှဉ်ပြိုင်မှု မြင့်တက်လာသည့်အချိန်တွင် အရှေ့တောင်အာရှသည် လှုပ်ရှားတက်ကြွလာသော နေရာဖြစ်လာခဲ့သည်။

အထူးသဖြင့် ဗီယက်နမ်၊ မလေးရှား၊ ဖိလစ်ပိုင်နှင့်တောင်ကိုရီးယားအပါအဝင် အရှေ့တောင်အာရှနိုင်ငံများအနေဖြင့်တရုတ်နှင့် ပင်လယ်ရေကြောင်းဆိုင်ရာ အငြင်းပွားမှုများနှင့်မဟာဗျူဟာမြောက်ပွတ်တိုက်မှုများရှိနေသည့်တိုင်အောင် PLA နှင့်ပြုလုပ်သော စစ်ရေးလေ့ကျင့်ခန်းများတွင် ပါဝင်လုပ်ဆောင်လျက်ရှိသည်။ အဆိုပါနိုင်ငံများသည် အခြားတစ်ဖက်တွင်လည်း အမေရိကန်နှင့်ကာကွယ်ရေးဆိုင်ရာ ချစ်ကြည်ရင်းနှီးမှုအုတ်မြစ်ကို ထိန်းသိမ်းထားလျက်ရှိသည်။

နိုင်ငံပေါင်းစုံဖိုရမ်များတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) ၏ တိုးမြှင့်ရပ်တည်လာမှုသည် နှစ်နိုင်ငံထိတွေ့ဆက်ဆံမှုအတွက် ကာလရှည်ကြာ ဦးစားပေးလုပ်ဆောင်နေခြင်းမှ ဖယ်ခွာလာမှုကို ထင်ဟပ်စေလျက်ရှိသည်။ သမိုင်းကြောင်းဆိုင်ရာ စိုးရိမ်ပူပန်မှုများကြောင့် အစပိုင်းတွင် နိုင်ငံပေါင်းစုံအခင်းအကျင်းကို သတိထားဆောင်ရွက်ခဲ့သော တရုတ်နိုင်ငံသည် လက်ရှိအချိန်တွင် အဆိုပါအခင်းအကျင်းများတွင် ပါဝင်ဆောင်လျက်ရှိသည့်အပြင် အိမ်ရှင်အဖြစ်ပင်လက်ခံကျင်းပလျက်ရှိသည်။ PLA သည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO) အစည်းအဝေးများ၊ ရှန်ဂရီလာဒိုင်ယာလော့ခ်နှင့် အာဆီယံဦးဆောင်သော ဖိုရမ်များအပါအဝင်နိုင်ငံပေါင်းစုံပါဝင်သော ကာကွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲခြောက်ကြိမ်ကို လက်ခံကျင်းပလျက်ရှိသဖြင့် ကိုယ်ပိုင်ပုံစံဖြင့် ဒေသတွင်းလုံခြုံရေးဆွေးနွေးမှုကိုပုံဖော်ရန် တရုတ်၏တိုးတက်လာသော ယုံကြည်မှုနှင့်ဆန္ဒတို့ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ နိုင်ငံပေါင်းစုံပါဝင်သော ဖိုရမ်များသည် တရုတ်နိုင်ငံအားလွှမ်းမိုးမှုကို ထိရောက်စွာ ပိုမိုလုပ်ဆောင်လာနိုင်ရန်၊ မဟာဗျူဟာမြောက်မျှော်မှန်းချက်များမြှင့်တင်နိုင်ရန်နှင့် ဒေသတွင်းလုံခြုံရေးဗိသုကာပုံစံများတွင် ၎င်း၏အခန်းကဏ္ဍတရားဝင်ဖြစ်လာစေရန် အထောက်အကူပြုစေမည်ဖြစ်သည်။



အဆင့်မြှင့်တင်ထားသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)၏ စစ်လက်နက်များကို တွေ့ရစဉ်။

အဆင့်မြင့်အရာရှိများ၏ ချစ်ကြည်ရေးခရီးစဉ်များသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) စစ်ဘက်ဆိုင်ရာ သံခင်းတမန်ခင်းတွင် တွေ့နေမြင်နေကျပုံစံအဖြစ် ဆက်လက်တည်ရှိနေသည်။ တရုတ်နိုင်ငံသည် နိုင်ငံတကာတွင် အရေးပါလာလျက်ရှိသောကြောင့် ပြည်ပစစ်ဘက်များသည် အပြန်အလှန် အလည်အပတ်ခရီးစဉ်များအဖြစ် တရုတ်နိုင်ငံသို့ အဆင့်မြင့်ကိုယ်စားလှယ်များစေလွှတ်လျက်ရှိသည်။ ၂၀၀၃ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်အတွင်း ပြည်ပသို့သွားရောက်လည်ပတ်မှုနှင့် ပြည်တွင်းသို့လာရောက်လည်ပတ်မှုများကို ဟန်ချက်ထိန်းညှိလုပ်ဆောင်ခဲ့သည်။ သို့သော် ၂၀၀၉ ခုနှစ်နောက်ပိုင်းတွင်တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (PLA) သည် ပြည်ပခရီးစဉ်များထက် ပြည်ပဧည့်သည်များကို ပိုမိုလက်ခံလာသောကြောင့် တရုတ်နိုင်ငံ၏ပုံစံဖြင့် တခြားသောစစ်တပ်များနှင့် ပိုမိုထိတွေ့ဆက်ဆံလိုသော ဆန္ဒကိုထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

မကြာသေးခင်နှစ်များအတွင်ကပင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) သည် လုံခြုံရေးနှင့် သံခင်းတမန်ခင်းလမ်းကြောင်းတို့တွင် ထိတွေ့ဆက်ဆံမှု ပိုမိုခိုင်မာအားကောင်းလာစေရန် ကာကွယ်ရေးနှင့်နိုင်ငံခြားရေးတာဝန်ရှိသူများ ပါဝင်သော အမေရိကန်ပုံစံ (2 + 2) အစည်းအဝေးများကို တောင်ကိုရီးယား၊ အင်ဒိုနီးရှားနှင့် မလေးရှားကဲ့သို့သော မိတ်ဖက်နိုင်ငံများ လုပ်ဆောင်လာခဲ့သည်။

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (PLA) ၏ စစ်ဘက်ဆိုင်ရာ သံခင်းတမန်ခင်း၏ ဒုတိယမြောက်အရေးပါသောနယ်ပယ်သည် ပြည်ပနိုင်ငံများ၏ ဆိပ်ကမ်းများသို့ သွားရောက်ဆိုက်ကပ်လည်ပတ်မှုပင်ဖြစ်သည်။ အဆိုပါ ခရီးစဉ်များသည် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (PLA) ရေတပ်၏ တိုးချဲ့သွားလာနိုင်မှုကို ထင်ဟပ်စေလျက်ရှိသည်။ ၂၀၀၈ ခုနှစ်နှောင်းပိုင်းမှစ၍ ပုံမှန်သွားရောက်လည်ပတ်မှုများလုပ်ဆောင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် အကြိမ် ၅၀ ထိရှိလာခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် ဂျီဘူတီနိုင်ငံ၌ တရုတ်နိုင်ငံ၏ ပြည်ပစစ်အခြေစိုက်စခန်းထူထောင်နိုင်ခဲ့ခြင်းသည် ပြည်ပဆိပ်ကမ်းများ၌ ဆိုက်ကပ်၍ လောင်စာဆီဖြည့်တင်းရသည့် လုပ်ငန်းစဉ်များ လျှော့ချနိုင်ခဲ့သည်။

စစ်ရေးလေ့ကျင့်ခန်းများသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) ၏ သံခင်းတမန်ခင်းတွင် တတိယမြောက်ဒေါက်တိုင်အဖြစ် ပါဝင်လျက်ရှိသောကြောင့် ပြည်ပတပ်မတော်များထံမှ လေ့လာသင်ယူရန် အတွေ့အကြုံများနှင့်အခွင့်အလမ်းများရရှိစေသည်။ တရုတ်နိုင်ငံသည် နိုင်ငံပေါင်းစုံစစ်ရေးလေ့ကျင့်ခန်းများတွင် ပါဝင်လေ့ကျင့်လျက်ရှိသော်လည်းအများစုသည် နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်ခန်းများဖြစ်သည်။ ထူးခြားထင်ရှားသည့်စစ်ရေးလေ့ကျင့်ခန်းများတွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ငြိမ်းချမ်းမှု ထိန်းသိမ်းရေးလေ့ကျင့်ခန်းများ၊ ပါကစ္စတန်၏ Aman ရေတပ်စစ်ရေးလေ့ကျင့်ခန်းများ၊ အမေရိကန် ဦးဆောင်သော RIMPAC စစ်ရေးလေ့ကျင့်ခန်းများဖြစ်သည်။ အဆိုပါ စစ်ရေးလေ့ကျင့်ခန်းများသည် သမားရိုးကျမဟုတ်သော လုံခြုံရေးကိစ္စများကို အလေးထားလုပ်ဆောင်သောကြောင့် ကမ္ဘာလုံးဆိုင်ရာ စင်မြင့်တွင် တရုတ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် တာဝန်ယူမှုပုံရိပ်တို့ကို ထင်ဟပ်စေလျက်ရှိသည်။ အထူးသဖြင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) သည် စစ်ရေးလေ့ကျင့်ခန်း ၅၀ ရာခိုင်နှုန်းကျော်ခန့်ကို အာရှမိတ်ဖက်နိုင်ငံများနှင့် လုပ်ဆောင်လျက်ရှိသည်။

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (PLA) လုပ်ဆောင်ခဲ့သည့် ထူးခြားထင်ရှားသော စစ်ရေးလေ့ကျင့်ခန်းများသည် လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးအပ်ခြင်း၊ ဘေးအန္တရာယ်ကယ်ဆယ်ခြင်း၊ ငြိမ်းချမ်းမှုထိန်းသိမ်းခြင်းနှင့်တိုက်ပွဲမဟုတ်သည့်နေရာများတွင် ကယ်ဆယ်ခြင်းအပါအဝင် စစ်ပွဲမဟုတ်သော စစ်ဘက်ဆိုင်ရာ တာဝန်များထမ်းဆောင်ခြင်း (MOOTW) များကို အလေးထားလုပ်ဆောင်ခဲ့သည်။ MOOTW သည် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (PLA) လုပ်ဆောင်ခဲ့သော စစ်ရေးလေ့ကျင့်ခန်းများ၏ ၄၃ ရာခိုင်နှုန်းခန့်ရှိသည်။

တရုတ်နိုင်ငံနှင့် စစ်ရေးလေ့ကျင့်ခန်းအများဆုံးလုပ်ဆောင်ခဲ့သည့်မိတ်ဖက်နိုင်ငံသည် ရုရှားနိုင်ငံဖြစ်ပြီး တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (PLA) နှင့် တိုက်ပွဲဝင်အထောက်အကူပြုစစ်ရေးလေ့ကျင့်ခန်း ၂၇ ရာခိုင်နှုန်းကျော် လုပ်ဆောင် နိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ်မှစ၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြင့်တက်လာခဲ့ရာ Vostok 2018 နှင့် ပင်လယ်ပြင်ပူးတွဲစစ်ရေးလေ့ကျင့်ခန်းများသည် အပြန်အလှန်ချိတ်ဆက်မှုနှင့်မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုတို့ကို ထင်ဟပ်စေလျက်ရှိသည်။ ရုရှားနိုင်ငံသည်တရုတ်တပ်ဖွဲ့ဝင်များကို ယူကရိန်းပဋိပက္ခအတွေ့အကြုံများကိုလည်း မျှဝေပေးလျက်ရှိသည်။

တရုတ်နိုင်ငံသည် ၎င်း၏မဟာဗျူဟာမြောက်ဦးတည်ချက်များအတွက် စစ်ဘက်သံခင်းတမန်ခင်းကို မောင်းနှင်အားတရပ်အဖြစ်အသုံးပြုလျက် ဒေသတွင်းလုံခြုံရေး၊ နိုင်ငံရေးရည်မှန်းချက်တို့ကို ပုံဖော်တည်ဆောက်ပြီး ရေရှည်တာဝန်ထမ်းဆောင်ရာတွင် အကျိုးဖြစ်ထွန်းစေမည့်ဆက်ဆံရေးကို တည်ဆောက်လျက်ရှိသည်။ သို့သော် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (PLA) အနေဖြင့် သံခင်းတမန်ခင်းတိုးချဲ့ဆောင်ရွက်ရာ၌ စွန့်စားရနိုင်ခြေများကို စီမံခန့်ခွဲခြင်း၊ အထိအခိုက်မခံသည့် နည်းပညာများလွှဲပြောင်းပေးမှုများကို တားဆီးခြင်းတို့အပြင် မိတ်ဖက်နိုင်ငံများ၏ စွမ်းဆောင်ရည်တည်ဆောက်ရာတွင် အမေရိကန်နိုင်ငံက အမြတ်ထုတ်အသုံးချလာနိုင်မှုများကိုလည်း ကြိုတင်စဉ်းစားတွက်ချက်ဆောင်ရွက်သွားရန် လိုအပ်ပေသည်။

**ကိုးကား**

**– China's Military Diplomacy in the New Era. By The Diplomatic.**

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

ဆေးပညာဘွဲ့ရဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး) ဗိုလ်လောင်းလျှောက်လွှာများအား ၂၆-၆-၂၀၂၅ ရက်နေ့မှ စ၍ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေး လျက်ရှိရာ **၃၁-၇-၂၀၂၅ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့်** လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက် ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်း လျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များ သို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေး နှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်

ဗလ ငါးတန် ဖွံ့ဖြိုးဖို့ စာအုပ် စာပေ ဖတ်ကြစို့

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



စာအုပ် စာပေ လူ့မိတ်ဆွေ


# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးမြစ်ချင်း ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



ကျိုက်လတ် ဇူလိုင် ၂၂

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် ဖွန်လအတွင်း ငါးမြစ်ချင်းပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် မေလအတွင်းက ငါးမြစ်ချင်းပိဿာချိန် ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖွန်လအတွင်း ငါးမြစ်ချင်းပိဿာချိန် ၆၆၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချသည့် ငါးမြစ်ချင်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ် ကနေ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်တွေတင်ပို့အားကောင်းနေပါတယ်။ ပြီးခဲ့တဲ့ဖွန်လအတွင်းမှာ ငါးမြစ်ချင်းပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိဇူလိုင်လထဲမှာလဲ ရန်ကုန်ဈေးကွက်က ဝယ်ယူအား ကောင်းနေပါတယ်။ ကျိုက်လတ်မြို့နယ်က ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေက ငါးမြစ်ချင်းတွေ အပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာပါ"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် ရေထွက်ကုန်ပစ္စည်းများကို ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ အများဆုံးတင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးမြစ်ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၁၅၅၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် ပုလဲကုန်းကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

စလင်း ဇူလိုင် ၂၂

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်ရင်းကုန်းကျေးရွာအုပ်စု ပုလဲကုန်းကျေးရွာ၌ ကျေးရွာမတည်စီမံကိန်း ရန်ပုံငွေ (VRFP) ဖြင့်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၁ ရက်နံနက်ပိုင်းတွင် ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင်စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ကျေးရွာမတည်စီမံကိန်း ကော်မတီဝင်များနှင့်အတူ စီမံရန်ပုံငွေဖြင့် စိုက်ပျိုးရေးမွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများ၊ လစဉ်ပြန်သွင်းရမည့်စာရင်းဇယားများမှန်ကန်မှုရှိမရှိ၊ လမ်းညွှန်မှုကြားချက်များ အပေါ်လိုက်နာဆောင်ရွက်မှု အခြေအနေများကိုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။

အဆိုပါ ပုလဲကုန်းကျေးရွာတွင် ကျေးရွာမတည်စီမံကိန်းရန်ပုံငွေ (VRFP) ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့်စတင်ဆောင်ရွက်ခဲ့ပြီး ယခုစာရင်းနှစ်စက်ဝန်းတွင် စိုက်ပျိုးရေး၊မွေးမြူရေး၊အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သော အသင်းသား အသင်းသူဦးရေ ၁၂၀ အတွက် ငွေကျပ် ၃၂ ဒသမ ၇ သန်း ထုတ်ချေးပေးထားပြီး မိသားစုဝင်ငွေ တစ်ဖက်တစ်လမ်းမှပိုမိုတိုးပွားလာစေရန် ငွေကြေးသာမက အခြားလိုအပ်သော အကူအညီများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ကာဆောင်ရွက်ပေးလျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းစိုး**

အင်္ဂလန်နိုင်ငံ International Brewing Awards၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

# ‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇



သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....

# ရွှေဖီဦး

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး

ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

Black Tea



Tea Mix

Lemon Tea



ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၉ ၃၀၈၆၀၆၅၅၊ ၀၉ ၄၂၀၂၀၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇


# ဗုဒ္ဓရောင်ဝါနေသို့လင်းပြီး အရှည်တည်တံ့ပါစေသော်

ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ(အဘိဓဇမဟာရဋ္ဌဂုရု)ဦးဆောင်သော ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းသည် တောင်တန်းနှင့် ကမ်းရိုးတန်းဒေသရှိ ကျောင်းပေါင်း ၁၂၆၃ ကျောင်း(ချင်းပြည်နယ် တောင်ပိုင်း + မြောက်ပိုင်း + ရှမ်းပြည်နယ် မြောက်ပိုင်း ၅၁၇ ကျောင်းမပါ)အား မြန်မာတစ်နိုင်ငံလုံးမှ စေတနာသဒ္ဓါစိတ် ဖြင့် အလှူရှင်များကိုယ်စား ၂၂ နှစ်ကျော် လှူဒါန်းခဲ့ကြပါသည်။ ယခုအခါ ၁၃၈၇ ခုနှစ်၊ ဝါဆိုကြမည့် သံဃာတော်အရှင်သူမြတ်တို့အား ကျောင်းအလိုက် ဝါဆိုသင်္ကန်း နှင့် ဝါဆိုဆွမ်းဆန်များ လောင်းလှူကြမည်ဖြစ်ပါသည်။

(က) ဝါဆိုကြမည့် သံဃာတော်များ ဝါဆိုသင်္ကန်းတစ်ထည် ၃၀၀၀၀ (ကျပ်သုံးသောင်းတိတိ)

( ခ ) ဝါတွင်း ၃ လအတွက် ချက်၊ ပြုတ် ဆွမ်းဘုဉ်းပေးရန် ဆန် ၂၄ ပြည် တစ်အိတ် ၁၀၀၀၀၀ (ကျပ်တစ်သိန်းတိတိ)

လှူဒါန်းရန်ဌာန - ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခအဘိဓဇမဟာရဋ္ဌဂုရု၊ ဦးလှဝင်း ဥက္ကဋ္ဌ၊ ၆၂ လမ်း၊ ၃၂ x ၃၃ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၆၆၀၈၅၀၃၉၉၊ ၀၉-၄၄၂၀၇၄၄၆၆

## အမည်မှန်

စစ်ကိုင်းမြို့၊ KTN ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးအေးဝင်း၏သမီး မခိုင်ငြိမ်းသန့်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မခိုင်ညိမ်းသန့် ဖြစ်ပါကြောင်း။

မခိုင်ညိမ်းသန့်

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အထက(၈) Grade-10 တွင် ပညာသင်ကြားနေသော မောင်ချမ်းငြိမ်းကျော်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမျိုးဌေးဝင်းဖြစ်ပါကြောင်း။

ဦးမျိုးဌေးဝင်း(၉/မရတ(နိုင်)၁၁၂၄၃၄)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အထက(၈)၊ Grade-4(C) တွင် ပညာသင်ကြားနေသော မချေမ်းမြေ့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစန်းနိုင်ဝင်းဖြစ်ပါကြောင်း။

ဦးစန်းနိုင်ဝင်း(၉/အမဇ(နိုင်)၀၂၇၆၁၁)

## အဖိုးတန်ရေချိုကို ချွေတာပါ

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဧယျဒွာနိလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊

Email Address - accm@accm.gov.mm၊

Website Address - http://www.accm.gov.mm

❖ **မိမိတို့နိုင်ငံသည် အခြေခံအားဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားလုပ်ဆောင်...**

❖ **မိမိတို့နိုင်ငံသည် သဘာဝမှ ပေးထားသည့် ရာသီဥတုနှင့် မြေအနေအထား၊ တည်နေရာအနေအထားအရ စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ ကောင်းစွာဖြစ်ထွန်းနိုင်သည့် နိုင်ငံဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး(၁/၂၀၂၅)တွင် ပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## အင်းစိန်မြို့နယ်တွင် ငွေကျပ် ၄၈ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများကို ပင်လယ်ရေကြောင်းအသုံးပြုသယ်ဆောင်ရောင်းဝယ်သည့် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ဖော်ထုတ်ဖမ်းဆီးရမိ




စိတ်ပြောင်းဆေးဝါးများအား မလေးရှားရေပိုင်နက်သို့ ပို့ဆောင်မည့် ပြစ်မှုကျူးလွန်သူ ကြည်ဖြူ(ခ)ကျော်ဝင်းဌေး၊ ဇော်မင်းနိုင်၊ သိန်းသန်းဌေး(ခ)ဇော်ဇော်အောင်(ခ)ငဌေး၊ ကျော်စွာမင်း(ခ)မင်းမင်းနှင့် မျိုးထွန်း(ခ)ကိုထွန်းတို့ကို ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇူလိုင် ၂၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၂ ရက် ည ၆ နာရီခွဲတွင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက်ရှိ သိန်းဝင်းထွန်းနှင့် ထွန်းထွန်းလင်း(ခ)ကိုထွန်းတို့ ငှားရမ်းထားသည့် နေအိမ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ ဇော်ဇော်လွင်အား အိုက်စ်(မက်သ်အဖက်တမင်း) ၁၈၇၅ ကီလို (ငွေးဒေသတန်ဖိုးငွေကျပ် ၄၆ ဒသမ ၈၇၅ ဘီလီယံ)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ သိန်း (ငွေးဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၆ ဘီလီယံ)နှင့် TOYOTA DYNA မော်တော်ယာဉ် တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိစိတ်ပြောင်းဆေးဝါးများကို လွှဲပြောင်းပေးအပ်ခဲ့သူ နေမျိုးကျော်အား ည ၇ နာရီတွင် လှိုင်မြို့နယ် (၁၆)ရပ်ကွက်

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

**နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA အဖွဲ့ဝင် ၁၉ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်**

စာမျက်နှာ- ၂၁

## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်းတို့ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇူလိုင် ၂၂**

ယနေ့ညနေ ၄ နာရီခွဲအချိန်တိုင်းထွာချက်အရ ဗီယက်နမ်နိုင်ငံ ကုန်းတွင်းပိုင်းဒေသများကို ဖြတ်ကျော်လျက်ရှိသော အပူပိုင်းမုန်တိုင်း “ဝီဖာ” (WIPHA)မုန်တိုင်းမှ ပြတ်ထွက်လာသော တိမ်တိုက်များနှင့် အကြွင်းအကျန်တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဇူလိုင် ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ

စာမျက်နှာ ၂၂ ကော်လံ ၁ ❑

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်၏ ဇူလိုင် ၂၂ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဇူလိုင် ၂၃ ရက်မှ ၂၄ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ

